# လမ်းပြ
# ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။
# ၆၂ - ၁၀၁၄ အီး။

1 ၁။ ကိုယ်တော်ရှင် ကောင်းချီးပေးပါစေ။ ဘရာသာနက်ဗီးလ်

ဘုရားကျောင်းထဲပြန်လည်ရောက်လာသဖြင့် အလွန်ပျော်ရွှင် ဝမ်းမြောက်မိပါသည်။ အနည်းငယ်တော့ ကြမ်းတမ်းပါသည်။ယနေ့မနက် တရားဟောချက်မှာ ရှည်လျားပါသည်။ ဒီနေရာမှာရှိသည့်အတွက်လည်း ပျော်ရွှင်မိပါသည်။ သို့သော် ကိုယ် တိုင်လည်း ပျော်ပါ သည်။ ခင်ဗျားတို့လည်းကြားရသဖြင့် နှစ်သက်ကြပါမည်။ (ပရိတ်သတ်က "အာမင်"ဟု ဆိုပါသည်။ -အယ်ဒီတာ)

2 ၂။ ယခု မမေ့ပါနှင့်။ အမြဲတမ်း ဤအရာကို သတိရပါ။ခရစ်တော်တည်းဟူသော အစေခံကျွန်ကို တည်ဆောက်မည့်အ ရာများပင် ဖြစ်ပါသည်။ ယုံကြည်ခြင်းသည်ပထမဖြစ်၍ နောက်မှ အပြစ်ကင်းစင်ခြင်း ဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်က ဤအရာများဝိညာဉ်တော်၌ လုပ်ဆောင်ခြင်း မဖြစ်ဘဲနှင့် ဘုရားသခင်က မတည်ဆောက်နိုင်ပါ။ သင်ဘာ ဘဲလုပ်လုပ်ကြည့်ပါ။ ထိုအရာများမှာ ခရစ်တော်၏ ခန္ဓာကိုယ်ကို တည်ဆောက်သောအရာများ ဖြစ်ပါသည်။ ထိုအရာများကိုကြည့်ပါ။ မမေ့ပါနှင့်။ ဤနေရာမှာ ပထမဖြစ်၍သင်၏ ယုံကြည်ခြင်းပင် ဖြစ်ပါသည်။ အပြစ်ကင်းစင်ခြင်းအသိပညာစသည် ဖြင့် ဖြစ်ပါသည်။ ထပ်မံ၍ ပေါင်းထည့်ရပါမည်။ ခရစ်တော်၏ ပြည့်စုံသောအနေအထားကိုဖေါ်ပြသည့်တိုင် အောင် ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာ၍ ခန္ဓာကိုယ် တစ်ခုတည်းအဖြစ်တံဆိပ်ခတ်လိုက်ပါသည်။ ဤအရာ များမှာ ဖြစ်ကိုဖြစ်ရပါမည်။ ထို့ကြောင့် သခင်ယေရှု မိန့်တော်မူသည်မှာ"သူတို့၏ အသီးအားဖြင့် သူတို့ကို သိရကြမည်။" အသီးကိုကြည့်ပါ။ သင်တို့သည် သင်တို့အထဲမှာထိုအရာများကို သိခြင်းအားဖြင့် သင်အသီးသီးနိုင်မည် မဟုတ်ပါ။ လောက အရာများ၏ နေရာကိုယူလိုက်ခြင်းအားဖြင့် ဘုရားတရားမဲ့ခြင်းကို နေရာယူလိုက်ခြင်းအားဖြင့် စသည်ဖြင့် ဖြစ်ပါသည်။ မယုံကြည်ခြင်း အားလုံးကို မောင်းထုတ်လိုက်ပါကလောကအရာများအားလုံး ပျောက်ကွယ်သွားပါမည်။ ဘာမှ မရှိတော့ဘဲ ခရစ်တော်၌ အသစ်ပြုပြင်သောသတ္တဝါဖြစ်လာပါမည်။ (ဖေက်၄း၃၀)တွင် "ရွေးနှုတ်ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသောဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။" ဘုရားသခင်၏ နိုင်ငံတော်ထဲသို့တံဆိပ်ခတ်ခြင်း ခံရပါသည်။ သို့သော် မမေ့ပါနှင့်။စိတ်နှလုံးထဲတွင် မှတ်သားထားပါ။ ဤအရာများကို ပထမဆုံး မှတ်ယူ လိုက်ပါ။ ၎င်းနောက် တံဆိပ်ခတ်ခြင်းမှာသန့်ရှင်းသော ဝိညာဉ်တော်ပင် ဖြစ်ပါသည်။ ကိုယ်ခန္ဓာထဲသို့တံဆိပ်ခတ်ပြီးသော ဦးခေါင်းပေါ်တွင်ဆောင်းသောအရာ ဖြစ်ပါသည်။ ကောင်းပါပြီ။

3 ၃။ ယခုအခါမှာ ကျွန်တော်တို့ချီကာဂို၏ ညီမငယ်ထံမှတောင်းခံမှု ရရှိပါသည်။ သူမ၏ခင်ပွန်းမှာ ကားနှင့်ထိခိုက် ဒါဏ်ရာရပြီး သေလုမျောပါး လဲလျောင်းနေခဲ့ရပါသည်။ညီမငယ် အီဒစ်ရိုက်ကို ကျွန်တော်တို့သိခဲ့သည်မှာ ကြာပါပြီ။ သူမသည် ကျွန်တော်တို့သိခဲ့သည်မှာ ကြာပြီဖြစ်၍ သူမမှာ အလွန်အလွန်ပင် ဆိုးပါသည်။ ယနေ့ည အိမ်မှာရှိပါသည်။ အသင်းတော်မှာကြေငြာရန် ဖြစ်ပါသည်။ သို့မှသာ အားလုံးဝိုင်း၍ ဆုတောင်းပေးနိုင်ပါမည်။ယခု ကျွန်တော်တို့ခေါင်းငုံ့၍သာ ဆုတောင်းကြပါစို့။

4 ၄။ ကျွန်ုပ်တို့၏ တန်ဖိုးရှိလှသော ကောင်းကင်ဘုံရှင်အဖဘုရားသခင်၊ ကျွန်တော်တို့အားလုံးစုဝေး၍ (ယုံကြည်ခြင်း ဖြင့်) ဘုရားသခင်၏ ပလ္လင်တော်ကိုဝိုင်းရံထားပါသည်။ ဘုရားသခင်၏ ဂရုဏာတော်အတွက် ဤတောင်းခံမှုများ ပြုလုပ်ကြ ပါသည်။ ဘရာသာလီတဲလ်မှာကားတိုက်မှုကြောင့် သေလုမြောပါးဖြစ်နေပါသည်။ ဘုရားသခင် သူ့ကိုကူညီ စောင်မတော် မူပါ။သန့်ရှင်းသော ဝိညာဉ်တော်က သူ့ကုတင်နားမှာရှိပြီး ကျွန်ုပ်တို့ထံသို့ပြန်လည်ပို့ဆောင်တော်မူပါကိုယ်တော်၊ အီဒစ်ရိုက်ကလေးကိုလည်း ဆုတောင်းပေးပါတယ်။ ဘုရားသခင်၊ သန့်ရှင်းသောဝိညာဉ်တော်ကသူမ၏ကုတင်နံဘေးမှာ ယနေ့ည ရှိတော်မူပါစေ။ ကျန်မာရေး ပြန်လည် ကောင်းမွန်ပါစေ။ ချပေးမစတော်မူပါအဖ၊ကိုယ်တော်က ဤအရာများကို ချပေးတော်မူပါအဖ၊ ကိုယ်တော်ရှင်က ဤအရာများကို ဂတိတော်အတိုင်းချပေးတော်မူ၍ သူတို့ကို ကျွန်တော်တို့ယုံကြည်ပါ သည်။ ယနေ့မနက် ကျွန်တော်တို့ စဉ်းစားသည်နှင့်အမျှဤအကွာအဝေးမှာ ကိုယ်တော်အတွက် ဘာအဓိပ္ပါယ်မှ မရှိပါ။ ကိုယ်တော်သည် ကမ္ဘာ၏ တစ်စိတ်တစ်ဒေသကဲ့သို့လည်းဖြစ်ပါသည်။ ကိုယ်တော်သည် နေရာတိုင်းမှာ ရှိသောကြောင့် ဖြစ်ပါသည်။ အရာခပ်သိမ်းတတ်နိုင်၍အကန့်အသတ်မရှိပါ။ ကျွန်တော်တို့ဆုတောင်းပါသည်အဖ၊ ယေရှုခရစ်တော်၏ နာမတော်မြတ်၌ ကျွန်ုပ်တို့၏တောင်းလျှောက်မှုများကို နားညောင်းတော်မူပါ။ ယေရှုခရစ်တော်၏ နာမတော်မြတ်၌ အာမင်။

5 ၅။ ယနေ့ည ပြန်လည်ရောက်ရှိလာရခြင်းကြောင့် များစွာဝမ်းမြောက်မိပါသည်။အလွန်မှ အိုက်မှုန်းကျွန်တော်တို့သိပါ သည်။ စည်းဝေးပွဲများ (၃)ခုရှိပါသည်။... နောက် နေ့မနက်အထိ ယခုမှစပြီး ကားမောင်းသွားရပါသည်။ မနက်ဖန်မှစ၍ မိုင် (၄၀၀) ဆက်မောင်းရပါဦးမည်။ ကျွန်တော် ယုံကြည်သည်မှာ သင်တို့အားလုံးအတွက် အလွန်ကြီးမားသော အချိန်ကောင်းပင် ဖြစ်ပါသည်။ သင်တို့ကို သွားရောက်တွေ့ဆုံရန်လည်း အချိန်ကောင်း ကြီးပင်ဖြစ်ပါသည်။ ကျွန်တော်တို့တောင်း ခံသည့်အတိုင်းပင် တစ်ခုတည်းသာရှိပါသည်။ များစွာသောသူတို့မှာ ပြန်လှည့်၍ သွားရပါသည်။ နေရာမရှိတော့ သော ကြောင့်ဖြစ်ပါသည်။ အလယ်လျှောက်လမ်းကို ကျွန်တော်တို့ပိတ်ထား၍မရပါ။ မီးသတ်ဌာနက ထိုအရာအတွက် တည်မြဲစွာ မရပ်တည်ပေးနိုင်ပါ။ ပိုကြီးမားသောဘုရားကျောင်းအတွက် ကျွန်တော်တို့ကြိုး စားနေပါသည်။ လူများအတွက် ကျွန်တော်တို့မှာ ထိုမျှသာနေရာအလုံအလောက်ရှိပါမည်။

6 ၆။ ယခု မည်သည့်အချိန်တွင်မဆို တဲတော်ထဲသို့သင်တို့အားလုံးကိုဖိတ်ခေါ်ပါသည်။ ကျွန်တော်တို့မှာ ယုံကြည်ချက် မရှိပါ။ ခရစ်တော်သာ ရှိပါသည်။ ပညတ်မရှိပါ။မေတ္တာဘဲ ရှိပါသည်။ စာအုပ်မရှိပါ။ သမ္မာကျမ်းစာပင် ရှိပါသည်။ ဤနေရာမှာ ကျွန်တော်တို့၏သင်းအုပ်ဆရာမှာ ဘရာသာ အော်ဂန်နက်ဗီးလ်ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့မှာ ဤနေရာတွင် အသင်းသူအသင်းသားများ ရှိပါသည်။ ဂိုဏ်းပေါင်းစုံ တဲတော်အဖြစ် ကျွန်တော်တို့စုဝေးကြပါသည်။ ဘယ်နေရာမှဆင်းလာ၍ ဘုရား သခင်ကို

ဝတ်ပြုကိုးကွယ်ခြင်းမှာလည်း သင်၏သြတ္တပ္ပစိတ်က ညွှန်ပြသည့်အတိုင်းပင်ဖြစ်ပါသည်။ သင်တို့လာသည့်အတွက် ကျွန်တော်တို့အမြဲတမ်း ဝမ်းမြောက်ကြပါသည်။ သင်လာနိုင်သည့်အခါလာပါ။ ခင်ဗျားကို လက်ခံရန် ကျွန်တော်တို့အမြဲတမ်း ဝမ်းမြောက်ကြပါသည်။

နောက်တစ်ခေါက်မှာကျွန်တော် သိရသလောက် သင်နှင့်အတူရှိရမည်ဖြစ်သည်။ ဘုရားကျောင်းပြီးလျှင် ဖြစ်ပေမည်။အသင်းတော်ခေတ်ကာလပြီးနောက် နောက်ဆုံးတံဆိပ် (၇)ခုကို ကျွန်တော်တို့သွားလိုပါသည်။၎င်းနောက် ဗျာဒိတ်ကျမ်း၏ တံဆိပ်(၇)ခုကို ရောက်သွားပေမည်။ ထိုအရာကို သင်ပေးပေမည်။

7 ၇။ ဖျားနာခြင်းနှင့် ပြဿနာဖြစ်ရသော အချိန်များစွာရောက်လာပါသည်။ဤစည်းဝေးပွဲများ ပြုလုပ်သည့်အချိန်တွင် ဖြစ်ပါသည်။ ရှုပါရုံများ လိုအပ်သောအခါ အထူး အင်တာဗျူးအတွက်လာရပါသည်။ ထိုအထဲသို့ကျွန်တော် ရောက်သွား သောအခါ သူတို့ကြားမှာ ကွာခြားမှုကို မရရှိနိုင်တော့ပါ။ထိုအရာနောက်ပိုင်းမှာ ကျွန်တော့်အတွက် ပြောပြရန် ခက်ခဲပါသည်။ ကျွန်ုပ်တို့၏ အနာရောဂါငြိမ်းခြင်းစည်းဝေးပွဲတွင် မစ္စတာဘက်စ်တာ (သို့) တစ်စုံတစ်ဦးက တရားဟောလေ့ရှိပါသည်။ ကျွန်တော်ထွက်လာပြီးဖျားနာသူများ အတွက် ဆုတောင်းပေးပါသည်။ အကြောင်းမှာ ၎င်းသည်အနည်းငယ် အလုပ်ကြိုးစား ပါသည်။ ကျွန်တော်သည် လွန်ခဲ့သော အချိန်အနည်းငယ်ခန့်က လူအချို့အတွက် ဆုတောင်းပေးနေခဲ့ပါသည်။ကလေး တစ်ဦးကိုလည်း ဤနေရာမှာ တွေ့ဆုံ၍ ဆရာဝန်များက .... နောက်ကြောမှာ တစ်ခုခုဖြစ်ပြီးမွေးဖွားလာသည်ဟု ဆိုပါ သည်။ ထွက်လာသောအခါ သူ့အားထိုင်နေသည်ကိုတွေ့ရပါသည်။ ထိုကလေးမှာ ထိုကဲ့သို့ဘယ်တော့မှ လက်ခြေသေ တော့မည်မဟုတ်ပါ။ နေပြန်ကောင်းသွားပါမည်။ မှန်ပါသည်။ ထိုအရာကို ကျွန်တော်သိပါသည်။ ကြည့်ပါ။ ကျွန်တော်က ထိုအရာအတွက် အကောင်းမြင်ပါသည်။ကျွန်တော်တို့ယုံကြည်ခြင်းကို လိုလား၍ ဘုရားသခင်ကို ယုံကြည်လိုပါသည်။

8 ၈။ သင်တို့တစ်ဦးစီ အများစုမှာ ကျွန်တော့်အတွက်သူစိမ်းများဖြစ်ကြပါသည်။ သာသနာပြုများအားလုံး စသည်ဖြင့် ဖြစ်ကြပါသည်။ အကယ်၍ ကျွန်တော်မမှားပါက ဤသူမှာ ဘရာသာကေ့စ်ဖြစ်ပါသည်။ မှန်ပါသလား? ဘရာသာကေ့စ် ခင်ဗျားကို ကျွန်တော် တောင်းပန်ပါသည်။ထိုဆက်ကပ်မှုအတွက် မရပ်တည်မှုကြောင့် ဖြစ်ပါသည်။ ရက်သတ္တပတ်အဆုံး စည်းဝေးပွဲများအတွက်ကျွန်တော် အပေါ်သို့တက်ပါမည်။ မှန်ပါသလား? ဘလူးမင်တန်တွင် ဖြစ်သည်။ သင်ကောင်းမွန်စွာပြုလုပ်ပါသလား? ကောင်းပါသည်။ ဤနေရာမှာရှိသော ညီအစ်ကိုများမှာ အမှုတော်ဆောင်များ ဖြစ်ကြပါသည်။ကျွန်တော် ထင်ပါသည်။ သင်သည် အမှုတော်ဆောင် ဖြစ်ပါသလား? ဟုတ်ပါတယ်ဆရာ၊ ကိုယ်တော်ရှင်ကောင်းချီးပေးပါစေ။ ကောင်း ပါသည်။ သင်တို့ ဤနေရာမှာရှိသောကြောင့် ကျွန်တော်တို့ ဝမ်းသာပါသည်။ အလွန်ပျော်ပါသည်။ ဘုရားကောင်းချီးပေးပါစေ။

9 ၉။ ကျွန်ုပ်တို့အမှန်တစ်ကယ်ပင် စောစော ထွက်နိုင်ပါသည်။အချို့မှာ ဂျော်ဂျီယာ၊ တင်နက်စီ၊ နယူးယောက် နေရာ တိုင်းသို့ယနေ့ညမှ စတင်ပါသည်။ ယခုလမ်းတစ်လျှောက် သေချာစွာ ကားမောင်းသွားပါ။ သင်အိပ်ငိုက်နေပါက ဟော်တယ်သို့သင်မသွားလိုပါ။ လမ်းဘေးမှ ကားမောင်းသွားပါ။ အိပ်ငိုက်နေတုန်း ကားမမောင်းပါနှင့်။ မကောင်းသောအရာဖြစ်ပါသည်။ သင်မဟုတ်သည်ကို သတိရပါ။ နောက်တစ်ဦးကို သင်ကြည့်နေရပါမည်။ သင်ဘယ်ကိုသွားနေကြောင်းသင်သိပါသည်။ သူဘယ်ကိုသွားနေကြောင်း သင်မသိပါ။ ထိုသူကို သင်ကြည့်နေရပါမည်။ တစ်ချိန်လုံးသင်ကထိုအရာကို စောင့်ကြည့်ရန် နိုးထနေရ ပါမည်။

10 ၁၀။ မနေ့က ကျွန်တော် ကျမ်းစာထဲမှ တစ်ပိုဒ်ကို ဖတ်ရန်အတွက်ကျွန်တော် လိုလားပါသည်။ ရှင်ယောဟန်ကျမ်းကို ဖတ်ပါမည်။ ဤကျမ်းချက်ကလေးကို ကျွန်တော်တို့ဖတ်၍ ရည်ညွှန်းပြီးကျွန်တော်တို့ပြောရန်ကြိုးစားသော အရာ၏ အခြေခံပင်ဖြစ်ပါသည်။ အမြဲတမ်း တစ်ခါမှ ကျွန်တော်မှတ်မိသလောက်တရားဟောပလ္လင်သို့လာ၍ တစ်စုံတစ်ခုကို ပြောရန် ကြိုးစားပါသည်။ ကျွန်တော် အမြဲတမ်းစောင့်စားကြည့်ရှုလေ့လာဆုတောင်းပြီး တစ်စုံတစ်ခုကို ကျွန်တော်ခံစား၍ လူအများ ကို ကူညီပါမည်။ ကျွန်တော်သည်အထောက်အကူ မဖြစ်ပါ။ ယနေ့ည ကျွန်တော်တို့လူအုပ်၏အများစု အကြီးပိုင်းမှာ ယ နေ့မနက် ထွက်သွားပါသည်။ (၄၅)မိနစ်အကြာ စကားပြော၍ တစ်ခုခုပြုလုပ်ပါမည်။ ကျွန်တော်တို့မျှော်လင့်ထားသော တစ်စုံတစ်ခုကို ပြောပါမည်။ ရှင်ဟောဟန်ကိုအခြေခံ၍ အခန်းကြီး(၁၆)ကို ပြောပါမည်။ အခန်းငယ်(၇)မှ စတင်၍ ပြောဆိုပါ မည်။ အခန်းငယ်(၁၅)အထိဖတ်ပါ။

“ငါအမှန်အကန်ဆိုသည်ကား ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။အကြောင်းမူကား ငါမသွားလျှင် ဥပစ္စာယ်ဆရာ သည် သင်တို့ဆီသို့မလာ။ ငါသွားလျှင် ထိုသူကိုသင်တို့ဆီ သို့ ငါစေလွှတ်မည်။

ဥပစ္စာယ်ဆရာသည် ရောက်လာလျှင် ဒုစရိုက်အပြစ်ကိုင်း၊အပြစ်ကင်းခြင်းကိုင်း၊ အပြစ်စီရင်းခြင်းကိုင်း၊ လောကီ သားတို့အား ထင်ရှားစွာ ဖေါ်ပြမည်။

ငါ့ကို မယုံကြည်ကြသောကြောင့် ဒုစရိုက်အပြစ်ကိုဖေါ်ပြမည်။

ငါသည် ခမည်းတော်ထံသို့သွားမည်ဖြစ်၍ သင်တို့သည်နောက်တစ်ဖန် ငါ့ကို မတွေ့မမြင်ရသောကြောင့် အပြစ် ကင်းခြင်းကို ဖေါ်ပြမည်။ ဤလောကကိုအစိုးရသော မင်းသည် အပြစ်စီရင်ခြင်းကို ခံရသောကြောင့် အပြစ်စီရင်ခြင်းကို ဖေါ်ပြပါမည်။

သင်တို့အား ငါပြောစရာစကား အများရှိသော်လည်းသင်တို့သည် ယခု မခံနိုင်ကြ။ သမ္မာတရားနှင့် ပြည့်စုံသော ထိုဝိညာဉ်တော်သည် ရောက်လာသောအခါသမ္မာတရားကို သင်တို့အား အကြွင်းမဲ့သွန်သင် ပြသလိမ့်မည်။ ထိုဝိညာဉ်တော် သည် ကိုယ်အလိုအလျှောက်သင်တို့အား ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကို ဟောပြောလိမ့်မည်။ နောင်လာလ တံ့သောအရာတို့ကိုလည်းသင်တို့ကို ဖေါ်ပြလိမ့်မည်။

ထိုသူသည် ငါ့ဘုန်းကို ထင်ရှားစေလိမ့်မည်။အကြောင်းမူကား ငါနှင့်စပ်ဆိုင်သော အရာကိုယူ၍ သင်တို့အား ဖေါ်ပြလိမ့်မည်။ ထိုသူသည်ငါ့ဘုန်းကိုထင်ရှားစေလိမ့်မည်။ အကြောင်းမူကား ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဖေါ်လိမ့်မည်ဟုငါပြော၏။“

11 ၁၁။ ယခု အခန်းငယ်(၁၃)တွင် သမ္မာတရား၏ဝိညာဉ် ရောက်လာသောအခါမည်သို့ဖြစ်မည်နည်း? ကိုယ်တော်က သင့်ကို သမ္မာတရားလမ်းထဲသို့လမ်းပြပို့ဆောင်သွားပါမည်။သမ္မာတရား၏ဝိညာဉ်ရောက်လာသောအခါ သူက သင့်ကို သမ္မာတရားအားလုံး ထဲသို့လမ်း ပြသွားမည်ဖြစ်ပါသည်။ သမ္မာတရားဆိုသည်မှာအဘယ်နည်း? နှုတ်ကပတ်တော်ပင် ဖြစ်ပါသည်။ အကြောင်းမှာ သူက ဟောပြောမည်ဖြစ်ပါသည်။ သူကိုယ်တိုင်ပြောဆိုခြင်းမဟုတ်ပါ။ သို့သော်လည်း သူကြား သောအရာကို သူပြောဆိုခြင်းဖြစ်ပါသည်။ သူကြားသောအရာကိုသူပြောဆိုပါမည်။ တနည်းအားဖြင့်ဆိုသော် သူသည် အရာတစ်ခုကိုဖေါ်ပြမည့်သူ ဖြစ်ပါသည်။ သင်သဘော ပေါက်ပါသည်။ (ဟေဗြဲ ၄)တွင် သမ္မာကျမ်းစာဆိုထားသည်မှာ “ဘုရားသခင်၏နှုတ်ကပတ်တော်မှာသံလျှက်တကာတို့ထက်ထက်၍ နှစ်ဖက်အသွားရှိသည့် ဒါးထက်ပင် တန်ခိုးကြီးပါ သည်။ စိတ်နှလုံးအတွေးများကို ပိုင်းခြားနားလည်နိုင်သူဖြစ်သည်” သူဘာကြားသည်၊ သူဘာပြောမည်၊ သူနောင်လာမည့်အရာများကို သူက သင့်အား ဖေါ်ပြမည်ဖြစ်ပါသည်။ ကြည့်ပါမည်လား? ထိုအရာကိုမည်သို့ ပြုလုပ်ပါနည်း?သခင်ယေရှု၏ နာမတော်မြတ်၌ ကြွလာတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်ပင် ဖြစ်ပါသည်။

12 ၁၂။ နောက်မိနစ်အနည်းငယ်အတွင်း သင့်အားသင်ခေါ်၍ လမ်းပြမှုသောစကားလုံးကို သတိပြုရပါမည်။ လမ်းပြဖြစ် သည်။ သင်သိထားရမည်မှာ သစ်တောများထဲတွင် ကျွန်တော့်မှာအတွေ့အကြုံရှိပါသည်။ သင့်မှာ လမ်းပြလိုပါသည်။ တစ်စုံ တစ်ဦးက လှည့်ပတ်ပြသရပါမည်။ သင်ဘယ်နေရာကိုသွားနေကြောင်း သင်မသိသောအခါ သင့်မှာ လမ်းပြလိုပါသည်။ တောလိုက်ခြင်းနှင့် ပတ်သက်၍ ရင်းနှီးကျွမ်းဝင်ဖြစ်စေရန်ပတ်ဝန်းကျင်လောကနှင့် နီးစပ်မှုရှိစေရန် ကျွန်တော့်မှာ လမ်းပြ များနှင့်တွေ့ဆုံရန်အခွင့်အရေး ရပါသည်။ ကျွန်တော်သည် လမ်းပြဖြစ်၍ ကိုလိုရာဒိုမှာ လမ်းပြပါသည်။ တောပိုင်းကိုသိသောကြောင့် ခြံလုပ်ခြင်းစ သည်တို့ကို သိသဖြင့် ကိုလိုရာဒိုမှာ ကျွန်တော် လမ်းပြလုပ်နိုင်ပါသည်။

13 ၁၃။ ယခုအခါမှာ လမ်းပြက လမ်းကို သိရပါမည်။ သူမည်သည့်နေရာသို့သွားနေကြောင်း သူသိရပါမည်။ သူဘာလုပ်နေ ကြောင်း သူသိရပါမည်။ သင့်ကို လမ်းတစ်လျှောက်မည်သို့စောင့်ရှောက်ရမည်ကိုလည်း သိရပါမည်။ သူဘယ်နေရာကို သွားနေသည်ကို သူသိရပါမည်။ သူဘာလုပ်သည်ကိုလည်းသိရပါမည်။ လမ်းတစ်လျှောက် သင့်ကို မည်သို့ စောင့်ရှောက်ရ သည်ကိုလည်း သိရပါမည်။ သင်သည်ပျောက်ဆုံးလျှက် မလာရပါ။ တောထဲသို့လည်၍ သွားလာရသောအခါမှာ သင်သွားလေ့သွားထ မရှိသောနေရာဖြစ်နေပါမည်။ အဖေါ်မပါဘဲ သင်သွား၍ မဖြစ်ပါ။ ပွင့်လင်းစွာ ပြောရမည်ဆိုလျှင် အချို့နေရာများမှာသင်တစ်ဦးတည်းသွားရန် မကောင်းသော နေရာဖြစ်ပါသည်။ ဉပမာ။ -ကနေဒါနိုင်ငံ လမ်းပြဖြစ် သူက သင်၏လိုင်စင်ကိုဂိမ်းစောင့်ဖြစ်သူကို လက်မှတ်ထိုးပေးရပါမည်။ မိမိအတွက် မိမိလက်မှတ်ထိုး၍ သင့်အတွက်တာဝန်ယူရပါ သည်။ တစ်စုံတစ်ခု ဖြစ်သွားပါက သူ၏တာဝန် သာဖြစ်ပါသည်။ သူက သင့်ကို စောင့်ရှောက်ရပါသည်။သင်ပျောက်မသွားဖို့သူက ကြည့်ရပါသည်။ လမ်းပျောက်ပြီး အိမ်ပြန်မလာတတ်လောက်အောင် ဖြစ်စေရန်သူက သင့်ကို လမ်းမှားသို့မပို့ပစ် ရန်ကိုလည်း သူကြည့်ရှုရပါမည်။ သင်က လမ်းပျောက်သွားပါကသူက တစ်နိုင်ငံလုံးကို ကောင်းစွာသိရ မည်ဖြစ်ပြီး အချိန်မရွေး သင့်ကို ပြန်၍ရှာတွေ့နိုင်ရပါမည်။ ဤအရာများအားလုံးကို သူသိဖို့လိုသည်။ သို့မဟုတ်သူကလမ်းပြနိုင်မည် မဟုတ်တော့ပါ။ လမ်းပြဖြစ်ဖို့ရန် လိုင်စင်မရနိုင်တော့ပါ။

ထိုအရာများအတွက်တစ်ခါတစ်ရံသင့်မှာ ချိန်းဆိုမှုများ ရှိရပါမည်။ ကြိုတင် ခေါ်ဆို၍ ချိန်းဆိုမှုများပြုလုပ်ရပါမည်။ လုပ်ကိုင်ရန်အတွက် အကန့်အသတ်များ ရယူရပါမည်။ တစ်ခါတစ်ရံ သူကိုဖြည့်ပြီးဖြစ်၍ သင့်ကို သူတို့က နေရာမယူ နိုင်တော့ပါ။ခဏတာ သင်က အားလပ်ပေးထားရပါမည်။ လောကဆိုင်ရာ လမ်းပြပင်ဖြစ်ပါသည်။ ဘုရားသခင်၏ လမ်းပြမှုဖြင့် သင်ထိုအလုပ်ကို လုပ်စရာမလိုပါ။ သူသည် အမြဲတမ်းအဆင်သင့် ဖြစ်ပါသည်။ အမြဲတမ်း အဆင်သင့်ဖြစ်သည်။

14 ၁၄။ ယခုအခါမှာ သင်တို့သည် ဤပြင်ဆင်မှုများ မပြုလုပ်ရပါကသင်သည်တောထဲသို့ခရီးထွက်ရန်ဖြစ်နေပါသည်။ ယခင်က မရောက်ဖူးသောနေရာတွင် ရောက်နေမည်။ သင်တက်လာ၍ပျောက်ဆုံးမည်ဖြစ်သည်။ (၁%)ရှိပြီးတောထဲမှ ထွက်လာရန် အခွင့်အ ရေးရမည်။ တောသိပ်မနက်ပါက၁% အခွင့်အရေး ရရှိပြီး သင့်ဖာသာသင် ထွက်ရပါမည်။ သို့သော် လည်း ထိုအရာမှာ အလွန်ဆိုးဝါးသော တောဖြစ်ပါက အပြန်လမ်းတွင် သင်ပြန် ထွက်နိုင်ရန် အခွင့်အရေး မရတော့ပါ။ ထိုသို့ပြုလုပ်ရန်နည်းလမ်းမရှိတော့ပါ။ အကြောင်းမှာ သင်သည် သေလမ်းကို လျှောက်နေရသကဲ့သို့ဖြစ်သည်။ သင်လုံးဝပြီးဆုံးသွားပါပြီ။ယခုအခါမှာ သင့်မှာ လမ်းသိသော လမ်းပြမရှိပါက သင်ပျောက်ဆုံးသွားပါမည်။မည်သို့ပြန်ရမည်ကိုလည်း မသိတော့ပါ။

15 ၁၅။ သင်တို့အများစုမှာ လွန်ခဲ့သောနှစ်က အရီဇိုးနားပြည်နယ်၊တူလ်စန်မြို့တွင် ဖတ်ရသော ဆောင်းပါးနှင့် ရင်းနှီးပြီး သားဖြစ်ပါသည်။ ယောကျာ်းလေးကင်းထောက်(Boy Scout) များဖြစ်ပါသည်။ သူတို့ကိုယ်သူတို့မည်သို့စောင့်ရှောက်ရမည် ကို သင်တန်းရပြီးသားဖြစ်ပါသည်။ သူတို့သည် ကင်းထောက် Scout များဖြစ်သည်။ သူတို့တောင်ပေါ်တက် သွားကြသည်။နှင်းမုန်တိုင်း ကျရောက် လာသောအခါ သဘာဝက အနေအထား ပြောင်းလဲလာသည်။ သူတို့ လမ်းပျောက်ကြောင်းသူတို့သိရသောအခါ အားလုံးပျောက် ကွယ်သွားကြသည်။ အပြောင်းအလဲတစ်ခု ပုံမှန်လမ်းကြောင်းမှရောက်လာခြင်း မဟုတ်ပါ လား? သူတို့မည်သို့ထွက်ရမည်ကို မသိတော့ပါ။ သူတို့ကိုယ်သူတို့မစောင့်ရှောက်နိုင်တော့ပါ။ နှင်းတောထဲမှာ သူတို့ ပျောက်ဆုံးကြရသည်။ အကြောင်းမှာ အရှေ့အနောက်၊ တောင်၊ မြောက် သူတို့ဘယ်လမ်းသွားကြသည်ကို သူတို့မသိကြ သောကြောင့် ဖြစ်သည်။ အထက်အောက် မည်သို့လည်း မသိတော့ပါ။ အားလုံးမှာခွဲမရအောင် တူညီနေပါသည်။

16 ၁၆။ လမ်းပြမှာ မိမိဘယ်ရောက်နေကြောင်းသိပါသည်။ ရာသီဥတုမည်မျှပင် ဆိုးဝါးနေပါစေ။ လမ်းသိနေသည်။ သူသည် ကျွမ်းကျင်ပြီးသား ဖြစ်သည်။ သူဘာလုပ်နေသည်ကိုသူသိသည်။ အရာခပ်သိမ်းနှင့် သူက ရင်းနှီးပြီးသားဖြစ်သည်။ အရာတိုင်း၏ ပုံစံကို သူသိ နေပါသည်။မှောင်မိုက်ထဲမှာဖြစ်နေပါစေ၊ သူတစ်ခုခုကို ခံစားနိုင်ပါသည်။

ဉပမာ။-လမ်းပြအတွက် ဤနေရာတွင်ဖြစ်နေကျ လမ်းမှားမှုတစ်ခုရှိသည်ကို ဆိုပါစို့။ ကြယ်များကိုသင်တွေ့မြင်နိုင်ပါက

သင်ဘယ်လမ်းကို သွားနေကြောင်း ကြယ်ကို ကြည့်၍ သိနိုင်ပါသည်။ တစ်ခုတည်းaသောစစ်မှန်သည့်ကြယ်ကို ကြည့်ရပါ မည်။ တစ်ကယ် မှန်ကန်သော ကြယ်တစ်လုံးတည်းသာ ရှိပါသည်။ မြောက်ဖက်မှကြယ်ဖြစ်သည်။တစ်ခုတည်းကိုသာ ကြည့်ပါ။ သူထာဝရ ရပ်တည်နေပါသည်။ အခြားကြယ်များ ရွေ့သွားပါမည်။ သို့သော်သူကမပြောင်းလဲပါ။ အသင်းတော်များ က သင့်ကိုလမ်းလွဲစေပါမည်။ သို့မဟုတ် အချို့က ထိုလမ်းသို့သင့်ကို ဆွဲဆောင်သွားမည်။ ကိုယ်တော်ကတော့ မဟုတ်ပါ။ သူအမြဲ တမ်း မပြောင်းလဲပါ။

17 ၁၇။ မြောက်ဖက်မှ ကြယ်ကို မတွေ့နိုင်ဘဲတိမ်ထူထပ်၍နေလည်ခင်းအချိန်ဖြစ်ကြောင်း သတိပြုမိပါက သင်သည် ပျောက်ဆုံးနေပါပြီ။ သစ်ပင်များကိုကြည့်ပါက သိနိုင်ပါသည်။သစ်ပင်များမှာ အမြဲတမ်း မြောက်ဖက်မှာ ရေညှိတက်နေပါ သည်။ အကြောင်းမှာသစ်ပင်၏ တောင်ဖက်အပိုင်းမှာ မြောက်ပိုင်းထက် နေပိုမိုရရှိပြီး ဖြစ်သည်။ မှောင်လာသောအခါရေညှိကို မမြင်ရတော့ပါ။ ဟုတ်ပါသလား? သင့်မျက်လုံးများကို မှိတ်ထားပါက ဘာကိုမှမစဉ်းစားပါနှင့်တော့။မျက်လုံးများ ကိုမှိတ်၍ အခေါက်ထူသောအပင်ကို ကြည့်ပါ။ လက်နှစ်ဖက်ဖြင့် သစ်ပင်ကို ဖက်လိုက်ပါ။ဖြေးဖြေးနှင့် သစ်ပင်ကို စမ်းကြည့် ပါ။ အခေါက် တစ်ကယ်ထူသော နေရာကို စမ်းမိပါက မြောက်ပိုင်းဖြစ်ပါသည်။(လေများ) သင်ဦးတည်သောနေရာကို ပြောနိုင်ပါသည်။ တောင်(သို့)မြောက် ဖြစ်ပါသည်။ ထိုနည်းပင်ဖြစ်ပါသည်။ အခြားအရာများလည်း များစွာရှိပါသည်။ ဤအ ရာများကို ပြုလုပ်နိုင်ရန် လမ်းညွှန်မှုများလိုပါသည်။ သာမန်လူတစ် ဦး ထိုနေရာတွင် ရပ်၍ပြောပါသည်။ ၎င်းနေရာမှာ ကျွန်တော် ဘာမှ မခံစားရပါ။ထိုလမ်းပြ မှုအတွက် သင် သင်တန်း ယူရပါမည်။

18 ၁၈။ ဤလူကလေးများမှာ တော်သော ကင်းထောက်လမ်းပြများဖြစ်ပါသည်။ သူ တို့ ကြိုးချည်တတ်သည်။ ကျောက်တုံး ဖြင့် မီးမွေးတတ်သည်။ ထို သို့ ပြုလုပ်တတ်ပါသည်။လမ်းမှန်ရောက်စေရန် အကြံအစည် ရှိပါသည်။ လမ်းမှန် မရောက် ရခြင်းကြောင့် သူ တို့ ပျောက်ဆုံးရပါသည်။ သူတို့နှင့်အတူ လမ်းပြကို ခေါ်ဆောင်မသွားခြင်းကြောင့် ဖြစ်ပါသည်။

စဉ်းစားဆင်ခြင်မှုမရှိသော ဖခင်မှာ လွန်ခဲ့သော (၂)နှစ်ခန့်က ကော်လိုရာဒိုတွင် တောင်ပေါ်သို့တက်သွားခဲ့ပါသည်။သူ့မှာ (၆-နှစ်၊ ၇-နှစ်)အရွယ် သားငယ်လေး ရှိပါသည်။သူပထမဆုံး သမင်လိုက်ချိန်တွင် ကလေးငယ်ကိုခေါ်ဆောင်သွားခြင်း ဖြစ်သည်။ တောင်ပေါ်သို့ မြင့်မားစွာ တက်သွားပြီးနောက် ကလေးငယ်ကဖခင်ဖြစ်သူအား “သားအရမ်းမောတယ်” ဟုပြောပါသည်။

19 ၁၉။ “ငါ့ကြောပေါ်တက်၊ ငါတို့အပေါ်ကို မရောက်သေးဘူး။”အပင်တွေက အမြင့်ကြီးမှာနေတာ၊ မြင့်သထက်မြင့်၊ မြင့် တက်လာပြီးနောက် .... သူဘာမှ မသိတော့ပါ။သူသည် မြို့သားဖြစ်သည်။ ဘယ်လိုအမဲလိုက်ပြီး ဘယ်ကို သွားရမည်ကို သူမ သိပါ။ တောကျွမ်းသောသူမှာသမင်များ သိပ်မြင့်သည့် နေရာတွင် မနေကြောင်း သိကြပါသည်။ အမြင့်ကို မသွားကြပါ။ ဆိတ်များသာအပေါ်မှာနေသည်။ သမင်များ မနေကြပါ။ သူ တို့ အစာရှာနိုင်သော အောက်ပိုင်းနေရာများတွင်သာနေကြ သည်။ အစာရှာနိုင်သော နေရာကို ရောက်အောင် သွားရပါမည်။ သို့သော် ဤသူက စဉ်းစားမိပါသည်။ကျောက်ဆောင်ပေါ် တစ်နေရာသို့တက်သွားပါက ကြီးမားသော အပင်ကြီးကို တွေ့ရပါမည်။ ရုပ်ပုံထဲတွင်ကျောက်တောင်ပေါ် ရပ်နေကြောင်း တွေ့ရသဖြင့် သူက ထိုနေရာမှာ တွေ့ရမည် ဟု စဉ်းစားနေသည်။ မဂ္ဂဇင်းထဲတွင် ဖတ်ရသမျှကို ဂရုမစိုက်ပါနှင့်။ အိမ်မက်ဆိုး မက်ရပေလိမ့်မည်။ တစ်ခုတည်းသာလုပ်နိုင်သည့်အ ရာမှာ သင်ဘယ်ရောက်နေကြောင်း လမ်းပြကသာ သိနေပေလိမ့်မည်။

20 ၂၀။ ထိုဖခင်မှာ တစ်ချိန်တည်းမှာပင် မိုးရေထဲမှာ တက်လာပါသည်။သူတို့ထဲမှ တစ်ဦး မှာ မိုးရေထဲမှာ လာရပါသည်။ ထိုလူမှာ အလွန်နောက်ကျစွာ အမဲလိုက်ပါသည်။လမ်းပျောက်၍ အိမ်ပြန်မရောက်နိုင်တော့ပါ။ ထိုအခါ တောင်ကိုဖြတ်၍ လေတိုက်လာပါ သည်။ သူကိုယ်တိုင်လည်း လျှင်မြန်စွာ လှုပ်ရှားလိုက်ပါသည်။....

မည်သို့အသက်ရှင်ရမည်ကို သင်သိဖို့လိုပါသည်။ နောက်တစ်ခု ရှိပါသေးသည်။ မည်သို့အသက်ရှင်ရမည်ကိုသင်သိခြင်း ဖြစ်သည်။ ကျွန်တော် သစ်ပင်များကိုတက်၍ ပြန်ဆင်းခဲ့ပါသည်။ သစ်ပင်များပေါ်သို့တက်၍လျှောဆင်းခဲ့ပါသည်။ ထို ကဲ့သို့ အတက်အဆင်း ပြုလုပ်ရပါသည်။ အသက်ရှင်ရန် ပြုလုပ်ရခြင်းဖြစ်သည်။တစ်ဖက်စီမှာ (၄)ပေခန့်စီ မြင့်သောနှင်းများကို တွေ့ခဲ့ရပါသည်။ လက်တစ်ဆုပ်ဟူ၍ ဖြန့်ချထားပါသည်။သာလွန်းသဖြင့် ရပ်တည်၍ပင် မရပါ။ ကျွန်တော် လက်တစ်ဆုပ်စာ နှင်းများကို ဖောက်ခွဲ၍ မီးအလင်းပေးပါသည်။ ပူသွားစေပြီး နှင်းအရည် ပျော်ကျသွားပါသည်။ မနက်(၁)နာရီထိုးသောအခါ (၂)နာရီတွင် နှင်းများကို ပြန်ဆွဲပါသည်။ နွေးထွေးသော မြေသားပေါ်တွင်လှဲထား၍ အသက်ရှင်စေပါသည်။ ထိုအရာများကိုမည်သို့ပြုလုပ်ရမည့်အ ကြောင်း သင်သိဖို့လိုပါသည်။

21 ၂၁။ သူဘာလုပ်နေကြောင်း ဤသူက မသိပါ။ သူ့အားလမ်းပြရန်သူ့မှာ မည်သူမှမရှိပါ။ သူကလေးငယ်ကို ရင်ခွင်ထဲမှာ ဖက်ထား ၍ အေးစက်မာကြောပြီး နောက်ဆုံးသေဆုံးသွားပါသည်။မစဉ်းစားမဆင်ခြင်းဘဲနှင့် သူက သူ့နှင့်အတူ လမ်းပြကို ခေါ်ဆောင်သွားပါ ကသူက သူ့အားတောင်ပေါ်မှခေါ်ချလာပြီး မည်သည့်အချိန်ဖြစ်ကြောင်းကို ဂရုမစိုက်ဘဲနေပါသည်။ သို့သော် သူက ညမှောင်သွားသည့်အထိ စောင့်ဆိုင်းပါသည်။ ၎င်းနောက် သူ၏လမ်းကို သူမတွေ့မြင်နိုင်အောင် ဖြစ်သွားပါသည်။

ယနေ့ခရစ်ယာန်များသည်လည်း ထိုနည်း၎င်းပင်ဖြစ်ပါသည်။ ညအမှောင်ရိပ် ကျရောက်သည်အထိ သူ တို့ စောင့်ဆိုင်းကြပါသည်။ ထိုအခါ သင်သည် လမ်းပြမပါဘဲ ဖြစ်သွားသည်ကို တွေ့ရပါသည်။ လမ်းပြ။

22 ၂၂။ အဘယ်ကြောင့်နည်း လမ်းပြနေသော သူတစ်ဦးကို သင်တွေ့ပါသလား?တစ်စုံတစ်ယောက်သောသူက ပျောက်သောသူကို ပြန်ခေါ်လာသည့် အတွေ့အကြုံရှိပါသလား? သနားစရာအကောင်းဆုံး မြင်ကွင်းကို သင်တွေ့ရပါမည်။ လူတစ်ဦး လမ်းပျောက်သွားပါက သူစိတ်ရိုင်းဝင်သွားပါသည်။ သူဘာလုပ်မှန်း သူမသိတော့ပါ။အပြင်မှလူကို ဖမ်းမိပါသည်။ လူကလေးဖြစ်သည်။ သူသည်တောထဲမှာ လမ်းပျောက်သွားပါသည်။ သူ့အားစဉ်းစားမိသည်မှာ .... သူသည် ခြံလုပ်သား ဖြစ်၍သူသည် လမ်းမှားသို့ရောက်သွားပါသည်။ သူလမ်းပျောက်သွားသည်။ ပြန်လှည့်လိုက်သည်။ နောက်ထပ်(၃)ရက် အကြာမှာ ပြန်တွေ့သောအခါ သူသည် လူရိုင်းကဲ့သို့ပြေးလွှားနေပါသည်။ အသံကုန်အော်ဟစ်နေပါသည်။ သူ့နှုတ်ခမ်းများ အားလုံး စားသွားခြင်းခံရ၍သူ၏သွားများကို

သူလွင့်ပစ်လိုက်ပါသည်။ သူဘာလုပ်ရမည်ကို သူမသိတော့ပါ။ သူ၏ညီအစ် ကိုကသူ့အားဖမ်းရန်အတွက်နှင့် ချည်နှောင်ရန်အတွက်
လိုအပ်ပါသည်။ သူ၏ညီအစ်ကိုက သူ့ထံလာသောအခါတိရိစ္ဆာန် ကဲ့ သို့ သူကတိုက်ခိုက်ပါသည်။ သူ့အားလိုက်ရန် ကြိုးစားသည်။
သူဘယ်နေရာရောက်ကြောင်းသူမသိတော့ပါ။ အဘယ် ကြောင့်နည်း။ သူပျောက်ဆုံးနေသောကြောင့်ဖြစ်သည်။
လူတစ်ဦးပျောက်ဆုံးပါကသူသည် ရိုင်းစိုင်းသော အခြေအနေမှာ ရှိနေပါသည်။ သူသည် ထိုအခြေအနေမှာ ရောက်နေကြောင်းသူမသိပါ။
သူသည် ပျောက်ဆုံးနေသောကြောင့် ဤသို့ဖြစ်ရ ခြင်းဖြစ်သည်။ သူသည် ထိုအခြေအနေမျိုးမှာရှိနေကြောင်းသူမသိပါ။ အကြောင်းမှာ
သူပျောက်ဆုံးသောကြောင့် ဖြစ်သည်။ သူဘယ်နေရာမှာရောက်နေကြောင်းသူမသိပါ။ သူမည်သို့လှုပ်ရှားနေကြောင်းလဲသူ မသိပါ။

23 ၂၃။ လူသားသည် ဘုရားသခင်ထံမှ ပျောက်ဆုံးလျှင်လည်းထိုသို့ပင်ဖြစ်ပါသည်။သူသာမာန်မလုပ်သောအရာများကို သူလုပ်ပါ သည်။
လူသားထက်လွန်ကဲသော အတွေးများထက်ပို၍လွန်ကဲသောအရာများကို သူပြုလုပ်ပါမည်။ ဘုရားထံမှ ပျောက်သောလူသားနှင့်
ဘုရားထံမှပျောက်သောအသင်းတော်ဖြစ်ပါသည်။ ဘုရားထံမှ စွန့်ခွာသွားသော အသင်းတော် ဖြစ်သည်။
ဘုရားသခင်၏သမ္မာကျမ်းစာစည်းကမ်းမှ လမ်းလွဲသွားသော အသင်းတော်ဖြစ်သည်။ ဘုရားကျောင်းထဲမှာ မတွေ့ရသော
အပြုအမူများကိုပြုမူပါမည်။ ဂိမ်းကစားခြင်း၊ ချဲထိုးခြင်း၊ လောင်းကစားနှင့် သူတို့လုပ်နိုင်သမျှလုပ်ပြီးငွေရှာပေမည်။ သူတို့ဘာ
ဖြစ်ဖြစ်သွန်သင်မည်။ ရသမျှလုပ် မည်။ အသင်းတော်ထဲမှာ ငွေများများပေးနိုင်သူကိုကြောပုတ်သွားပါမည်။ သင်းထောက်များကို
ရွေးချယ်သည့်အခါ မိန်းမ (၃ - ၄)ယောက်ရှိ သူကို ရွေးချယ်မည်။သင်ရွေးချယ်စရာ လမ်းတခုတည်းသာ ရှိပါသည်။ ဘုရားသခင်အတွက်
သင့်တာဝန်ပင်ဖြစ်ပါသည်။ ရပ်၍သမ္မာတရားကိုပြောပါ။ပျောက်ဆုံး သောသူမှာ ရိုင်းစိုင်း သောအခြေအနေမှာ ရှိသည်။ သူသည်
လူရူးဖြစ်သည်။

24 ၂၄။ လမ်းပြမှာ နားလည်မှုရှိပါသည်။ မည်သို့သွားရမည်နှင့်ဘာလုပ်ရမည်လဲ သိပါသည်။ ဘုရားသခင်တွင် ... ဘုရားသခင်ကအမြဲတမ်း
သူ၏လူများထံသို့လမ်းပြကို စေလွှတ်ပါသည်။ သင်ထိုအရာကိုယုံကြည်ရမည်။ သူပြောသည့်အတိုင်းသင်ထိုလမ်းကို သွားရပါမည်။
သင်သည်တောထဲသို့ရောက်သွားသောအခါ သင်၏လမ်းပြက ပြောပါသည်။“ဤလမ်းကို ကျွန်ုပ်တို့သွားပါမည်။” ဘုရားသခင်ကျွန်ုပ်တို့အား
လမ်းပြရန်လမ်းပြကို ပို့ပေးပါသည်။ထိုလမ်းပြနောက်သို့ကျွန်ုပ်တို့လိုက် ရပါမည်။ ကျွန်ုပ်တို့ဘာဘဲစဉ်းစားပါစေ
အကျိုးအကြောင်းသင့်လျော်ပုံပေါ်ပါက ရယ်စရာကောင်းပါသည်။ ထိုအရာ ကိုပိုင်းခြားရန် ကျွန်ုပ်တို့မှာတာဝန်မရှိပါ။ လမ်းပြမှာ
တစ်ဦးတည်းသာရှိပါသည်။

25 ၂၅။ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်က ပရောဖက်များကိုစေလွှတ်ပါမည်။သူတို့သည် လမ်းပြများဖြစ်ပါသည်။ အ ကြောင်းမှာ
နှုတ်ကပတ်တော်က ပရောဖက်ထံသို့ရောက်လာခြင်းကြောင့်ဖြစ်ပါသည်။ သူတို့သည် လမ်းပြများဖြစ်ပါသည်။ ယမန်နေ့ညကကဲ့သို့
သူတို့သည် လူများကို စီမံကွပ်ကဲပါသည်။ဟေရှာယနှင့် ဥရိယကဲ့သို့ဖြစ်ပါသည်။ သူတို့ကို စီစဉ် ညွှန်ကြား၍ လူများကို
လမ်းပြပြီးပို့ဆောင်ပါသည်။ ဘုရားသခင်က အမြဲတမ်းသူ၏ လမ်းပြများကို စေလွှတ်ပါသည်။ သူသည် အမြဲတမ်းလမ်းပြမရှိဘဲဖြစ်ပါသည်။
ခေတ်ကာလတလျှောက်လုံး ဖြစ်ပါသည်။ ဘုရားသခင်က အမြဲတမ်း ဤကမ္ဘာလော ကကြီးပေါ်တွင်သူအားကိုယ်စားပြုသူ တစ်စုံတဦးရှိ
ပါသည်။ ခေတ်ကာလအားလုံးတွင်ဖြစ်သည်။

တခါတရံသူတို့သည်လမ်းပြမှုမှ လမ်းလွဲသွားပါသည်။ သခင်ယေရှုဤလောကတွင် ရှိနေစဉ်က ဖာရိရှဲများကို
ပြောခဲ့သည်ကိုသင်သတိရပါသလား။ ဘုရားသခင်ကအမြဲတမ်း သူ၏လမ်းပြများကိုစေလွှတ်ပါသည်။ ဤလောကတွင်
ကိုယ်တော်ရှင်အားတစုံတစ်ဦး က ခေတ်တလျှောက်လုံး ကိုယ်စားပြုခဲ့ပါသည်။ တခါတရံသူတို့သည် လမ်းပြနှင့် ကွဲသွားပါသည်။ယေရှုက
ဤလောကကြီးပေါ်တွင် ရှိနေစဉ်အခါ ဖာရိရှဲများကို ပြောသောစကားကို သင်မှတ်မိပါသလား။“မျက်စိကန်းသောလမ်းပြများ” ဟူ၍ဖြစ်သည်။
မျက်မမြင်လမ်း ပြများဖြစ်သည်။ ဝိညာဉ်အရာများအတွက်မျက်စိကန်းခြင်းဖြစ်သည်။ ယခုအခါမှာ သူ တို့ သည် လမ်းပြများဖြစ်သည်ဟု
ဆိုကြပါစို့။ လူများအတွက်လမ်းပြဖြစ်ပြီး ကယ်တင်ခြင်းအတွက် လမ်းပြခြင်း ဖြစ်ပါသည်။ သို့သော်လည်း
ယေရှုမိန့်တော်မူသည်မှာ“သင်တို့သည် မျက်မမြင်များ” ဖြစ်ကြသည်။ သူကလည်းပြောသည်။ သူတို့ဘာသာရှိပါစေ။
မျက်မမြင်ကမျက်မမြင်ကိုလမ်းပြပါက နှစ်ဦးစလုံးတွင်းထဲ သို့ ကျသွားမည်မဟုတ်ပါလား။ မျက်မမြင် လမ်းပြများကမ္ဘာလောကကြီးမှာ
ထိုအရာနှင့်မည်သို့ကူးစက်သွားပါသနည်း။ မျက်မမြင် လမ်းပြခြင်းဖြစ်သည်။သင်နားလည် သည့်အရာအပေါ်မှာ သင်အားမကိုးပါနှင့်။
ဘုရားသခင်က သင်၏နားလည်မှု သို့မဟုတ်သင်၏အတွေးများအပေါ်မှာ အားမကိုးပါ။ သို့မဟုတ် အခြားလူလုပ်သော အတွေးများကိုလည်း
အားမကိုးပါ။

26 ၂၆။ ဘုရားသခင်ကလမ်းပြကို စေလွှတ်ပါသည်။ သူကခန့်အပ်ထားသောလမ်းပြဖြစ် ကြောင်းသင့်ကိုသိစေလိုပါသည်။ ကျွန်ုပ်တို့သူ့ကို
သတိရစေပါသည်။ နှုတ်ကပတ်တော်ဆိုထားသည်မှာ ယေရှုမိန့်တော်မူသည်။ “ငါသွား၍ခမည်းတော်ထံ ဆုတောင်းလျှင်ဥပစ္စယ
ဆရာတည်းဟူသောသန့်ရှင်းသောဝိညာဉ်တော်ကို သင်တို့ထံသို့စေလွှတ်စေမည်။” ဤဥပစ္စယ ဆရာ
ကြွလာတော်မူသောအခါသမ္မာတရားလမ်းထဲသို့သင်တို့ကို လမ်းပြ ပို့ဆောင်မည်။ဘုရားသခင်၏နှုတ်ကပတ်တော်မှာ သမ္မာတရားဖြစ်သည်။
ဘုရားသခင်၏ နှုတ်ကပတ်တော်မှာ ခရစ်တော်ဖြစ်သည်။ “ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရား လည်းဖြစ်၏။အသက်လည်း ဖြစ်၏။”
သူသည် နှုတ်ကပတ်တော်ဖြစ်သည်။ “အစအဦး၌ နှုတ်ကပတ်တော်ရှိသည်။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိသည်။
နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်တော်မူသည်။ နှုတ်ကပတ်တော်သည်လူဇာတိကိုခံယူတော်မူ၍ ကျွန်ုပ်တို့အကြားတွင်
ကျိန်းဝပ်တော်မူသည်။” ကျွန်ုပ်တို့က အမှန်တကယ်စစ်မှန်သော လမ်းပြ တည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်
နောက်လိုက်ပါကသူမြင်တွေ့သမျှသော အရာတို့ကို ကျွန်ုပ်တို့အား ဖော်ပြ၍ နောင်လာမည့် အရာများကို ပြသပါသည်။အာမင်။ သင်သိပြီ။
လာမည့်အရာများကို သင့်အားကိုယ်တော်က ဖော်ပြပါမည်။

ယနေ့အသင်းတော်များကထိုအရာကို ငြင်းပယ်သောအခါ ကောင်းကင်နိုင်ငံသွား ရန်ကျွန်တော်တို့မည်သို့မျော်လင့်နိုင်ပါမည်နည်း။

သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အတွက် လမ်းပြစေလွှတ်ပါက ကျွန်တော်တို့ကာဒီရယ်အချို့ ဘီးရှော့ပ် အချို့ အထွေထွေ ရပ်ခြားသာသနာမှူး သို့မဟုတ်ကျွန်ုပ်တို့ကိုလမ်းပြသောသူတစုံတစ်ယောက်ကို ခေါ်ပါမည်။ သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်၍ ကျွန်တော်တို့ကိုလမ်းပြစေပါသည်။

27 ၂၇။ သန့်ရှင်းသောဝိညာဉ်တော်က နှုတ်ကပတ်တော်အကြောင်းအမြဲတမ်းပြောပါသည်။ “သင့်အားပြောပြရန်အကြောင်းများစွာရှိပါသည်။ သင်ယခုနားမလည်နိုင်ပါ။သို့သော်လည်း ကိုယ်တော်ရှင်ကြွလာတော်မူသောအခါ ကိုယ်တော်က သင့်အား လမ်းပြပါ့မည်။” ထိုအကြောင်းကြောင့်တံဆိပ်များရောက်လာပါသည်။ သတ္တမမြောက်တံဆိပ် ပြီးဆုံးသည့်အခါ ဘုရားသခင် ၏ နက်နဲရာကိုအဆုံးသတ်ပါသည်။ ဘုရားသခင်မည်သူ ဖြစ်ကြောင်းသိရန် သူမည်သည့်အရာဖြစ်ကြောင်း သူမည်သို့အသက်ရှင်ကြောင်း သူ၏သဘောသဘာဝတို့ကို သိရန်ပင်ဖြစ်ပါသည်။ ထိုအချိန်က လမ်းတလျှောက်လုံးသင်သည်အထက် အရပ်မှာ ရှိနေရပါမည်။ ဘုရားသားသမီးများ၏ ပုံသဏ္ဍာန်အပြည်အဝကို ကျွန်ုပ်တို့အားပို့ဆောင်ပါသည်။ အသင်းတော်မှာ သခင်ခရစ်တော်၏ အသွေးတော်နှင့် ဆေးကြောခြင်းခံရပါသည်။ငွေမပါဘဲ ဝယ်ယူနိုင်သည်။ ယေရှုခရစ်တော်၏အသွေးနှင့် ပေးဆပ်ပြီးဖြစ်သည်။

28 ၂၈။ ယခုကျွန်တော်တို့၏ လမ်းပြရှိပါသည်။ ဘုရားသခင်ပြင်ဆင်ပေးသောလမ်းပြ ဖြစ်ပါသည်။ ကျွန်ုပ်တို့တောထဲမှာ ဖြတ်သွား၍ တနေရာသို့ရောက်နေပါသည်။ လမ်းပြမပါဘဲသွား၍မရပါ။ အခြားလမ်းပြတစ်ဦးကို ကျွန်တော်တို့အစားထိုးရန် ကြိုးစားရပါသလား။ အစားထိုးပါကသူကသင့်ကို လမ်းလွဲသွားစေပါမည်။ ဤလမ်းပြက လမ်းသိပါသည်။ သူသည်လမ်းကို တလက်မမကျန်သိနေပါသည်။ သင့်နှလုံးသားထဲမှာ ရှိသောအတွေးတိုင်းကို သူသိပါသည်။ ဤနေရာမှာရှိသူတိုင်းကို သူသိပါသည်။ သင်မည်သူဖြစ်ကြောင်း သင်သိ၍ သင်ဘာလုပ်ခဲ့ကြောင်းသူသိပါသည်။ သင့်အကြောင်း အားလုံးကိုသိနေပါသည်။သူသည် ဘုရားသခင်၏ လမ်းပြ သန့်ရှင်းသောဝိညာဉ်တော်ပင် ဖြစ်ပါသည်။ သင့်အား အရာတိုင်းကိုဖော်ပြ၍ သူကြားသော အရာများကို သင့်အားပြသသည်။ သင်၏စကားများကို ပြန်လည် ပြောကြားမည်။ သင်ပြောသောအရာများကို ပြောပါမည်။ အာမင်။ သင်ဘာ ဖြစ်ခဲ့သည်။ ဘာရသည်။ ဘယ်သွားမည် စသည်တို့ကိုပြောပါသည်။ လမ်းပြမှန်ကန်သော လမ်းပြ ဖြစ်ပါသည်။ သမ္မာတရားအားလုံးကို သူက လမ်းပြပါမည်။သူ၏နှုတ်ကပတ်တော်မှာလည်း သမ္မာတရားပင် ဖြစ်ပါသည်။

29 ၂၉။ ယခုသန့်ရှင်းသောဝိညာဉ်တော်မှာ သင့်အားဘယ်တော့မှ“အာမင်” ဟုမပြောပါ။ လူလုပ်သော ဩဝါဒယုံကြည် ချက်ကို လက်မခံပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုအာမင်နှင့် ဆက်လိုက်ခြင်းဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် က သင့်ကို အခြားလမ်းဖြင့်လမ်းပြပါ့မည်။ ထူးခြားသောအရာမှာ ကျွန်ုပ်တို့အားလုံး ဂိုဏ်းဂဏကြီးများအားလုံးကို သန့်ရှင်းသောဝိညာဉ်တော်ကတစ်ဦးစီကို လမ်းပြမည်ဟု ကြွေးကြော်ပါသည်။ ကျွန်ုပ်တို့အားလုံးတွင် နေ့ရောညပါ ကွာခြားချက်များစွာ ရှိပါသည်။

30 ၃၀။ ပေါလုတည်းဟူသော ဖာရိရှဲကလေးမှာ သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိသောအခါ အာနနိက သူကို ဗတ္တိဇံကိုပေး ပါသည်။ အာရေဗျသို့သွား၍ (၃) နှစ်စာသင်ပါသည်။ပြန်လာပြီး အသင်းတော်ကို ၁၄ နှစ်ကာလပတ်လုံးအတွက် တိုင်ပင်ခြင်း မပြုလုပ်ပါ။ သူလာ၍ ယေရုဆလင်မြို့အသင်းတော်၏ ခေါင်းဆောင် ပေတရုကို တွေ့ဆုံသောအခါ ဩဝါဒ သွန်သင်မှုတွင် သူတို့သည် မျက်နှာချင်းဆိုင်ရင်ဆိုင်ရပါတော့သည်။ အဘယ်ကြောင့်နည်း။ အလားတူ သန့်ရှင်းသောဝိညာဉ်တော်ပင် ဖြစ်ပါသည်။ယေရှုခရစ်တော်၏ နာမ၌ ပေတရုကို ဗတ္တိဇံပေးခဲ့သောနေရာ ဖြစ်ပါသည်။ ပေါလုကလည်း အလားတူအရာကိုမည်သူကိုမျှမပြောဘဲ လုပ်ခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံအကြောင်း ပေတရုက သွန်သင်ပေးခဲ့ပါသည်။သန့်ရှင်းခြင်းစသည်တို့ကို သွန်သင်ပေးသည်။ ပေါလုက အလားတူအရာကို အသင်းတော်ကို တိုင်ပင်ခြင်းမပြုဘဲပြုလုပ်ခဲ့ပါ သည်။ အကြောင်းမှာ လမ်းပြမှာ တစ်ဦးတည်းဖြစ်သောကြောင့် ဖြစ်ပါသည်။ ဤသမ္မာတရားများကိုလူများက ငြင်းပယ်သော အခါ ယနေ့ကျွန်တော်တို့မည်သို့ဖြစ်နိုင်ပါမည်နည်း။ အသင်းတော်ကိုအစီအစဉ်တကျ ထားရှိရန်နည်း လမ်းနှင့်ပတ်သက်၍ ပေတရုက သွန်သင်ပေးသောအခါ ပေါလုက အလားတူဩဝါဒပင် ရှိပါသည်။ အကြောင်းမှာ လမ်းပြတစ်ဦးတည်းရှိသော ကြောင့် ဖြစ်ပါသည်။

31 ၃၁။ လမ်းပြမှာ ဤနည်းလမ်းအတိုင်းလိုက်သွား၍ တစ်ဦးမှာထိုနည်းလမ်းအတိုင်း သွားရပါမည်။ တဦးကို အရှေ့ဖက်သို့စေလွှတ်၍ တဦးကို အနောက်ဖက်သို့စေလွှတ်ပါသည်။ ကိုယ်တော်ကသင့်ကို အတူတကွထားပါမည်။သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်ုပ်တို့အား အတူတကွထားပါက ကျွန်ုပ်တို့မှာ တလုံးတဝတည်းဖြစ်ပါမည်။နတ်ဆိုးက သင့်အားလမ်းမှား သို့ ဆွဲခေါ်သွားခြင်းမရှိပါက ကျွန်ုပ်တို့မှာ စိတ်နှလုံးတဘောတည်းတမျိုးတည်းဖြစ်၍ ဝိညာဉ်တော်တပါးတည်းဖြစ်ပြီး ဘုရားသခင်၏လမ်းပြခြင်းမှာ ကျွန်ုပ်တို့အားလုံးကို သမ္မာတရားလမ်းထဲသို့ပို့ဆောင်မည်ဖြစ်ပါသည်။ အမှန်တရားပင်ဖြစ် ပါသည်။ သို့သော်သင့်လမ်းပြနောက်သို့သင်လိုက် ရပါမည်။ ဟုတ်ပါတယ်ဆရာ၊

32 ၃၂။ နိကောဒင်ကိုကြည့်ပါ။ သူမှာ လမ်းပြလိုပါသည်။ သို့တိုင်သူကလူတော်ဖြစ်ပါသည်။ သူသည်ဆရာဖြစ်၍ အသက် ၈၀ ခန့်ရှိပြီးဖြစ်ပါသည်။ ဖာရိရှဲကိုင်းဝင်ဖြစ်သည်။ယုဒတရားရုံး၊ ကောင်စီ၊ ဓမ္မဆရာများအဖွဲ့နှင့်ဆိုင်ပါသည်။ သူသည် လူတို့၏အကြီး မြတ်ဆုံးသောသူတစ်ဦးဖြစ်သည်။ ဣသရေလနိုင်ငံတွင် ဆရာဖြစ်၍ အလွန်တော်ပါသည်။ စဉ်းစားကြည့်ပါ။ ဆရာတို့၏ဆရာဖြစ်သည်။ ဟုတ်ပါသည်။ သူသည် ဥပဒေနားလည်သည်။ ဒုတိယမွေးခြင်း နှင့်ပတ်သက်သောအခါ သူမှာလမ်းပြလိုလားပါသည်။ သူက ထိုအရာအတွက် ဆာငတ်နေပါသည်။ ကွာခြားမှုတခုရှိရမည်ကို သူသိပါသည်။ခရစ်တော် ထံသို့ လာသောညက သူ၏အမှု အရာမှာ သက်သေဖြစ်ပါသည်။ ဤအရာအတွက်လည်း သက်သေဖြစ်ပါသည်။ဤလူများ အတွက် ခံစားချက်ပင်ဖြစ်ပါသည်။ သို့သော်သူတို့တစ်ဦးတစ်ယောက်မှ အလွန်ဆန္ဒပြင်းပြခြင်းမျိုးမရှိပါ။ သူတို့အထဲတွင် တစ်ဦးတစ်ယောက်မှ တက်လာနိုင်မည် မဟုတ်ဘဲ သူကဲ့သို့လုပ်နိုင်မည်မဟုတ်ပါ။ လူတိုင်းနိကောဒင်ကို ညဖက်လာရန် စီရင်ချက်ချပါသည်။ သူထို နေရာသို့ရောက်ပါသည်။သူရောက်လာပါသည်။ လူအချို့ကို စတင်နေပြီးဖြစ် ကြောင်း ကျွန်တော် သိပါသည်။ နေ့(သို့)ညဖြစ်ပါသည်။သို့သော်လည်း ထိုနေရာသို့ရောက်သွားပါသည်။ လမ်းပြလိုအပ်ပါသည်။ သူပြော

သည်မှာ"သင်ကိုယ်တော်သည် ဘုရားသခင်ထံမှလာသော ဆရာဖြစ်ကြောင်း ကျွန်တော်တို့သိပါသည်။" ဘာကြောင့်သူကသိရပါသနည်း? သူ့အားဖေါ်ပြခြင်းကြောင့် သိရပါသည်။ အသစ်တစ်ဖန် မွေးဖွားခြင်းမှာ ဘာအဓိပ္ပါယ်ဖြစ်ကြောင်းသူသိလို ပါသည်။ မှန်ကန်ဆုံး သူ့ထံသို့ သူက သွားပါသည်။ အကြောင်းမှာ ဘုရားသခင်က သူ၏လမ်းပြယေရှုဖြစ်ကြောင်းဖေါ်ပြ ထားခြင်းကြောင့် ဖြစ်ပါသည်။သူကပြောသည်ကို ကြည့်ပါ။ "သခင် ကိုယ်တော်သည် ဘုရားထံမှလာသောဆရာဖြစ် ကြောင်း ကျွန်တော်တို့သိပါသည်။ အကြောင်းမှာ ဘယ်သူမှ ကိုယ်တော်ရှင်ပြသော အမှုတို့ကိုမပြုနိုင်သောကြောင့် ဖြစ်သည်။ ဘုရားမပါဘဲနှင့် မလုပ်နိုင်ပါ။"

33 ၃၃။ ကိုယ်တော် ကိုယ်တော့်အထဲမှာ ဘုရားရှိကြောင်းကိုထိုနေရာမှာ ဖေါ်ပြပေးပါသည်။ သူသက်သေခံသည်မှာ "ထိုအမှုများကို ငါပြု၍မဟုတ်ပါ။ ငါ့အထဲတွင်ဝိညာဉ်တော်ကျိန်းဝပ်ခြင်းကြောင့် ဖြစ်ပါသည်။ ငါအမှန်အကန်ဆိုသည်ကား သားတော်ကား မိမိဖာသာဘာမှမလုပ်နိုင်ပါ။ သို့သော် ခမည်းတော် ပြုသောအမှုမှာ သားတော်လည်း ပြုနိုင်ပါသည်။ ခမည်းတော်အမှုပြုသကဲ့သို့ငါလည်း အမှုပြုသည်။ တနည်းအားဖြင့်ဆိုသော် ဘုရားက သူ့အား ဘာလုပ်ရမည်ကိုဖေါ်ပြ၍ သူသည် သွားပြီး အမှုပြုခဲ့ပါသည်။ ဘုရားသခင် မပြောဘဲနှင့် သူက ဘာမှမလုပ်ပါ။အာမင်။ အမှန်တစ်ကယ် ပွင့်လင်းရိုးသားခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်တို့ ဝိညာဉ်တော်လှုပ်ရှားသည့်အထိ ပြုလုပ်ပါက ဖြစ်ပါသည်။ ၎င်းနောက် ခရစ်တော်၌ လုံးဝပျောက် ဆုံးသွားပြီးကျွန်ုပ်အား ကိုယ်တော်ရှင် ပြသကဲ့သို့သူလည်း ပြုစရာမလိုတော့ပါ။ သို့သော်လည်း သူ၏ပထမဆုံးခေါင်း ငြိမ့်လိုက်ခြင်းမှာ သင်အသင့်ဖြစ်၍ ဘာကမှ သင့်ကိုတားဆီး၍ မရနိုင်ကြောင်းသိရပါသည်။ အကြောင်းမှာ ဘုရားအလို တော်ဖြစ်ကြောင်း သင်သိသောကြောင့် ဖြစ်ပါသည်။

34 ၃၄။ သူမှာ လမ်းပြလိုအပ်ပါသည်။သူသည် ဖေါ်ပြခြင်းခံရစေသော လမ်းပြဖြစ်ပါသည်။ ဤလမ်းပြက သူ့အား လမ်းပြ မည်ဖြစ်ပြီးဘုရားသခင်အားဖြင့် မှတ်သွင်းခြင်း ခံရကြောင်း သူက ဤလမ်းပြအကြောင်းကို သိနေပါသည်။ သူအစေခံခဲ့သောအစဉ်အလာများကို သူသိသည်။ ဖာရိရှဲ၊ ဇဒ္ဒုကဲများ ဖြစ်ကောင်းဖြစ်နိုင်သည်။ သူသည် ထိုယုံကြည်ချက်များကိုတောက် လျှောက် အစေခံခဲ့၍ ဘာတစ်ခုမှ ဖြစ်မလာကြောင်း တွေ့ရှိရပါသည်။ သို့သော် မြင်ကွင်းပေါ်သို့သူ လူ(၁)ယောက် ပေါ်လာ ပါသည်။ သူသည် သမ္မာကျမ်းစာ ဂတိတော်နှင့် ယှဉ်သောမေရှိယဟု ဆိုပါသည်။၎င်းနောက် သူကထွက်သွား၍ ဘုရားသခင် ၏အလုပ်များကို လုပ်ပါသည်။ ယေရှုမိန်တော်မူသည်မှာ"ငါသည်ငါ့ခမည်းတော်၏ အလုပ်များကို မလုပ်ပါက ငါ့ကိုမယုံကြည် နှင့်ဟု ဆိုပါသည်။သို့သော်သင်ကကျွန်ုပ်ကို မယုံကြည်နိုင်ပါက ငါပြုသောအမှုတို့ကို ယုံကြည်ပါ။ အကြောင်းမှာ သူတို့ကငါ့အကြောင်း သက်သေခံခြင်း ကြောင့်ဖြစ်ပါသည်။

35 ၃၅။ နိကောဒင်က ပြောသည်မှာ အံ့ဖွယ်မဟုတ်ပါ။ "သခင်ကျွန်ုပ်တို့သိသည့်အတိုင်းကိုယ်တော်သည်ဘုရားသခင်ထံမှ လာသော ဆရာဖြစ်သည်။ အကြောင်းမှာ ဘုရားမပါဘဲ ကိုယ်တော်ပြုသောအမှုတို့ကို မည်သူမျှမပြုနိုင်ကြောင်း ကျွန်ုပ်တို့သိပါသည်။သူမှာ လမ်းပြလိုကြောင်း ကျွန်တော်သိပါသည်။ ကိုယ်တော်၌ အရာတိုင်းမှာ သခင်ဖြစ်သော်လည်းလမ်းပြလို သည်။ သင်၏အသင်းတော်မှာလည်း သူကဆရာဖြစ်ပါသည်။ သူမှာ ဂုဏ်သိက္ခာရှိသည်။ ထင်ရှားသောနေရာများရှိသည်။သူသည် ကြီးမြတ်သောသူဖြစ်သည်။ တနိုင်ငံလုံးမှာ လူများကလည်း သူ့အားကြည်ညိုလေးစားကြသည်မှာသံသယဖြစ်ဖွယ် မဟုတ်ပါ။ ဒုတိယမွေးခြင်းခံရန် ဖြစ်လာကြသောအခါ သူမှာလမ်းပြ လိုအပ်ပါသည်။ထိုနည်းတူ ကျွန်ုပ်တို့လည်း ဖြစ်ပါသည်။ ကျွန်ုပ်တို့လမ်းပြလိုအပ်ပါသည်။

36 ၃၆။ ကောနေလိမှာ ကြီးမြတ်သောပုဂ္ဂိုလ်တပါးဖြစ်ပါသည်။အများ၏ကြည်ညိုလေးစားမှုကိုလည်း ခံရသူဖြစ်သည်။ သူဘုရားကျောင်းများ ဆောက်သည်။ သူကယုဒများကိုကြည်ညိုလေးစားရခြင်းအကြောင်းမှာ သူတို့၏ဘာသာသည် မှန်ကန် ကြောင်းသူတို့ သိသောကြောင့်ဖြစ်သည်။သူသည်နေ့စဉ်အလှူငွေထည့်ပြီး နေ့စဉ်ဆုတောင်းသည်။ သို့သော်လည်း သန့်ရှင်း သောဝိညာဉ်တော်ကြွလာသောအခါ(အသင်းတော်သို့တစုံတခုကို ထပ်မံ၍ ပေါင်းထည့်လိုက်ခြင်း ခံရပါသည်။) သူက လမ်းပြ လိုအပ်ပါသည်။ ဘုရားသခင်က သန့်ရှင်းသော ဝိညာဉ်တော်ကို သူ့ထံသို့စေလွှတ်ပါသည်။ ပေတရုတည်းဟူသော ပုဂ္ဂိုလ်အားဖြင့်သူကစေလွှတ်ခြင်း ဖြစ်သည်။ "ပေတရုက ဤစကားများကို ပြောဆိုသောအခါ သန့်ရှင်းသောဝိညာဉ် တော်သူ့အပေါ်သို့ကျရောက်လာပါသည်။"(တိတ်ခွေပေါ်တွင် ကွက်လပ်ဖြစ်နေသည်။ အယ်ဒီတာ) ဘုရားသခင်က ပေတရု အားဖြင့် လမ်းပြကိုရွေးချယ်ခဲ့ပါသည်။ သူတို့အရာကို အသုံးပြုခြင်းမှာ ကောနေလိကို လမ်းမှန်ပေါ်သို့လမ်းပြနေခြင်းကြောင့်ပင် ဖြစ်ပါသည်။ သူစကားပြောနေစဉ် သန့်ရှင်းသောဝိညာဉ်တော်သည် တပါးအမျိုးသားများ အပေါ်ကျရောက်လာပါသည်။၎င်းနောက် ကိုယ်တော်က ပြောပါသည်။ ရေဗတ္တိဇံကို လက်မခံဘဲ နေနိုင်ပါမည်လား။ လမ်းပြက ပြောနေဆဲဖြစ်ပါသည်။ပေတရု ပြောခြင်းမဟုတ်ပါ။ယုဒအုပ်စုတစုပင် ဖြစ်ပါသည်။ .... သို့မဟုတ် တပါးအမျိုးသား များဖြစ်ပါသည်။မသန့်ရှင်းခြင်း၊ ညစ်ပတ်ခြင်းဖြစ်သည်။ သင်လုပ်မည်ဟု သင်မထင်သောအရာများကို သင်ပြုလုပ်ခဲ့ပါသည်။လမ်းပြက လုံးဝထိန်း ချုပ်သွား သောအခါ ကိုယ်တော်ကို သင့်အားလမ်းပြရန် ခွင့်ပြုသောအခါသန့်ရှင်းသောဝိညာဉ်တော် လမ်းပြခြင်းအားဖြင့် မည်မျှနှစ်သက်စရာ ကောင်းပါသနည်း? ကိုယ်တော်သည်လမ်းပြဖြစ်ပါသည်။ ကောင်းပြီ၊ သူက ပေတရုအားဖြင့် စကားပြော ၍ သူဘာလုပ်ရမည်ကို သူ့အားပြောပြပါသည်။ သူတို့အားလုံး သန့်ရှင်းသော ဝိညာဉ်တော်ကိုလက်ခံရရှိသောအခါ သူကပြောပါသည်။"ရေဗတ္တိဇံကိုခံပြီး သန့်ရှင်းသော ဝိညာဉ်တော်ဗတ္တိဇံကို ခံရပါမည်။ အစအဦးကဲ့သို့ ဖြစ်ပါသည်။"သခင်ယေရှုနာမတော်မြတ်၌ သူတို့က ဗတ္တိဇံကို ပေးခဲ့ပါသည်။ ထိုသို့ပြုလုပ်ရန် မည်သူကလမ်းပြပါသနည်း? သူ့အတွင်း၌ရှိသော လမ်းပြပင်ဖြစ်ပါသည်။ ယေရှုက သူတို့အား မပြောပေဘူးလား?"သင်ဘာ ပြောမည်ကို မစဉ်းစားပါနှင့်၊ အကြောင်း မှာ သင်ပြောနေခြင်း မဟုတ်ဘဲ သင့်အထဲမှာကျိန်းဝပ်တော်မူသော ခမည်းတော်က ပြောနေခြင်းဖြစ်ပါသည်။ သူက စကား ပြောနေခြင်း ဖြစ်သည်"အာမင်၊

37 ၃၇။ ယေရှုရှုလင်မြို့မှ ဆင်းသက်ကြွလာတော်မူသောသူဖြစ်သည်။ထိုစဉ်က ဘုရားသခင်မှာ လမ်းပြရှိသည်။ သန့်ရှင်း သောဝိညာဉ်တော်ပင် ဖြစ်ပါသည်။ ဤလမ်းပြဖြင့်ပြည့်လျှက်ရှိသောသူ သူမှာ ရှိပါသည်။ သူသည် တရားဟောဆရာ မဟုတ်ပါ။ သင်းထောက်ကဲ့သို့သာဖြစ်ပါသည်။ သူသည် အနာရောဂါကို ငြိမ်းစေသူဖြစ်၍ နတ်ဆိုးများကို မောင်းထုတ်သည်။ အလွန်ကြီးမားစွာနိုးထ၍ မြို့ထဲမှာ ကြီးစွာသော ဝမ်းမြောက်ခြင်း ဖြစ်သည်။ လူရာပေါင်းများစွာ သူ့အနားမှာစုဝေး နေကြသည်။ လမ်းပြကပြောသည်မှာ

"များလွန်းသည်၊ ဤလမ်းအတိုင်း ပြန်ကြမည်" သူ၏လမ်းပြနှင့်သူက အငြင်းမပွားပါ။

လမ်းပြနှင့်အငြင်းမပွားပါနှင့်။ ကိုယ်တော်နောက်ကို လိုက်ပါ။ သင်မလိုက်ပါက သင်လမ်းပျောက်ပါသည်။ သင်က ကိုယ် တော်ကို စွန့်ခွာပါက သင့်လမ်းသင်လျှောက်ခြင်း ပင်ဖြစ်သည်။ လမ်းပြနှင့် နီးစပ်ရန် လိုအပ်ပါသည်။

38 ၃၈။ လမ်းပေါ်တွင် သူကပြောပါသည်။ "ဖိလိပ္ပု ယခုဘယ်သူမှမရှိသောကန္တာရထဲသို့သွားပါ။ သို့သော်လည်း ငါက သင့်ကိုစေလွှတ်၍ တစ်စုံတစ်ဦးက ထိုနေရာမှာ သင့်ကိုစောင့်နေပေမည်။" အထီးကျန်ဆန်နေသော ထိုသူမှာ အီသီယိုပီး ယားဘုရင်မ၏ အရေးပါသော မိန်းမထိန်းကြီးဖြစ်သည်။ သူဆင်းလာ၍ ဟေရှာယအနာဂတ္တိကျမ်းကိုဖတ်နေပါသည်၊ လမ်း ပြက "မြင်းလှည်းနားသို့သွားပါ" ဟုဆိုသည်။

သူကမေးလိုက်သည်။ "သင်ဖတ်နေသောအရာကို သင်နားလည်ပါသလား?"

သူက"ကျွန်တော့်အား လမ်းပြမည့်သူ မရှိဘဲနှင့် ကျွန်တော် မည်သို့နားလည်နိုင်ပါမည်နည်း?" ဖိလိပ္ပုမှာ လမ်းပြရှိပါသည်။ အာမင်။ သူက အလားတူကျမ်းစာမှပင်စတင်၍ ခရစ်တော်လာမည့်အကြောင်း တရားဟောပါသည်။ အာမင်၊ လမ်းပြ၊ သူ့အား ယုံကြည်ချက်အချို့ကိုပြောပါ။ သူကလမ်းပြအကြောင်း ပြောပါသည်။ ခရစ်တော်ဖြစ်သည်။ ၎င်းနောက် သူကရေထဲ တွင် သူ့အား ဗတ္တိဇံကိုပေးခဲ့ပါသည်။သေချာပါသည်။ ၎င်းပင် ဖြစ်ပါသည်။ ကျွန်တော် ထိုအရာကို များစွာ နှစ်သက်ပါသည်။

39 ၃၉။ ဂတိထားတော်မူရာပြည်သို့သွား၍ အီဂျစ်နိုင်ငံမှဣသရေလတို့ထွက်ခွာလာသောအခါ (ထွက် ၁၃း၂၁)တွင် ဘုရားသခင်က သူတို့ ဤကဲ့သို့ယခင်က ခရီးမထွက်ခဲ့ဘူးကြောင်းပြောပါသည်။ မိုင်ပေါင်း(၄၀)သာရှိ၍ သူတို့နှင့်အတူ တစ်စုံတစ်ခုလိုအပ်ကြောင်းသူတို့ သိပါသည်။ သူတို့လမ်းပျောက်သွားပါသည်။ ဘုရားသခင်က သူတို့အား လမ်းပြကို စေလွှတ်ခဲ့ပါသည်။(ထွက်၁၃း၂၁)တွင် ထိုသို့ဆိုထားပါသည်။ "သူတို့သည် နေ့ညသွားနိုင်အောင် ထာဝရဘုရားသည် နေ့၌ လမ်းပြဖို့မိုးတိမ်တိုင်အားဖြင့်၎င်း၊ ည၌ အလင်းပေးဖို့ မီးတိုင်အားဖြင့်၎င်း၊ သူတို့ရှေ့က ကြွတော်မူ၏။" ဂတိထားတော်မူ ရာပြည်ကိုလမ်းပြပို့ဆောင်သည်။ ဣသရေလ၏ သားသမီးများက ထိုလမ်းပြမီးတိုင်(ည) နေ့မှာ တိမ်တိုင်နောက်သို့လိုက်ကြသည်။ ၎င်းက ရပ်လျှင် သူတို့ရပ်ကြသည်။ ၎င်းက ခရီးဆက်နေလျှင် သူတို့ ခရီးဆက်ကြသည်။ခါနန်ပြည်နှင့် နီးလာသောအခါ သူတို့ဆက်သွားရန် မသင့်တော်တော့ပါ။ သူတို့ကို တောထဲသို့ပြန်ခေါ်သွားပြန်ပါသည်။ သူတို့နှင့်အတူမသွားတော့ပါ။

40 ၄၀။ ထိုအရာပင်ဖြစ်ပါသည်။ ယနေ့အသင်းတော်ပင် ဖြစ်ပါသည်။နောဧ၏ နေ့ရက်ကာလများကကဲ့သို့ဖြစ်သည်။ အသင်းတော်မှာ အမှန်ပြင်ဆင်ခြင်းခံရပြီး အစီအစဉ်တကျဖြစ်ပါကပျောက်ဆုံးသွားရပါမည်။ သို့သော်လည်း သူ့အားလမ်းပြ၍ တစ်ခေါက်ပြီး တစ်ခေါက် သွားနေရပါမည်။

ဣသရေလကအနည်းငယ်သာ သိပါသည်။ သူတို့အော်ဟစ်နေသောအခါ အီဂျစ်စစ်သားများ သေဆုံးနေသည်ကို တွေ့ရသောကြောင့်၊ မြင်းများ ရေထဲမြောပါသွားသောကြောင့် ဝမ်းသာစွာအော်ဟစ်ကြပါသည်။ ဖာရောဘုရင်၏မြင်းလှည်းများ ဖောက်ထိုး မှောက်ခုံ ဖြစ်သွားကြသည်။ သူတို့အောင်မြင်မှု ကြုံတွေ့ရသည်။မောရှေမှာ ဝိညာဉ်တော်၌ သီချင်းဆိုလျှက် ရှိသည်။ မိရိအံမှာ ဝိညာဉ်တော်၌ ကခုန်လျှက်ရှိသည်။ ဣသရေလ၏ သမီးပျိုများမှာ မြစ်ကမ်းတစ်လျှောက် အထက် အောက်ပြေးလွှား ကခုန်အော်ဟစ်နေကြပါသည်။ နို့နှင့်ပျားရည်စီးဆင်းသော နေရက်များနှင့် သိပ်အလှမ်းမကွာတော့ပါ။ နှစ်ပေါင်း(၄၀)သာ ဝေးကွာကြောင်း သူတို့အနည်းငယ်သာ သိကြပါသည်။ အကြောင်းမှာ သူတို့သည် ဘုရားသခင်နှင့်လမ်းပြကို ဆန့်ကျင်ပြီး အပြစ်တင်ပြောဆိုသည်မှာ စတင်နေ ပြီဖြစ်သည်။

41 ၄၁။ ကျွန်တော်တို့လည်း ထိုနည်းလမ်းအတိုင်းပင် ကြုံတွေ့ရပါသည်။ထိုနေရာမှရပ်၍ ကျွန်တော် Shreveport သို့ သွားပါသည်။ သန့်ရှင်းသောဝိညာဉ်တော်က ကျေးဇူးတော်ချီးမွမ်းသောနေ့ရက်မှာ ကျရောက်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၅၀)ခန့်က ကျေးဇူးတော် ချီးမွမ်းရာနေ့တွင်လူဝီတီယားနားတွင် ကျရောက်ခြင်းဖြစ်သည်။ ထိုစဉ်ကတည်းက အသင်းတော် မည်သို့ကျဆင်းခဲ့သည်ကိုကြည့်ပါ။ ရောမကာသိုလိပ်အသင်းတော်မှာ အစပြုစဉ်အခါ ပင်တေကုတ္တေအသင်းတော်ပင် ဖြစ်ပါသည်မဟုတ်ပါလား? ၎င်းမှာ အမှန်တရားပင် ဖြစ်ပါသည်။ မှန်ပါသည်။ ပင်တေကုတ္တေအသင်းတော်ပင် ဖြစ်ပါသည်။သို့သော်လည်း အကြီးအကဲများက ဝင်ရောက်လာရန် ကြိုးစားပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုသူတို့၏ အစဉ်အ လာများသို့ပြောင်းလဲပစ်လိုက်ပါသည်။ သူတို့၏ ဩဝါဒအယူအဆများ ကိုပေါင်းထည့်ခြင်းစသည်တို့ပြုလုပ်ကြပါသည်။ သူတို့ဘာရသည်ကိုကြည့်ပါ။ ကျမ်းစာတစ်ချက်မှ မပါပါ။ သူတို့ကတစ်စုံတစ်ရာကို တစ်စုံတစ်ရာနှင့် အစားထိုးရန်ကြိုးစား သည်။ သန့်ရှင်းသောဝိညာဉ်တော်အစားမုန့်စလေးတစပင်ဖြစ်သည်။ ရေနှစ်ခြင်းအစား၊ ရေဖျန်းခြင်း အစားထိုးခဲ့သည်။ သခင်ယေရှုခရစ်တော်အစားသူတို့က "ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်" နှင့်အစားထိုးခဲ့သည်။ ဤကြီးမားသောဘုရားသခင်၏အရာများကို သူတို့က အစားထိုးရန် ကြိုးစားပါသည်။ နှုတ်ကပတ်တော် ဩဝါဒနှင့်၎င်းတို့မှာ ဝေးကွာသထက် ဝေးကွာသွားပါသည်။

42 ၄၂။ လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကပင် လူဝီတီယားနားတွင်ပင်တေကုတ္တေ ကျရောက်ခဲ့ပါသည်။ နောက်ထပ် နှစ်ပေါင်း (၂၀၀) ရပ်တည်ခဲ့ပါက ကက်သလစ်အသင်းတော်ထက်ပင်ဝေးကွာသွားပေမည်။ လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကပင် လဲကျ လျှက် ဖြစ်ပါက သူတို့သည် အမြဲတမ်းပင်တစ်ချိန်လုံးပေါင်းထည့်လျှက် ရှိနေပါသည်။ အမြဲတမ်းပင် ဖြစ်ပါသည်။ ရှေးကျ သော တရားဟောဆရာမရှိတော့ပါ။ လမ်းတွင် စည်းဝေးပွဲများကို သင်ဘယ်တော့မှ မကြားရတော့ပါ။ ဟောလီးဝုဒ်ပုံစံပေါင်းထည့်ခြင်းကိုသာ တွေ့ရပါသည်။ ဆံတို၊ ဘောင်းဘီ တိုနှင့် မျက်နှာလိမ်းချယ်လျှက်သူတို့ကိုယ်သူတို့ခရစ်ယာန်များဟု ဆိုကြပါသည်။ ဂီတာနှင့် ရစ်ကီများတွေ့ရသည်။ ပြေးတက်ပြေးဆင်း၍အမျိုးသမီးများလည်း ကြတ်ကြတ်တောက် တောက် ဝတ်ဆင်ကြသည်။ အသားကပ်အသားပေါ်လျှက် ရှိသည်။ လမ်းဘေး ပလက်ဖောင်းပေါ်တွင် လူပ်ခါ၍ ပြေးတက်ပြေးဆင်းပြီး ကခုန်နေပါသည်။ နားရွက်မှာလည်း နားဆွဲများ ချိတ်ဆွဲထားကြသည်။ ဆံတိုနှင့် ခေတ်သစ်အမျိုးသမီးများဖြစ်ပြီးသူတို့ကိုယ်သူတို့ခရစ်ယာန်များဟု ခေါ်ကြပါသည်။

ကျွန်တော်တို့မှာလိုအပ်ချက်သည် ရှေးကျသော ဘုရားရှင်စေလွှတ်မည့် ဘာသာရေးဖြစ်ပြီး အသင်းတော်ထဲမှ လောက ဆန်ခြင်းပါဝင်ပါသည်။သန့်ရှင်းသောဝိညာဉ်တော်ထံသို့ပြန်လာ၍ မီးကျလာပါသည်။ တောက်လောင်မည်ဖြစ်သည်။ အလွန် ပူပြင်းပါသည်။ ထိုသို့သော တရားဟောမှုကို ကျွန်တော်တို့လိုအပ်သည်။ သို့သော် သင်ယနေ့ပြုလုပ်ပါ။ သင့်အသင်းတော်ကသင့်ကိုမဲပေးပြီး ပထုတ်လိုက်မည်ဖြစ်ပါသည်။

43 ၄၃။ တစ်ခါတစ်ရံ တရားဟောဆရာကောင်းများမှာ သူတို့၏ပရိတ်သတ်ကို လမ်းလွဲစေပါသည်။ ထိုအကြောင်းကြောင့် ကျွန်တော့် မှာ ဂိုဏ်းဂဏ မရှိခြင်းဖြစ်သည်။ကျွန်တော့်မှာ ဌာနချုပ်တစ်ခုသာ ရှိသည်။ ကောင်းကင်မှဖြစ်သည်။ ကိုယ်တော်ရှင် ပို့ဆောင်သည့်မည်သည့် နေရာသို့မဆို ကျွန်ုပ်သွားပါမည်။ သူဘာပြောပြော ကျွန်တော် ပြောပါမည်။ ကျွန်တော်တို့ဂိုဏ်းဂဏ မရှိသည်ကို ကျွန်တော်မလိုလားပါ။ ဤအသင်းတော်က ဂိုဏ်းဂဏအကြောင်း ပြောပါသည်။သင်၏ သင်းအုပ်ကို ထိုစဉ်မှာပင် သင်ဆုံးရှုံးသွား ပါပြီ။ ကျွန်ုပ် ထိုအရာပတ် လည်မှာချိတ်တွဲမနေပါ။ (၅)မိနစ်ပင် မနေပါ။ မျိုးစေ့ထံသို့အသင်းတော်တိုင်း၏ ဂိုဏ်းဂဏ ပိုင်းကဝင်ရောက်သွားပါသည်။ မျိုးစေ့သို့ မသွားသောတစ်ခုကို ကျွန်ုပ်အား ပြောပါ။ တစ်ဖန် ထမြောက်သောသူတစ်ဦးကိုပြောပါ။ သန့်ရှင်း သောဝိညာဉ်တော်ကို စေလွှတ်၍ အသင်းတော်ကို လမ်းပြစေပါ။ လူအုပ်စုအ ချုပ်မှုဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်မှာ အားလုံးပညာနှင့် ပြည့်စုံပါသည်။ လူတို့မှာ မာကြောသွားတတ်ပါသည်။

44 ၄၄။ ဘုရားသခင်က လူတို့ထံသို့လမ်းပြကို စေလွှတ်မည်ဟုဆိုပါသည်။ ကိုယ်တော်က လမ်းပြသွားပါမည်။ သူတို့သည် မီးတိုင် နောက်ကို လိုက်နေသမျှ ကာလပတ်လုံးထိုသူတို့သက်သာရာရပါသည်။ သူက ဂတိထားတော်မူရာ ဂိတ်တံခါးသို့သူတို့အား လမ်းပြပါသည်။ သူသွားနိုင်သလောက် သွားရမည့်လမ်းဖြစ်သည်။ ယောရှုမှာ ကြီးမြတ်သော စစ်သူရဲကောင်း ကြီးဖြစ်သည်။သူတို့အား သူကပြောနေသည်ကို သတိရပါ။ "သင်တို့ကိုယ် သင်တို့သန့်ရှင်း စင်ကြယ်စေပါ။ (၃)ရက်မြောက်သောနေ့မှာ ဘုရားသခင်သည် ယော်ဒန်မြစ်ကိုဖွင့်လျှက် ကျွန်ုပ်တို့ ဖြတ်သန်းသွားရပါမည်။"ယခု ဘာပြောသည်ကိုကြည့်ပါ။ (ဤအရာကို ကျွန်ုပ် ကြိုက်ပါသည်။) သူပြောသည်မှာ ပဋိညာဉ်သေတ္တာနောက်မှာနီးနီးကပ်ကပ်နေပါ။ အကြောင်းမှာ သင်က ဤလမ်းကို ယခင်က မဖြတ်ဘူးပါ။

45 ၄၅။ ပဋိညာဉ်သေတ္တာမှာ အဘယ်နည်း? နှုတ်ကပတ်တော် ဖြစ်ပါသည်။သင်၏ ဂိုဏ်းဂဏဆိုင်ရာ လမ်းများကို သင်မ လျှောက်လှမ်းပါနှင့်။ နှုတ်ကပတ်တော် အနောက်မှာရပ်တည်ပါ။ အကြောင်းမှာ သင်သည် ကျွန်တော့်ကို ယခင်က မဖြတ်ကျော်ခဲ့သောကြောင့် ဖြစ်ပါသည်။ညီအစ်ကို ခရစ်ယာန်အသင်းတော်က မိမိကိုယ်ကို စစ်ဆေးရမည့်အချိန်ဖြစ်ပါ က ယခုပင်ဖြစ်ပါသည်။ ရောမတွင် ယခုအခါမှာပင် ကြီးမားသောစည်းဝေးကြီး ပြုလုပ်နေပါသည်။ကွာခြားမှုများ ပြုလုပ်နေပါ သည်။ အသင်းတော်များ အဖွဲ့ချုပ်တွင် ဂိုဏ်းဂဏများ အားလုံးပေါင်းစည်း၍သားရဲ၏တံဆိပ်ကို ပုံဖော်ပါသည်။ သမ္မာကျမ်း စာဆိုသည့်အတိုင်း ဖြစ်ပါသည်။ သတင်းစကားများတွင်ယနေ့မနက် ကျွန်ုပ်တို့ပြောဆိုခြင်းကို သင်တို့သိပါသည်။ ဤနေရာ မှာ ကျွန်ုပ်တို့တံခါးနားတိုင်ရောက်နေပါသည်။ ယုံကြည်ချက်ကို လူများက လိုက်နာနေဆဲဖြစ်ပါသည်။ နှုတ်ကပတ်တော် နောက်ကွယ်မှာနေပါ။နှုတ်ကပတ်တော်က သင့်ကို လမ်းပြပို့ဆောင်မည်။ အကြောင်းမှာ နှုတ်ကပတ်တော်သည် ခရစ် တော်ဖြစ်၍ခရစ်တော်သည် ဘုရားဖြစ်သည်။ ဘုရားသည် သန့်ရှင်းသော ဝိညာဉ်တော် ဖြစ်ပါသည်။

နှုတ်ကပတ်တော်တွင်ရပ်တည်ပါ။ ဟုတ်ပါသည်။ ထိုလမ်းပြဖြင့် ရပ်တည်ပါ။၎င်း၏ရှေ့မှာ မနေပါနှင့်။ နောက်မှာနေပါ။သင့်ကို လမ်းပြစေပါ။ သူ့ကိုလမ်းမပြပါနှင့်။သူ့ကို ရှေ့မှသွားစေပါ။

ယောရှုမိန့်တော်မူသည်မှာ"ယခု သင်သည် ဤလမ်းကို ယခင်ကကဲ့သို့ကျော်လွှားမ သွားပါ။ လမ်းအကြောင်း သင်ဘာမှ မသိပါ။"

46 ၄၆။ ယနေ့ပြဿနာမှာ ထိုသို့ပင်ဖြစ်သည်။ ကျယ်သောလမ်းကိုသင့်အား လမ်းပြစရာမလိုပါ။ လမ်းကြားနှင့် အရာတိုင်း က သင် သိပါသည်။ အပြစ်သို့သွားသောလမ်းအားလုံးကို သင်သိပါသည်။ ထိုအကြောင်းကို သင့်အားပြောမည့်သူမလိုပါ။ ဖြတ်လမ်းအားလုံး ကို သင်သိပါသည်။ မှန်ပါသည်။ အဖြစ်တိုင်းမှာ အားလုံးကို သင်သိပါသည်။မည်သို့ဦးတည်ရမည်ကို မည်သူကမှသင့်ကို ပြောပြစရာ မလိုပါ။ သင်ထိုအရာကို သိပါသည်။ မည်သို့ကျိုန်ဆဲ ရမည်ကို ဘယ်သူကမှ သင့်ကို ပြောစရာမလိုပါ။ နေရာတိုင်းမှာ သစ်ပင်တိုင်းမှာ ကပ်ထားသောကြောင့်ဖြစ်သည်။

သို့သော်သတိထားရမည်မှာ သင်တို့လူများမှာ ခရစ်ယာန်များဖြစ်ပါသည်။ သင်က ကျော်ဖြတ်သွားရမှာ ဖြစ်ပါသည်။သင်တို့မှာ အခြားသောနယ်မြေများအတွင်းသို့ရောက်ပါသည်။ သင်သည် ဒုတိယမွေးခြင်း ခံပြီးဖြစ်သည်။သင်သည် ကောင်းကင် မြေပေါ်တွင် ရောက်နေပါသည်။ သင်သည် ဂတိထားတော်မူရာပြည်သို့ရောက်နေပါသည်။

47 ၄၇။ သင်ကြည့်နိုင်ပါသည်။ သင်၏လမ်းတစ်ဝိုက်ကို သင်သိပါသည်။ဘာဖြစ်သည်ကို သင်သိပါသည်။ မည်သို့ရပ်တည်ရ မည်ကိုလည်း သိပါမည်။ သင်သည် ဒိုးပြားကို သိသည်။မည်သည့်အချိန်တွင် လိုမ့်ရမည်ကို သိသည်။ ဘာအဓိပ္ပါယ်ဖြစ် သည်၊ အရာခပ်သိမ်း မည်သို့ဖြစ်သည်ကို သိပါသည်။ သန့်ရှင်းမှုနှင့်ပတ်သက်၍ သိရမည်မှာ ဖြောင့်မတ်ခြင်းနှင့် ဘုရားသခင်၏တန်ခိုးတော်ကို သိရန်လိုပါသည်။ သန့်ရှင်းသောဝိညာဉ်တော် မည်သို့လုပ်ဆောင်၍ မည်သို့အမှုပြုမည်ကိုသိပါ သည်။ နှုတ်ကပတ်တော်နောက်မှာ နေရမည်ကို သင်သိရပါမည်။ လမ်းပြဖြစ်ရပါမည်။ ယခင်က ဤလမ်းကို သင်ဘယ်တော့မှ မဖြတ်မသွားရပါ။

သင်ပြောသကဲ့သို့"ကျွန်တော်သည် လူတော်တစ်ဦးဖြစ်ပါသည်။ ကောလိပ်ကျောင်းမှ ဒီဂရီ(၂)ခုရရှိထားခဲ့ပါသည်။သင်ထိုအ ကြောင်းကို မေ့နိုင်ကောင်းပါသည်။" ဟုတ်ပါသည် ဆရာ

ကျွန်တော်သည်ကျမ်းစာကျောင်းတက်ခဲ့ပါသည်။ သင်မေ့သွားသင့်ပါသည်။ လမ်းပြနောက်မှာ သင်နေလျှင် ပိုကောင်းပါမည်။ ကိုယ်တော် သင့်ကို လမ်းပြပါစေ။ သူက လမ်းသိပါသည်။ သင်မသိပါ။ ယခင်က ဤလမ်းကို သင်မဖြတ်သွားဘူးပါ။ကောင်းပြီ၊ သင်က သူတို့မှာ ရှိသည်ဟု ပြောပါသည်။

သူတို့မှာရှိလျှင်ယေရှုက ပြောပါသည်။ ဤလမ်းကို ဖြတ်သွားသူများကို သူတို့နောက်သို့ဤနိမိတ်လက္ခဏာများ ပေါ်ထွက်လာပါမည်။ ကျွန်ုပ်၏အမည်ကို သူတို့နတ်ဆိုးများ မောင်းထုတ်ပါမည်။ အသစ်သောဘာသာစကားများပြောမည်။ (သို့)မြွေဆိုးများ၊ (သို့) သေလောက်သောအရာများကို သောက်ပါမည်။ အန္တရာယ်မဖြစ်ပါ။ဖျားနာသူများအ ပေါ်သို့သူတို့၏လက်များကိုတင်ပါက သူတို့ပြန်လည်၍ သတိရလာပါမည်။ များသောအားဖြင့်သူတို့က ငြင်းပယ်ကြပါသည်။ ငြင်းပယ်ပါသည်။ ၎င်းမှာ ဝိညာဉ်ရေးရာအရ ခွန်အားရမည် မဟုတ်ပါ။ သူတို့သည် လမ်းပြကို လိုက်နာနေခြင်း မဟုတ်ပါ။ သူတို့သည် လူလုပ်သောယုံကြည်ချက်ကို လိုက်နာနေခြင်း ဖြစ်ပါသည်။ နှုတ်ကပတ်တော်နောက်မှာသင်နေရပါမည်။ အကြောင်းမှာ ဤလမ်းကို သင်က ဖြတ်သွားခြင်း မဟုတ်ပါ။ သင်သိ ပါသည်။

48 ၄၈။ သို့သော်လည်း သင်က ဒုတိယမွေးခြင်း ခံယူပြီးဖြစ်ပါသည်။သန့်ရှင်းခြင်းသို့သင်က မွေးဖွားပြီးဖြစ်သည်။ ဤနည်း လမ်းကို ယခင်က သင်မဖြတ်ခဲ့ရပါ။ ဤလမ်းကို သင်ဖြတ်ခဲ့ပါ က .... သင်သည် သန့်ရှင်းခြင်းကိုကျော်သွားရပါမည်။ အသစ်သောနယ်မြေဖြစ်သောကြောင့် ဖြစ်ပါသည်။ ဘဝအသစ်၊ လူသစ်များ ဖြစ်သောကြောင့်ဖြစ်ပါသည်။

သင်ကဘုရားကျောင်းသို့လာ၍ တစ်စုံတစ်ဦး ထမြောက်သည်ကို သင်ကြားရပါမည်။ ဘုရားဘုန်းတော် ထင်ရှားပါစေ။ ဟာလေလုယာ၊

ဘာကြောင့်လဲ?သင်ပြောပါမည်။ ကျွန်ုပ်၏ ကောင်းမြတ်ခြင်း၊ ကျွန်တော့်အသင်းတော်မှာ သူတို့ဘယ်တော့မှမလုပ်ပါ။ ကျွန်တော် ထရပ်၍ လျှောက်ထွက်သွားပါမည်။ သတိထားပါ။

နှုတ်ကပတ်တော်နောက်မှာရပ်နေပါ။ လမ်းပြက သင့်အားလမ်းပြစေပါ။ သူက သင့်အား သမ္မာတရားလမ်းထဲသို့ပို့ဆောင် သွားပါမည်။ သင့်အား ကျွန်ုပ် ပြောပြသောအရာများကို သင့်အား ဖော်ပြသွားပေမည်။ ကိုယ်တော်က သင့်အား ထိုအရာကို ပြပေမည်။ နောင်လာမည့်အရာများကိုလည်းသင့်အားဖော်ပြပေမည်။ စစ်မှန်သော လမ်းပြဖြစ်ပါသည်။ ဘီးရှော့ထံသို့မသွားပါနှင့်။ လမ်းပြထံသို့သွားပါ။ ဘယ်သူထံကိုမှ မသွားပါနှင့်။ လမ်းပြထံသို့သာ သွားပါ။ ကိုယ်တော်သည် သင့်အားလမ်းပြရန် ပို့ဆောင်ခြင်း ခံရသူဖြစ်သည်။သူသည် ထိုအရာကို ပြုလုပ်မည့်သူဖြစ်သည်။ ဘုရားရှင်ကသင့်အတွက် လမ်းပြကို ပံ့ပိုးပေးပါသည်။ ဘုရားသခင် ပံ့ပိုးပေးသောလမ်းကို ယူပါ။

ပြဿနာမှာယနေ့လူများ ဘုရားကျောင်းသို့လာ၍ မိနစ်အနည်းငယ်လိုနေပါသည်။ သူတို့အတွက် အသုံးမဝင်သောလည်း တစ်ခုခု ဆက်လက်ဖြစ်ပေါ်နေပေမည်။

49 ၄၉။ အေးစက်၍ ပုံမှန် ဘုရားရှိခိုးကျောင်းမှ မိန်းကလေးတစ်ဦးကိုကျွန်တော်နှစ်သက်ပါသည်။ သူမအတွက် ဆုတောင်း ပေးပါသည်။ ဘုရားသခင်က ထိုမိန်းကလေးကို အနာရောဂါငြိမ်းစေပါမည်။သူမ ဤအရာကို နားမလည်ပါ။ ဘာမှမသိပါ။ သူမဝင်လာပြီး ဘာမှမသိသည့်အကြောင်း ပြောပါသည်။ သို့သော် သူမကို ကျွန်တော် ပြောပါမည်။ "လာပါကျွန်တော့်ကို ကြည့်ပါ" သူမမှာ ရှက်ကြောက်၍ ခေတ်နောက်ကျပါသည်။ သို့သော်လည်း လမ်းပြကတော့ဆက်လက်၍ သူမအားပြောပြ နေပါသည်။ "ဆက်လက် လှုပ်ရှားပါ" သူမမှာ ရှိပါသည်။ ၎င်းအရာပင် ဖြစ်ပါသည်။ဤအရာများထံသို့ရောက်ရန် ဝိညာဉ်တော်က ကျွန်ုပ်တို့အားလမ်းပြခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်ထံမှာ ပံ့ပိုးပေးသောလမ်းပြ ရှိပါသည်။

50 ၅၀။ .....ဘဲငန်းရိုင်းတစ်ကောင် ကျော်သွားသည်ကို သင်သတိပြုမိပါသလား?တောင်ပိုင်းကို သွားပါသလား? ထိုဘဲငန်း အိုကြီးမှာ ကန်တစ်နေရာမှ မွေးဖွားလာခြင်းဖြစ်ပါသည်။ သူက အရှေ့၊ အနောက်၊ တောင်၊ မြောက် မသိပါ။ သူဘာမှမသိပါ။ ကနေဒါတောင်များပေါ်တွင်ထိုကန်ရှိနေပါသည်။ သူက ကန်မှထွက်လာခြင်းမဟုတ်ပါ။ သူက ခေါင်းဆောင် အဖြစ် မွေးဖွား လာခြင်းဖြစ်ပါသည်။ ထိုငန်းကလေးမှာ ခေါင်းဆောင် ဖြစ်ဖို့ရန် မွေးဖွားလာခြင်းဖြစ်ပါသည်။ တစ်ညမှာအလွန်ပြင်းထန်စွာ နှင်းကျလာပါ သည်။ တောင်ထိပ်မှ ကျလာခြင်းဖြစ်သည်။ ဘာဖြစ်ပါသနည်း? ထိုအေးစက်သောလေကဖြတ်ကျော်တိုက်ခတ် လာပါသည်။ သူတုန်ခါလျှက် ပြောဆိုနေသည်ကို ကျွန်တော် စဉ်းစားမိပါသည်။"မေမေ ဒါဘာအဓိပ္ပါယ်လဲ?" ယခင်က သူထိုအေးမြသောရာသီဥတုကို မခံစားခဲ့ရဘူးပါ။ သူစတင်၍ သတိပြုမိပြီဖြစ်ပါသည်။ အေးခဲစ ပြုနေပါပြီ။ ကန်ပေါ်သို့ရေခဲကျလာသည်။ သူမသိပါ။ သို့သော်လည်း.... ရုတ်တရက် ထိုဘဲအုပ်စုကို လမ်းပြရန် သူကမွေးဖွားလာပါသည်။သူကို ရိုက်သတ်မိပါက ထိုကန်အလယ်မှာ သူက ခုန်ထွက် လာပါမည်။ သင်ခေါ်လိုသကဲ့သို့သင် ခေါ်နိုင်ပါသည်။ ဝိညာဉ်ခွန်အားဟု ကျွန်ုပ်တို့က ခေါ်ပါသည်။ သင်က အသိ စိတ်ဟုလည်း ခေါ်ဆိုနိုင်ပါသည်။ဘာဖြစ်ဖြစ် ခေါ်နိုင်သည်။ သူကကန်အလယ်မှာ မောင်းထုတ်လိုက်ပြီး လေထဲသို့ ဘဲကလေးကိုမြောက်လိုက်သည်။အော်စေပါသည်။ ရေကန်မှ ဘဲများအားလုံး သူထံတည့် မတ်စွာ ရောက်လာပါသည်။ အဘယ်ကြောင့်နည်း?သူတို့၏ လမ်းပြကို သူတို့ သိပါသည်။ သူအော်သကဲ့သို့ဘဲဖြစ်သည်။

51 ၅၁။ တံပိုးက မသေချာသော အသံကိုပေးလိုက်ပါက မည်သူကတိုက်ပွဲအတွက် မိမိကိုယ်ကို ပြင်ဆင်နိုင်ပါမည်နည်း? တိုက်ပွဲအတွက် မည်သူက မိမိအတွက်ပြင်ဆင်နိုင်ပါ မည်နည်း? မသေချာသောအသံကို တိုက်ပွဲကပေးပါက မည်သူ ပြင်ဆင်နိုင်ပါမည်နည်း?

ထိုဘဲကလေးကမသေချာဘဲ အသံပေးလိုက်ပါက ထွက်ပြေးရန် မည်သူက မိမိကိုယ်ကို ပြင်ဆင်နိုင်ပါမည်နည်း? ထိုဘဲအိုကလေးက သူ၏နုတ်သီးကလေးကို တပ်ထားပါသည်။ ဘဲကလေးတိုင်းသူထံလာပါသည်။ ဟော့.ဟော့.ဟော့.ဟော့.သူတို့ဒီမှာ ရောက်ပြီ။ သူတို့အောင်ပွဲခံပေမည်။ ကန်အလယ်ဤနေရာမှာ ဖြစ်သည်။ တဖန်လှည့်ပြီးရင်းလှည့်နေပါမည်။ မကြာမီသူအားလှုပ်ရှားစေပါသည်။ သူသွားရပါတော့မည်။ သူ၏တောင်ပံကိုချ၍ ထိုကန်မှပြန်ထွက်သွားပါမည်။ လေထဲမှာ မြောက် တက်၍ လေးငါးကြိမ် နေရာပြောင်းမည်။ သူသွားနိုင်သလောက်လူဝီတီယားနား သို့သူသွားပေမည်။ သူနောက်မှာ ဘဲကလေးတိုင်း ရှိပါသည်။ "ဟော့ ဟော့" သူလာပါပြီ။ အဘယ်ကြောင့်နည်း။ သူသည်လမ်းပြဖြစ်ခြင်းကြောင့်လော့။ အာမင်။ဘဲများက သူတို့၏လမ်းပြကိုသိသည်။အသင်းတော် ကမသိပါ။ ဘာလုပ်ရမည်ကို သူသိပါသည်။

52 ၅၂။ ဘဲအိုကြီး သူတို့ကိုကြည့်ပါ။ အလာစကာမှဖြစ်သည်။အမြဲတမ်း ဘဲငန်းအိုကြီးက သူကိုလမ်းပြပါသည်။ ဘဲငန်းများ က တကယ်ဘဲ ကောင်းစွာကြည့်ရပါသည်။ငန်းကြီးကဘာ ပြောကြောင်းသူတို့သိရန်လိုပါသည်။ လွန်ခဲ့သောလေးနှစ်ခန့်က ဖတ်မိသည့်

မဂ္ဂဇင်းထဲတွင်ဘာအကြောင်းပြောကြောင်း သူတို့သိရန်လိုပါသည်။ ငန်းအိုကြီးမှာ မိမိဘာ လုပ်ကြောင်းမသိဘဲအင်္ဂလန်နိုင်ငံသို့ငန်းတအုပ်တလမ်းလုံး ပို့ဆောင်သွားခဲ့ပါသည်။ ယခင်ကသူတို့သည် အင်္ဂလန်နိုင်ငံတွင်မသိခဲ့ရဘူးပါ။ အ ဘယ်ကြောင့်နည်း။ သူတို့၏ခေါင်းဆောင်ကိုသူတို့ဘယ်တော့မှ သတိမပြုခဲ့ပါ။ ထိုငန်းအိုကြီးမှာ သူဘယ်သွားနေကြောင်း သူမ သိပါ။သူတို့ထိုနေရာသို့ရောက်သွားပြီး ပြန်မလာတတ်ကြတော့ပါ။

53 ၅၃။ ယနေ့လည်း ငန်းတအုပ်လုံးမှာ ထိုသို့ပင်ဖြစ်နေပါသည်။သူတို့သည် အုပ်စုဖွဲ့ လျက်ရှိကြသည်။ Look မဂ္ဂဇင်းထဲ တွင် ဤအုပ်ကြီးမှာ အုပ်စုဖွဲ့၍အင်္ဂလန်နိုင်ငံပေါ်သို့ပြန်တက်သွားကြပါသည်။ သို့သော် ပြန်မလာတတ်ကြတော့ပါ။ ကျွန်တော်သိသောငန်းအချို့မှာ ထိုသို့ပင်ဖြစ်ကြပါသည်။ သင်တို့မှာ အုပ်စုဖွဲ့၍ကြီးမားသော စည်းဝေးပွဲကြီးရှိသည်။နှိုးကြား ရေးသမားများ တောက်ရှောက်လာပြီး တရားဟောပါသည်။ သို့သော် သင်ဘယ်ကို သွားနေကြောင်းသင်မသိပါ။ အုပ်စုဖွဲ့၍ ပတ်၍ပတ်၍ဖွဲ့နေပြီး အကြောင်းမှာ သင့်အား ငန်းကြီးလမ်းပြပြီးဂိုဏ်းဂဏဆိုင်ရာ ဘောင်အတွင်းမှ လွတ်ထွက် သွားစေပါသည်။ နှုတ်ကပတ်တော်သို့ပြန်မရောက်ပါ။သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံကဲ့သို့ပြန်မရောက်ပါ။ ကျွန်ုပ်တို့၏ နေ့ရက်များမှာကျွန်ုပ်တို့ဘာကြောင့် နိုးထမှုမရကြောင်းကို မအံ့သြပါ။ သင်တို့ကထိုအသံကိုရရှိရန်လိုပါသည်။ထိုအသံမှာ ဧဝံဂေလိတံပိုးသံဖြင့် မှုတ်သွင်းခြင်းဖြစ်၍ ဧဝံဂေလိတရားကိုသော်ငင်း၊ နှုတ်ကပတ်တော်တိုင်းကိုသောငင်း၊မှုတ်ထုတ်မှာ ဖြစ်ပါသည်။ ယုံကြည်ချက်မဟုတ်ပါ။ ဂိုဏ်းဂဏမဟုတ်ပါ။ သို့သော် သမ္မာကျမ်းစာဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်ပါသည်။ "ယုံကြည်သူများကို ဤနိမိတ်လက္ခဏာများကလိုက်လာပါမည်။ သူတို့လည်း ထိုလမ်းကို လျှောက်လှမ်းသွားရ ပါမည်။"

54 ၅၄။ တခါက ဘဲငန်းအိုကြီးမှာ အုပ်စုလိုက်အသတ်ခံရသည်ဟုဆိုပါသည်။ မှောင်မိုက်ထဲမှာ ပျံသန်းသွားရန်ကြိုး စားပါသည်။ သူဘယ်သွားနေသည်ကို သူကိုယ်တိုင်မသိပါ။သူတို့အားလုံး ပြင်ပမှာရှိသော တောင်များကို ဆောင့်သွားပါ သည်။ သေချာပါသည်။ သူ တို့ အသံကိုသူတို့သိရန် လိုပါသည်။ ထိုဘဲငန်းအိုကလေးမှာ အသံရှိရန်လိုပြီး လူတိုင်းထိုအ ကြောင်းကိုသိပါသည်။သူတို့မှာ အုပ်စုဖွဲ့မှုရှိပြီး တောင်ဖက်သို့သွားကြမည်ဖြစ်ပါသည်။ ထိုနေရာသို့သူတို့ဘာကြောင့်ဆင်းသွားပါသလဲ။ ဘယ်နေရာမှာ မအေးဘဲနေသလဲ။

ဘုရားသခင်ကငန်းအားသင့်တော်သော အသိတရားကိုပေး၍ သိစေပါက အေးစက်မှုကိုလည်း မည်သို့ပြုလုပ်ရပါမည်နည်း။ အသင်းတော်ကို သူကမည်သို့ပေးဆပ်ရပါမည်နည်း။ အသိအာရုံဖြစ်ပင် ဘဲငန်းကပြုလုပ်နိုင်လျှင်အသင်းတော်အတွင်းရှိ သန့်ရှင်းသောဝိညာဉ်တော်က မည်သို့ဖြစ်မည်နည်း။ ကျွန်ုပ်တို့အား နည်းလမ်းဟောင်းများယုံကြည်ချက်များနှင့် အရာခပ် သိမ်းမှ လမ်းပြသွားနိုင်ပါသည်။ ဘုန်းထင်ရှားစေသော သန့်ရှင်းသောဝိညာဉ်တော်၏ နှစ်သက်ဖွယ် ဗတ္တိဇံထဲသို့ပို့ဆောင် သွားမည်ဖြစ်ပါသည်။ တန်ခိုး၊ အသိပညာ၊စိတ်ရှည်ခြင်း၊ ဘုရားတရားကြည်ညိုခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်ကိုဆောင် ယူခဲ့ပါသည်။တကယ်စစ်မှန်သော လမ်းပြကလမ်းပြသွားပါမည်။ အကြောင်းမှာ သူကဧဝံဂေလိမှတပါး အခြားအရာကိုဘာမှရှုထုတ်မည် မဟုတ်ပါ။ နှုတ်ကပတ်တော်သက်သက်သာဖြစ်ပါသည်။ သေချာသည်။ သင်မှာလမ်းပြလိုပါသည်။

55 ၅၅။ ပညာရှိသောသူများက ဘုရားသခင်အကြောင်း ဘာမှမသိပါ။သူတို့သည် မျက်လှည့်ဆရာများ ဖြစ်ကြသည်။ သူတို့သည် အရှေ့တိုင်းမှာ ရှိပါသည်။ သမ္မာကျမ်းစာက"အရှေ့ဖက်မှာ သူ၏ကြယ်ကို ငါတို့မြင်တွေ့ရသည်ဟု ဆိုပါသည်။ ကိုယ်တော်ကိုလာ၍ ဝတ်ပြုကိုးကွယ်ပါသည်။"သူတို့သည် အနောက်တိုင်းမှဖြစ်သည်။ အရှေ့ဖက်သို့ကြည့်၍ ကိုယ်တော်၏ ကြယ်ကို တွေ့မြင်ကြရပါသည်။...သို့မဟုတ် အနောက်ဖက်သို့ကြည့်ပါသည်။ သူတို့သည် အရှေ့ဖက်မှဖြစ်ပါသည်။ ကျွန်ုပ်တို့သည်အရှေ့ဖက်မှဖြစ်၍ အနောက်ဖက်တွင် ကိုယ်တော်ကြယ်ကို တွေ့မြင်ကြရပါသည်။ သူ၏ကြယ်ကို အရှေ့ဖက်မှာ ကျွန်ုပ်တို့တွေ့မြင်ကြရပါသည်။ သူတို့ကို အရှေ့ဖက်မှာ တွေ့ရပါသည်။ ကျွန်ုပ်တို့သည်အရှေ့ဖက်မှာရှိ နေစဉ်အခါ ကြယ်ကိုမြင်တွေ့ရပါသည်။ ကျွန်ုပ်တို့လာ၍ ကိုယ်တော်ကို ကိုးကွယ်ကြပါသည်။

56 ၅၆။ ကျွန်ုပ်စဉ်းစားမိသည်မှာ ထိုသူများအဆင်သင့်ပြင်၍သွားရန်ပြင်ဆင်နေကြောင်း စဉ်းစားမိပါသည်။ သူတို့အထဲမှာ တစ်ဦး၏ ဇနီးကသူကိုပြောကြောင်း စဉ်းစားမိပါသည်။အရာတိုင်းရရှိသည်။ အာလုံးထုတ်ပိုးပြီးဖြစ်သည်။ သို့သော်လည်း သင်၏လမ်းပြအိမ်မြှောင်ဘယ်နေရာမှာ ရှိပါသနည်း။ သူက "ဤအချိန်မှာ ကျွန်တော်က အိမ်မြှောင်ကိုအသုံးပြု မည်မဟုတ်ပါ။"

သင်မည်ကဲ့သို့တောင်များကို ဖြတ်ကျော်သွားပါမည်နည်း။ သူ တို့ တိုင်တရမြစ်ကို ဖြတ်ကျော်၍ကွင်းပြင်များကို ကျော်ဖြတ်သွားရပါမည်။ကုလားအုပ်များစီး၍ (၂)နှစ်ခရီး သွားရသည်။ သူတို့မည်သို့ပြုလုပ်မည်နည်း။ သင်ကလမ်းပြအိမ်မြှောင်ကိုဆောင်ယူ၍ မသွားပါ။ "မဟုတ်ပါ" ဟုဆိုသည်။ "သင်မည်သို့သွားရပါမည်နည်း။"

ဘုရားသခင်ပံ့ပိုးပေးသောလမ်းကိုကျွန်တော်သွားပါမည်။ ထိုဘုရင်ထံသို့ကျွန်ုပ်ကို လမ်းပြ၍ ထိုကြယ်က လမ်းပြပါမည်။ ထိုကဲ့သို့ပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည်ကိုယ်တော်၏ကြယ်ကို အရှေ့ဖက်မှာ တွေ့ရပြီး တောက်ရှောက် ထိုကြယ်နောက်သို့လိုက်၍ ကိုယ်တော်ကိုပြပ်ဝပ်ကိုးကွယ်ရန် သွားပါသည်။ သူဘယ်မှာ ရောက်နေပါသလဲ။ သူတို့က ဘုရားသခင်ပြင်ဆင်ပေးသောလမ်းကိုလိုက်သွားကြပါသည်။ ယုံကြည်ချက် အစည်းလိုက်နဲ့သူတို့ကိုချည်ထားပြီး ခဏအကြာထားပါသည်။သူတို့ယေရုဆလင်မြို့ထဲသို့ဝင် လာ၍ လမ်း၏အထက်အောက် သွားရန်စတင်ကြပါသည်။ အကောင်းဆုံးဝတ်ဆင်ထားသူများ၏ အပြောမှာ သူဘယ်မှာလဲ။ ယုဒတို့၏ဘုရင် ဘယ်မှာမွေးဖွားပါသလဲ။ ထိုအရာမှာခေါင်းဆောင်ဖြစ်၍ယေရုဆလင်ပင်ဖြစ်ပါသည်။ တကယ်ပင် ကြီးမား သော အသင်းတော်က ထိုအရာနှင့်ပတ်သက်၍နှုတ်ကပတ်တော်ကို သိရန်လိုအပ်ပါသည်။ သူဘယ်မှာလဲ။ ယုဒတို့၏ ဘုရင်ဘယ်မှာလဲ။ အရှေ့ဖက်မှာသူ၏ကြယ်ကိုကျွန်ုပ်တို့တွေ့မြင်ခဲ့ရပါပြီ။ ကိုယ်တော်ကို ဝတ်ပြုကိုးကွယ်ရန် ကျွန်ုပ်တို့လာကြခြင်းဖြစ်ပါသည်။ "ကိုယ်တော်ဘယ်မှာ ရှိပါသလဲ။"

သင်းအုပ်ဆရာမည်သူမည်ဝါက ယဇ်ပရောဟိတ်အကြီးထံ သွားပါသည်။ နှုတ်ကပတ်တော်ကို သူတို့ တစ်ဦးမှမသိကြပါ။ ယုဒတို့၏ဘုရင်တပါး ရှိပါသည်။ သူဘယ်မှာရှိပါသလဲ။ သူတို့မသိပါ။

57 ၅၇။ သိုးထိန်းတအုပ်ရှိပြီး တောင်ကုန်းဘေးမှာ အချိန်ယူလျက်ရှိပါသည်။ အကြောင်းမှာ သူတို့သည် ဘုရားသခင်ပွဲပိုးပေး သော လမ်းကို သူတို့လာကြခြင်းဖြစ်ပါသည်။

သူတို့ထိုအနားတဝိုက်မှာနေထိုင်ခဲ့ပါသည်။ တိုက်ရိုက်ပင်သူက ပြောပါသည်။ ကျွန်ုပ်တို့လုပ်သင့်သောအရာကို သင်ကိုပြောပါမည်။ အစည်းအဝေး ပြုလုပ်သင့်ပါသည်။ သူတို့ယုဒတရား ကောင်စီကိုဆင့်ခေါ်၍ နှုတ်ကပတ်တော်နှင့်ပတ်သက်၍ သူတို့ကြား၍ စဉ်းစားသည့်အရာကိုပြောပါမည်။ "မဟုတ်ပါ ထိုနှုတ်ကပတ်နှင့်ပတ်သက်၍ကျွန်ုပ်တို့ဘာမှမသိကြပါ။"

ယနေ့လည်းထိုအတိုင်းပင်ဖြစ်ပါသည်။ ဤလမ်းပြအကြောင်း သူတို့ဘာမှမသိကြပါ။ သန့်ရှင်းသောဝိညာဉ်တော်ကအနာ ရောဂါငြိမ်းစေပါမည်။ ပြည့်ဝစေပါသည်။ ကယ်တင်ပါသည်။ တဖန်ပြန်လာပါမည်။ ဤအရာများအားလုံးကိုကျွန်ုပ်တို့အား ပြောပြ သောလမ်းပြက သူတို့အလယ်မှာ ကျွန်ုပ်တို့ ရောက်နေပါသည်။ နှလုံးသားများကိုပိုင်းခြားနားလည် သူဖြစ်သည်။ သူတို့ထိုအရာ နှင့်ပတ်သက်၍ ဘာမှမသိပါ။ သူတို့က ဦးနှောက်တယ်လီပသီသို့မဟုတ် တစုံတခုဖြစ်သည်ဟုဆိုသည်။ ထိုအရာနှင့် ပတ်သက်၍ဘာ ပြောရမည်ကို သူတို့မ သိပါ။

58 ၅၈။ သူ တို့ ယေရုဆလင်မြို့ထဲသို့ဝင်သွားသောအခါ ကြယ်မှာပျောက်ကွယ်သွားပါသည်။ ယုံကြည်ချက်များနှင့် ဂိုဏ်းဂဏဆိုင်ရာ လူများကို ဘုရားသခင်ထံသို့လမ်းပြရန်ဘုရားသခင်၏ အကူအညီဖြင့် သွားပါမည်။ သူတို့စိတ်ပျက်သွား သောအခါ သူတို့ကိုချန်ခဲ့၍ ယုံကြည်ချက်များနှင့်ယုဒများ၏ ဂိုဏ်းဂဏဆိုင်ရာများကို ချန်လှပ်၍ ယေရုဆလင်သို့ထွက် သွားပါမည်။ ၎င်းနောက်ကြယ်က ထပ်မံ၍ ပေါ်ထွက်လာပါသည်။ သူ တို့ ဝမ်းမြောက်ဝမ်းသာဖြင့် ကြီးစွာဝမ်းမြောက်မှုဖြစ်ကြပါသည်။ သူတို့လမ်းပြကို တဖန်တွေ့မြင်ကြ ပြန်ပါသည်။ အေးစက်ဟောင်းနွမ်းသော ပုံမှန်အသင်းတော်ဖြစ်၍တဖန်မီးတောက်နေသော ဟောင်းသောအရာထံသို့ပြန်သွားပါသည်။ လမ်းပြက ဦးဆောင်သွားပါသည်။ မည်မျှကွာခြားပါသ နည်း။ "သူ၏ကြယ်ကို အရှေ့အရပ်မှာ ကျွန်တော်တို့တွေ့၍ ကိုယ်တော်ကို လာ၍ ဝတ်ပြုကိုးကွယ်ပါသည်။"

59 ၅၉။ ယောရှုက သူတို့အားပြောပါသည်။ "ယခုသင်သည်ပဋိညာဉ်သေတ္တာကိုအနောက်မှလိုက်ပါ။ ယခင်ဤနည်းလမ်းအ တိုင်း သင်မလိုက်ခဲ့ပါ။" ဘုရားသခင်က ပဋိညာဉ်သေတ္တာကိုဘယ်နေရာမှမသွားရန် ခွင့်ပြုမည်မဟုတ်ပါ။ နေရာတိုင်း ထိုနှုတ်ကပတ်တော် နောက်သို့လိုက်ပါသည်။ယော်ဒန်မြစ်ကို ကျော်ဖြတ်၍ သွားပါသည်။

ယနေ့လည်းထိုနည်းတူပင်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ် သည်။ မှန်ပါသည်၊ ဆရာ၊ ကျွန်ုပ်တို့သိသောတစ်ခုတည်းသောအရာမှာ သန့်ရှင်းသောဝိညာဉ်တော် ဟုတ်မဟုတ် ဖေါ်ပြချက်များကို ကျွန်ုပ်တို့တွေ့ရပါသည်။ ဘုရား သခင် နှုတ်ကပတ်တော်ကို ဖေါ်ပြခြင်းများ ဖြစ်ပါသည်။

60 ၆၀။ သိပ်မကြာသေးမှီကာလက ညီအစ်ကိုတစုမှာ သွေးနှင့်ဆီရှိပါသည်။ထိုသို့ပြုလုပ်လိုခြင်းမှာလည်း အကြောင်းမ ဟုတ်ပါ။ ကျွန်တော် .....ထိုသို့ဖြစ်ခြင်းမှာကျွန်တော်ကိုဖော်ပြခြင်း မဟုတ်ပါ။ သမ္မာကျမ်းစာဆိုင်ရာ ဖော်ပြခြင်းပင် ဖြစ်ပါ သည်။ဘုရားသခင် ပြောသည့်အရာကို ဖော်ပြနေခြင်းဖြစ်ပါက ကိစ္စမရှိပါ။ သူတို့က သင်သန့်ရှင်းသောဝိညာဉ်တော်ရရှိခြင်း၏အကြောင်းရင်းပင် ဖြစ်ပါသည်။ သင့်လက်ထဲတွင် ဆီရှိပါသည်။" ယခုထို အရာအတွက်ကျွန်တော်မသွားလိုပါ။ ဆီက ထိုအရာနှင့်ပတ်သက်၍ ဘာမှလုပ် ပေးနိုင်မည်မဟုတ်ဟု ကျွန်တော်ယုံကြည်ပါသည်။ထိုအသွေးတော်က အနာရောဂ ငြိမ်းစေပြီး ကယ်တင်ခြင်းပေးပါက ယေရှုခရစ်တော်၏အသွေးက ဘာဖြစ်သွားပါမည်နည်း။ထိုဆီက အနာရောဂါ ငြိမ်းစေပါ က ကိုယ်တော်၏ဒဏ်ချက်ရာများက ဘာဖြစ်မည်နည်း။

လမ်းပြလာစေရန်ကျွန်တော် အလိုရှိပါသည်။ နှုတ်ကပတ်တော်ထံသို့သင့်ကို ဆောင်ယူလာပါသည်။ ၎င်းနောက် သင်သိသည့်အရာမှာ သင်သည် သုံ့ညထဲသို့ ရောက်သွား၍ စာရင်းဝင်ရေတွက်ဝင်ခြင်းအတွက် အဆင်သင့်ဖြစ်ပါပြီ။မှန်ပါသည်။ ပျံတက် သွားရန်အဆင်သင့် ဖြစ်နေပါသည်။ ဟုတ်ပါသည်ဆရာ၊ ဘာကြောင့်နည်း? လမ်းပြမှာ တစ်ကယ် စစ်မှန်စေရန် ပြုလုပ်သူဖြစ်သောကြောင့် ဖြစ်ပါသည်။

61 ၆၁။ ပရောဖက်ပြုခြင်း မည်သို့ဖြစ်ပေါ်လာပါသနည်း?လူ၏အလိုအားဖြင့် မဟုတ်ပါ။ ဂိုဏ်းဂဏဆိုင်ရာယုံကြည်ချက် များအားဖြင့်လည်း မဟုတ်ပါ။ ကိုယ်တော်၏ အလိုတော်အားဖြင့် ဖြစ်သည်။ သန့်ရှင်းသူများသည် သန့်ရှင်းသောဝိညာဉ် တော်အားဖြင့်လှုပ်ရှားခြင်းဖြစ်ပါသည်။ သူသည်အမြဲတမ်း ဘုရားရှင်၏လမ်းပြဖြစ်သည်။ ထိုအရာမှာ မီးတိုင်ထဲတွင်ရှိသောဝိညာဉ်တော်အားဖြင့်ဖြစ် သည်။ သန့်ရှင်းသော ဝိညာဉ်တော်ပင် ဖြစ်သည်။

ခရစ်တော်ဖြစ်ကြောင်းလူတိုင်းသိသည်။ မောရှေက အီဂျစ်မှထွက်ခွာပြီး ခရစ်တော် ပြန်ကြွလာခြင်းမှာ အီဂျစ်၏ စည်းစိမ်ချမ်းသာများထက်သာကြောင်း ခန့်မှန်းမိပါသည်။ ခရစ်တော် တစ်ပါးတည်းသော ဘုရားဖြစ်သည်။ သူတို့အပြင်မှာထွက် ရပ်ပြီးပြောသည်။" သင့်ကိုယ်သင် ပြောသည်။.... သင်အသက်(၅၀)ပင် မကျော်သေးဘဲ အာဗြဟံကိုတွေ့မြင်ရသည်ဟု ပြောသည်မဟုတ်ပါလား?

သူကပြောပါသည်။"အာဗြဟံမရှိမီ ငါရှိ၏။" ငါသည် မီးတိုင်ထဲတွင် မောရှေကိုခြုံပုတ်၌ တွေ့သောသူဖြစ်သည်။ဟုတ်ပါသည် ဆရာ၊ သူသည် လူဇာတိကိုခံသောဘုရား ဖြစ်ပါသည်။ တတိယပုဂ္ဂိုလ်မဟုတ်ပါ။ အလားတူပုဂ္ဂိုလ်ပင် ဖြစ်၍အမှုဆောင်ခြင်း မတူညီပါ။ ဘုရားသုံးပါး မဟုတ်ပါ။ ဘုရားတစ်ပါးတည်း၏အမှုဆောင်ခြင်း(၃)မျိုး ဖြစ်ပါသည်။ မှန်ပါသည်။

62 ၆၂။ ကောင်းပြီ၊ ယခုအခါမှာ ကျမ်းစာဘဲရှိပါသည်။ အမြဲတမ်းဘုရားရှင် ပံ့ပိုးပေးပါသည်။ သူအကောင်းဆုံးပံ့ပိုးပေးပါ သည်။ သူ၏အသင်းတော်ကို ကာကွယ်ရန်ဘုရားသခင်ကလမ်းကို ပြင်ဆင်ပေးသောအခါ အကောင်းဆုံးပြင်ဆင်ပေးပါ သည်။ အာဒံနှင့်ဧဝကိုလည်းဒေင်ဥယျာဉ်ကြီးထဲတွင် သူ၏နှုတ်ကပတ်တော်ကိုပေးခဲ့ပါသည်။"ဤနှုတ်ကပတ်တော်နောက် မှာ သင်နေ၍ သင်လုံခြုံမှုရှိပါသည်။ သို့သော်လည်း ထိုနှုတ်ကပတ်တော်အပြင်ဖက်သို့သင်ရောက်သွားပါက ထိုသို့စဉ်းစား သည့်အချိန်မှာပင် သင်သေဆုံးပေမည်။" ဘုရားသခင်က သူ၏ဗျူဟာကိုသူမပြောင်းလဲပါ။ စာတန်က သူ၏ဗျူဟာကို ဘယ်တော့မှ မပြောင်းပါ။ အာဒံနှင့်ဧဝထဲသို့သူထည့်သောအရာကို ယနေ့သူတို့အထဲသို့သူထည့်နေပါသည်။ အဘယ် ကြောင့်နည်း? နှုတ်ကပတ်တော်ကို အကြောင်းပြ၍ကြိုးစားပြီး ထည့်နေခြင်းဖြစ်ပါသည်။ ယခု ဘုရားရှင်အမှုပြုမည်မဟုတ် ကြောင်း အကြောင်းပြချက်ခိုင်လုံပါသည်။ အို. ဘုရားရှင်က ပြောပါသည်။ ဟုစာတန်က ပြောသည်။ "သို့သော်လည်း အမှန်တစ်ကယ်ပင် သန့်ရှင်းသောဘုရားက ထိုသို့ပြုမည်မဟုတ်ပါ။ ဘုရားရှင်က ပြောခဲ့ပါသည်။ ဟု စာတန်ကဆိုသည်။ သို့သော် အမှန်တစ်ကယ်ဘဲ သန့်ရှင်းသောဘုရားက ထိုသို့ပြုမည်မဟုတ်ပါ။ အမှန်တစ်ကယ်ပင်ကိုယ်တော် ပြုပါမည်။ အကြောင်းမှာ ကိုယ်တော်က ပြုမည်ဟု ဆိုသောကြောင့် ဖြစ်ပါသည်။

63 ၆၃။ ထို့ကြောင့် ယနေ့လူများက ပြောခြင်းဖြစ်သည်။ အိုယခုစောင့်ပါ။ယခု သင်တို့ယုံ မည်မဟုတ်ပါ။ ဘုရားကျောင်းသို့သွားပါက ကျွန်တော် ဆယ်ဖို့တစ်ဖို့ပေးသည်။ဤအရာကို ပြုလုပ်ပါသည်။ အခြားအရာကို ပြုလုပ်ပါသည်။ ဘုရားသခင်က ကျွန်ုပ်ကို ထိုနေရာမှာချထားပါမည်လား?လူတစ်ဦး ဒုတိယမွေးခြင်းမခံယူပါက ဘုရားသခင်၏ နိုင်ငံတော်ကိုသူက နားပင်လည်မည် မဟုတ်ပါ။ဘာမှ ခွင့်ပြုချက်များ မပေးပါနှင့်။ "သနားစရာလူအိုကြီး၊ မိန်းမအိုကြီး ထိုနေရာမှာ ကောင်းသောဝိညာဉ်အိုကြီး ရှိသည်။" ဘုရားသခင်ကို တွေ့မြင်နိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ ဒုတိယအကြိမ်မွားခြင်းပင် ဖြစ်ပါ သည်။ အားလုံးထိုသို့ပင် ဖြစ်သည်။ မည်မျှနည်းပါစေ၊ မည်မျှဟောင်းနွမ်းပါစေ။ငယ်ရွယ်ပါစေ၊ ဘာလုပ်လုပ်ဘုရား ကျောင်းဘယ်လောက်သွားသွား ဂိုဏ်းဂဏဘယ်နှစ်ခုဘဲသိသိ၊ ယုံကြည်ချက်ဘယ်နှစ်ခုဘဲ ဖြစ်ဖြစ် အလွတ်ကျက်နိုင်ပါစေ၊ သင်ဒုတိယအကြိမ် ဖွားမြင်ခြင်းကို ခံရမည်။သို့မဟုတ်ပါက စတင်ရန်ပင် အခြေခံအုတ်မြစ်ရှိမည်မဟုတ်ပါ။ ထိုအရာမှာ အတိအကျမှန်ကန်ပါသည်။

64 ၆၄။ သင်သည် လမ်းပြလိုပါသည်။ သူက သမ္မာတရားလမ်းထဲသို့ပို့ဆောင်သည်။ သမ္မာတရားမှာလည်း နှုတ်ကပတ်တော် ပင် ဖြစ်ပါသည်။ ကိုယ်တော် သင့်ကိုလမ်းပြပါမည်။အမြဲတမ်းလည်း လမ်းပြခဲ့ပါသည်။ ဘုရားသခင်က ဘယ်တော့မှ ဘာကိုမှ မပြောင်းလဲစေပါ။ အကြောင်းမှာသူသည် အကန့်အသတ်မဲ့ဖြစ်သည်။ အကောင်းဆုံးကို သူသိပါသည်။ သူသည် နေရာတိုင်းတွင် ရှိသည်။အရာခပ်သိမ်းကို သိသည်။ အရာခပ်သိမ်းဖြစ်သည်။ မှန်ပါသည်။ ဘုရားသခင်သည် ပြောင်းလဲရန် မလိုပါ။ကောင်းပါပြီ။

သူသည်သင့်အားလမ်းပြပြီး အတည်ပြုပါသည်။ သန့်ရှင်းသောဝိညာဉ်တော်လမ်း ပြ၍ အလားတူ နှုတ်ကပတ်တော်ကိုအတည်ပြုပါသည်။ လုကာကိုလမ်းပြ၍ "သင်တို့သည် သွား၍လူမျိုးတကာသို့ဧဝံဂေလိတရားကို သတ္တဝါတိုင်းအားဟောပြောကြ။ ယုံကြည်၍ လက်ခံသမျှသောသူတို့အား ဗတ္တိဇံကိုပေး၍ ကယ်တင်ခြင်းရစေပါသည်။ မယုံကြည်သောသူမှာတရားစီရင်ခြင်း ခံရပါမည်။ ယုံကြည်သောသူများအတွက် နိမိတ်လက္ခဏာများ တွေ့ရသည်။ ငါ့နာမဖြင့်နတ်ဆိုးများကို နှင်ထုတ်ခြင်း၊ အသစ်သောဘာသာ စကားများကို ပြောဆိုခြင်း၊ မြွေကို ကိုင်ဖမ်းခြင်း၊သေစေလောက်သောအရာများကို သောက်ခြင်း၊ ဖျားနာသူများအပေါ် လက်တင်၍ ဆုတောင်းသောအခါ အနာရောဂါငြိမ်းစေပါမည်။သမ္မာကျမ်းစာဆိုသည်မှာ "သူတို့နေရာတိုင်းသို့သွား၍" လမ်းပြ၏ ဦးဆောင်မှုကိုခံယူပြီးနှုတ်ကပတ်တော်ဟော ပြောပြီး "နိမိတ်လက္ခဏာများ ဖြစ်ပေါ်လာပါမည်။" လမ်းပြက သမ္မာတရားဖြစ်ကြောင်းဖေါ်ပြပါသည်။

65 ၆၅။ ထိုအရာမှာ ဘုရားရှင်၏ ပေါ်လစီပင်ဖြစ်ပါသည်။ ထိုနည်းဖြင့်ချမှတ်ခြင်းဖြစ်ပါ သည်း သူ၏အစီအစဉ်ဖြစ်သည်။ သူက ထိုအရာမှ ပြောင်းလဲမသွားနိုင်ပါ။ အကြောင်းမှာကိုယ်တော်သည် အကန့်အသတ်မဲ့ခြင်းကြောင့်ဖြစ်သည်။ အာမင်၊ ထိုအရာမှ သူပြောင်းမသွားနိုင်ပါ။ ကိုယ်တော်သည် ဘုရားဖြစ်ပါသည်။ ကျွန်တော် ပြောင်းနိုင်ပါသည်။ကျွန်တော်သည် လူသားဖြစ်ပါသည်။ သင်သည်ပြောင်းလဲနိုင်ပါသည်။ သင်သည် လူယောကျ်ား (သို့)လူမိန်းမဖြစ်သည်။ သို့သော်လည်း ဘုရားသခင်က မပြောင်းလဲနိုင်ပါ။ ကျွန်တော်သည် အကန့်အသတ်ရှိပါသည်။ အမှားများ ကျွန်တော် ပြုလုပ်နိုင်ပါသည်။ အရာရာတိုင်းကိုလည်း မှားယွင်း၍ ပြောနိုင်ပါသည်။ကျွန်တော်တို့အားလုံး လုပ်နိုင်ပါသည်။ သို့သော်လည်း ဘုရားက မလုပ် နိုင်ပါ။ ဘုရားဘဲဖြစ်နိုင်ပါသည်။သူ၏ပထမဆုံး ဆုံးဖြတ်ချက်မှာ အပြစ်မရှိပါ။ ဘုရားသခင်က မြင်ကွင်းမှာ လှုပ်ရှားပုံသည်နည်းလမ်းကျ၍ အချိန်တိုင်း သူလှုပ်ရှားရန်လိုအပ်ပါသည်။ အကယ်၍ ကိုယ်တော်က အပြစ်သားကိုကယ်တင်ရန်အတွက်မြင်ကွင်းတွင် ပေါ်လာပါက သူ့အား အရာတစ်ခုအပေါ်မှာသာ အခြေပြု၍ ကယ်တင်ပေမည်။ နောက်တစ်ခေါက်အပြစ် သားလာပါက ထိုနည်းအတိုင်းပင် လှုပ်ရှားပါမည်။ သို့မဟုတ် မှားယွင်းစွာ ပြုမူ၍ ပထမဆုံးအကြိမ်သူလှုပ်ရှားရပါမည်။ အာမင် ကျွန်ုပ် ကိုယ်တော် ကိုချစ်ပါသည်။ သမ္မာတရားဖြစ်ကြောင်း သိပါသည်။

66 ၆၆။ ကျွန်ုပ်သည် (၅၃)နှစ်အရွယ်ရှိပါသည်။ ဧဝံဂေလိတရားကိုဤနေရာမှာ ဟောပြောသည်မှာ (၃၃)နှစ်ခွဲခန့်ကြာပါ သည်။ ဆုံးရှုံးသည်ကို ဘယ်တော့မှ မတွေ့ရပါ။ကမ္ဘာပတ်၍(၇) ကြိမ်ခန့် စစ်ဆေးပြီးဖြစ်သည်ကို တွေ့ရပါသည်။ ဘာသာ များ အမျိုးအစား အားလုံးတွင်နှင့် အရာခပ်သိမ်းတွင်တစ်ချိန်တည်းမှာ တစ်သန်း၏တစ်ဝက်သို့အများအပြား ဘယ်တော့မှမ ကျဆင်းခဲ့ရပါ။ စာအုပ်အချို့မှာကျွန်တော် မပြောပါ။ ကိုယ်ပိုင်အတွေ့အကြုံဖြင့် စကားပြောပါမည်။ ဘုရားသခင်က သူ၏ နှုတ်ကပတ်တော်နောက်ကွယ်မှ ရပ်တည်၍ ဂုဏ်ပြုပါသည်။ သင့်မှာ ယုံကြည်ချက် သြဝါဒတစ်စုံတမျိုးရှိပါက သင်သတိပြုသင့်ပါသည်။ သို့သော်လည်း သန့်ရှင်းသော ဝိညာဉ်တော်က ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ထောက်ခံပေးပါသည်။

ရှင်ယောဟန်ခရစ်ဝင်ကျမ်းအခန်းကြီး(၁၊ အငယ်၁)တွင် သူကပြောပါသည်။ သူသည် နှုတ်ကပတ်တော်ဖြစ်သည်။ သူသည် လမ်းပြဖြစ်သည်။အစအဦး၌ နှုတ်ကပတ်တော်ရှိ သည်။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိသည်။ နှုတ်ကပတ်တော်သည် ဘုရားသခင်ဖြစ်တော်မူသည်။ နှုတ်ကပတ်တော်သည် လူဇာတိကိုခံယူတော်မူ၍ ကျွန်ုပ်တို့အကြားတွင် ကျိန်း ဝပ်တော်မူသည်။

67 ၆၇။ (တမန်၂း၃၈)တွင် ပေတရုကပြောသည်မှာ ဝိညာဉ်တော်ကိုမည်သို့လက်ခံရန်ပင်ဖြစ်ပါသည်။ သူက “သင်တို့တစ်ဦး စီသည် နောင်တရကြပါ။ ယေရှုခရစ်တော်၏ နာမတော်မြတ်၌ ဗတ္တိဇံကိုခံပြီးမိမိအပြစ်ကို ဆေးကြောပါ။ သို့မှ သာ လမ်းပြက သင့်ကိုဆက်၍လမ်းပြသွားနိုင်ပါမည်။ ထိုအရာမှာ လုပ်ရမည့်အရာဖြစ်ပါသည်။ ပထမဆုံးနောင်တရပါ။ သင့်မယုံ ကြည်မှုအ တွက် နောင်တရပါ။ ဤအရာများကို သင်မယုံကြည်သောကြောင့် နောင်တရပါ။ နောင်တရ၍ ဗတ္တိဇံကိုခံပြီး သို့နှင့်လမ်းပြပါက သင့်ကို ဤနေရာမှ ခေါ်သွားပေမည်။ ထိုအရာမှာ သင်၏တာဝန်ပင်ဖြစ်ပါသည်။ နောင်တရရန်တာဝန်ရှိသည်။ဗတ္တိဇံခံရန် သင်၏ တာဝန်ရှိပါသည်။ လမ်းပြ၏တာဝန်ဖြစ်၍ ဤနေရာမှ သင့်ကိုခေါ်သွားပေမည်။အပြစ်ကင်းစင်ခြင်းမှ အသိတရား၊ သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ ဘုရားတရား ကြည်ညိုခြင်း၊ညီအစ်ကို ချင်းချစ်ခြင်းသို့လမ်းပြ၍ သန့်ရှင်းသော ဝိညာဉ်တော် တံဆိပ်များခတ်ပါမည်။သင်သည် ဘုရားသခင်၏ပုံသဏ္ဍာန် အပြည့်အစုံဖြစ်၍ တစ်ကယ်စစ်မှန်သော ဘုရား လူဖြစ်ပေမည်။ဘုရားလူမိန်းမ ဖြစ်ပေမည်။ ခရစ်တော်၌ ကျောက်ချနေမည်။ ကျွန်တော် ထိုအရာကို နှစ်သက်ပါသည်။ခရစ်တော်၌ ကျောက်ချထားပါသည်။

68 ၆၈။ သန့်ရှင်းသောဝိညာဉ်တော်က မာကုကို လမ်းပြပါသည်။(မာကု ၁၆)ကို ရေးသား ရန် ဖြစ်ပါသည်။

ဗျာဒိတ်ကျမ်းကိုရေးသားနေစဉ် ယောဟန်က လမ်းပြမှုကို ခံရပါသည်။ လမ်းပြ အားဖြင့်သူက လမ်းပြမှုကို ခံရပါသည်။ လမ်းပြအားဖြင့်သူကလမ်းပြမှုကို ခံရပါသည်။လမ်းပြအားဖြင့်လမ်းပြမှုကိုခံရသူကဆိုပါသည်။ “နှုတ်ကပတ်တော်ထဲမှ အက္ခ ရာဗိန္ဓုတစ်လုံးကို ထုတ်ယူခြင်း(သို့)ပေါင်းတည့်ခြင်းပြုလုပ်ပါက အလားတူပင် သူ၏အသက်စာစောင်ထဲမှ သူ့အားထုတ် ယူခြင်း ခံရပေမည်။

ဘုရားသခင်နှုတ်ကပတ်တော်အားသင်မည်သို့သွား၍ အစားထိုးပါမည်နည်း? ဝိညာဉ်တော်က လမ်းပြသဖြင့်ဟု မည်သို့ ပြောနိုင်ပါမည်နည်း?အဓိပ္ပါယ်မရှိခြင်းဖြစ်သည်မှာ ဟုတ်ပါသလား? မဟုတ်ပါဆရာ။ အဓပ္ပါယ်မရှိပါ။

69 ၆၉။ သူသည်ကျွန်ုပ်ဘဝတွင် လမ်းပြဖြစ်ပါသည်။ အသက်အထိကိုယ်တော်က ကျွန်ုပ်ကို လမ်းပြခဲ့ပါသည်။ အသက်သို့ ရောက်အောင်သူက ကျွန်ုပ်ကို လမ်းပြခဲ့ပါသည်။သူသည် ကျွန်ုပ်၏အသက်ဖြစ်ပါသည်။ သူမရှိပါက ကျွန်တော့်မှာ အ သက်မရှိတော့ပါ။ ကိုယ်တော်မရှိပါက ကျွန်တော် ဘာမှမလိုအပ်ပါ။ သူသည်ကျွန်ုပ်၏အားလုံးဖြစ်သည်။ အားလုံးထဲက အားလုံးဖြစ်သည်။အခက်အခဲဖြစ်စဉ် ကာလမှာ သူက ကျွန်ုပ်ဘေးမှာ ရပ်တည်ပါသည်။ မနေ့က သူကျွန်ုပ်ကို ကောင်းချီးပေးပါသည်။ ယနေ့လည်း သူ တို့ ထိုသို့ပင် ပြုလုပ်ကြပါသည်။ ကျွန်တော် ဘာကို မျှော်လင့်ရပါမည်နည်း?ထာဝရ အတူတူပင်ဖြစ်သည်။ နာမတော်မြတ်ကို ချီးမြှောက်ပါ။ အာမင်။ ဟုတ်ပါသည်ဆရာ ကိုယ်တော်ဂတိပေးပါသည်။ကိုယ်တော် အမှုပြုပါမည်။ ကိုယ်တော်သည် ကျွန်ုပ်၏အသက်တာဖြစ်သည်။ကျွန်ုပ်၏လမ်းပြဖြစ်သည်။ အားလုံးထဲတွင် အားလုံး ဖြစ်သည်။ ကျွန်ုပ်၏ ကိုယ်တော်ကို ယုံကြည်ခဲ့သည်။ကျွန်တော်အခက်အခဲများ ရှိခဲ့ပါသည်။ ဘယ်နေရာသွားသွား ကိုယ်တော်ကို ယုံကြည်ခဲ့ပါသည်။ကျွန်တော့်မှာ ခက်ခဲသောအမှုများ ရှိခဲ့သည်။ ဘယ်နေရာသွားသွား ကိုယ်တော်ကို ယုံကြည်စိတ်ချခဲ့သည်။ ကိုယ်တော်ကို အမှုပြုစေလိုပါသည်။ အဝတ်သွားလျှော်ပါကအမျိုးသမီးများ ကိုယ်တော်ကို ယုံကြည်ပါ။ မြို့ထဲမှာ သွားပါကလည်း ကိုယ်တော်ကို ယုံကြည်ပါ။

70 ၇၀။ ကျွန်တော်သည် သစ်ခုတ်သမားကောင်း တစ်ဦးဖြစ်သည်ဟု ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်သောအချိန် ရှိခဲ့ပါသည်။ တောကောင်များစွာ လိုက်ခဲ့သည်။ ကျွန်တော် စဉ်းစားမိသည်။ “ကျွန်တော်သည် အရှူးသက်သက်ဖြစ်သည်။ဘယ်သူမှ မသွားပါ။... သင် ကျွန်ုပ်ကို အဆုံးရှုံးမခံပါနှင့်။ ကျွန်တော့်မိခင်မှာ လူနီသွေးတစ်ဝက်ပါသည်။ထိုသို့ဖြစ်ခြင်းကို ကျွန်တော် ချစ်သည်။ တောထဲမှာ ကျွန်တော် လမ်းမပျောက်ပါ။ ကျွန်တော်ဘယ်ရောက်သည်ကို ကျွန်တော် သိပါသည်။

ကျွန်တော်စဉ်းစားမိသည်မှာ ကျွန်တော် ဟန်းနီးမွန်း သွားပါသည်။ ဇနီးသည်ကို ပျော်စေခြင်း ဖန်တီးမှုဖြစ်ပါသည်။ သူမကို ကျွန်တော် ပြောပါသည်။ “အချစ်ရေ ငါတို့ အောက်တိုဘာလ(၂၃)ရက်မှာ လက်ထပ်ရင်ကောင်းမယ်ထင်တယ်။” ဘာကြောင့်ဘဲဆိုတော့ ဘုရားသခင်က ငါ့ကိုပြောလို့ဘဲ။

ကျွန်တော်စဉ်းစားမိပါသည်။ “ပျားရည်ဆမ်းခရီးထွက်ဘို့ကျွန်တော်ငွေစုထားပါတယ်။ ကျွန်တော် သူ့ကိုနိဂါရာရေတံခွန်ကြီးဆီသို့ ခေါ်သွားမယ်။ အဲဒီဂွန်ဒက်ကို သွားပြီး အမဲလိုက်မယ်။” သူမနှင့် ဘီလီကိုခေါ်ပြီးကလေးကတော့ ငယ်ငယ်ကလေးပါ။ သူမကို ပျားရည်ဆမ်းခရီး ခေါ်သွားရပါတယ်။ အမဲလိုက်ခွင့်လည်းရခဲ့ပါတယ်။ သိပ်ကောင်းတဲ့ အရာဘဲလို့လည်း ကျွန်တော်ထင်ခဲ့ပါတယ်။ သူမကို ခေါ်သွားခဲ့ပါတယ်။နောက်ပြီး...

71 ၇၁။ ကျွန်တော် ခြိပိုင်ရှင် မစ္စတာဒင်တန်ကို စာရေးလိုက်ပါတယ်။သူဟာ ဟာရီကိန်း တောင်ပေါ်မှာ တက်မှာ ဖြစ်ပါ တယ်။ ကျွန်တော်က “မစ္စတာဒင်တန် ကျွန်တော်တက်လာမယ်။ ဒီဆောင်းဦးပေါက်တော့ ခင်ဗျားနဲ့အတူ ဝက်ဝံလိုက် ချင်တယ်လို့ပြောပါတယ်။

သူကလည်းပြောတယ်။“အိုကေ ဘီလီ တက်လာပါ။” သို့နှင့်သူပြောပါသည်။ “အဲဒီနေ့ရက်တွေမှာ ငါတောင်ပေါ်မှာ ရှိမယ်။”ကျွန်တော်နှင့်ဇနီးသည်က တစ်ရက်စောပြီး ဘီလီလေးနဲ့အတူ ရောက်နေပါတယ်။ သစ်လုံးအိမ်ကလေးကိုတော့သော့ခတ်ခဲ့ ပါတယ်။ တောထဲမှာ မှီခိုစရာကလေးတော့ ရှိပါတယ်။

ဘရာသာဖရက်ဘော့စ်မန်းနှင့်ကျွန်တော် သိပ်မကြာမှီက ထိုနေရာမှာ ရပ်နေပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ရပ်နေတာကိုတွေ့ရပါတယ်။ ခြုံပုတ်ထဲမှာ အဝါရောင်မီးကြီး လှုပ်ရှားနေတာကို တွေ့ရပါတယ်။ ဖရက်ဒ်က အဲဒီမှာတည့်တည့်ရပ်နေ ပါတယ်။ သူကပြောသည်။ ဒီဘေးကိုလာပါ။ မနက်ဖန် ခင်ဗျားကို စကားပြောလိုပါတယ်။“သတိထားပါ။ ခင်ဗျားတို့သူ့ကို ထောင်ချောက်ဆင် ထားကြတယ်။ သတိရှိပါ။” ဟုတ်ပါသလား ဘရာသာဖရက်ဒ်?ကျွန်တော် လူရောပေါင်းများစွာတို့ကို အဲဒီညမှာ ဗားမောင့်အထိ တက်သွားပြီး ပြောခဲ့ပါတယ်။ကျွန်တော်က ကျွန်တော့်ကို ထောင် ချောက်ဆင်ထားတယ်။ ကျွန်တော် သွားကြည့်မလို့၊ ဘယ်မှာလဲဆိုတာကျွန်တော် မသိဘူး။ နောက်တစ်နေ့ညမှာဘဲ တွေ့ရပါတယ်။ ဟိုနေရာမှာဘဲ တွေ့ရပါတယ်။ ဒီမှာ ထောင်ထားတဲ့ထောင်ချောက်ဘဲ၊ ဟုတ်ပါတယ်ဆရာ

သို့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော် ဘာလုပ်ရမယ်ဆိုတာကိုပြောပါတယ်၊ တစ်ကယ် အမှန်အကန်ပါဘဲ၊ ခင်ဗျားတို့ အတော်များများ သိကြပါတယ်။ ကျွန်တော်ပြောဘို့အချိန်မရှိတော့ပါဘူး။

72 ၇၂။ သို့သော်လည်း ထိုနေရာမှာ ထိုအချိန်က ရပ်နေသောအခါအေးမြမှုကို ခံစားလာရ ပါတယ်။ နောက်တစ်နေ့နေမှာ မစ္စတာ ဒင်တန် တက်လာတယ်။ ကျွန်တော်က"သားကောင် ကြီးရရင် သိပ်ကောင်းမှာဘဲအချစ်ရယ် လို့ ပြောလိုက်ပါတယ်။" ရပါတယ်။ ပဲနိလေးတွေစုကြရမယ်။ နောက်ပြီး ကျွန်တော်တို့လက်ထပ်ကြပါတယ်။

"ဒီနေ့အမဲလိုက်ထွက်ရင်တော့ ဆောင်းရာသီအတွက်အသားရမှာဘဲ"

သူမက"ကောင်းပြီ ဆက်လုပ်ပါဘီလီ" လို့ ပြောပါတယ်။ "ကျမကတော့ ဒီတော ထဲကို တစ်ခါမှ မရောက်ဖူးဘူး။"သူမဟာ တောင်ပေါ်ကို (၂၅)မိုင် အမြင့်လောက်ရောက် နေပါတယ်။ သူမက "ဒါနဲ့ပတ်သက်လို့ကျွန်မနားမလည်ဘူး"လို့ ပြောပါတယ်။ နောက်ပြီး သူမက "ကျမ ....."

73 ၇၃။ ကျွန်တော်က လွန်ခဲ့တဲ့ (၂)နှစ်ကျော်လောက်က ကိုယ်ဝက်ဝံ(၃)ကောင်ကိုသတ်ခဲ့တာ မင်းသတိရလား? "ဟိုတောင်ထိပ်ပေါ်မှာဘဲ" အခုလည်း ငါဝက်ဝံ မိအုန်းမယ်။ ငါတို့ဆောင်းရာသီအတွက် အသားရအုန်းမယ်။ အဲဒါ ကောင်းပါ တယ်။ (နောက်ပြီး ဘာလက်ဘယ် ရီသီးတွေ ကျွန်တော်တို့ခူးကြတယ်။ အဲဒီအတွက် မီးသွေးရအောင်လုပ်တယ်။ အဲဒီ ဆောင်းရာသီအတွက် ဖြစ်တယ်။ ဘီလီက ရောင်းတယ်။ကျွန်တော် ကင်းလှည့်ပြီးနောက် မီးဒါနဲ့လိုက် ကောက်ကြတယ်။) ကျွန်တော် ပြောပါတယ်။ "ကိုယ်ရိုင်ဖယ်သေနတ်ယူပြီး ဆင်းသွားမယ်။ ဒီနားမှာ သမင်တွေအများကြီးရှိတယ်။ တစ်ကောင် တော့ တွေ့မှာဘဲ။ သမင်တစ်ကောင်တော့တွေ့မှာဘဲ။ ခဏကြာရင် ကျွန်တော် ပြန်လာမယ်။" သူမက "ကောင်းပြီ" ဟုဆိုပါသည်။

74 ၇၄။ ဒါနဲ့ဘဲ ကျွန်တော် စထွက်ခဲ့ပါတယ်။ မြေနီမှုံပိုင်းဘဲဖြစ်ပါတယ်။ ခင်ဗျားတို့နယူးဟက်ပ်ရှိုင်းယားပြည်နယ်သားတွေ နယူးအင်္ဂလန် ရောက်နေကြပါတယ်။နှင်းကျလာပြီဆိုရင် ဘာအဓိပ္ပါယ်လဲဆိုတာ သိကြပါတယ်။ တောင်ပေါ်မှာ ဘယ်နေရာ ရောက်ရောက်ဘယ်မှာမှန်း မသိကြတော့ပါဘူး။ ခင်ဗျားရှေ့မှာရှိတဲ့ ခင်ဗျားရဲ့လက်ကိုတောင် မတွေ့ရတော့ပါဘူး။ဒါနဲ့ဘဲ ကျွန်တော် သစ်ကိုင်းလေးတွေ ခုတ်ပြီးသွားတယ်။ ဆင်းလာပြီးတောင် အစွန်းလမ်းကလေးကနေကျော်ဖြတ်လာတယ်။ နောက်ပြန်တက်လာတယ်။ ကျွန်တော် Panther ကျားသစ်တစ်ကောင်ကို သတိပြုမိလိုက်တယ်။အနောက်ဖက်မှာတော့ ကူဂါလို့ခေါ်တယ်။ ဒီတောင်ပေါ်မှာတော့ တောင်ခြသေ့်လို့ခေါ်တယ်။ အမျိုးအစားကတော့ တစ်မျိုး တစ်စားတည်းပါဘဲ။ တစ်ကယ်ဘဲ ကျားသစ် Puma တစ်မျိုးဖြစ်တယ်။(၉)ပေ လောက်ရှည်လျားပြီး ပေါင်(၁၅၀၊ ၂၀၀) လောက်လေးမယ်။ သူက လမ်းဖြတ်ကူးပြီး ကျွန်တော်ကလည်းသေနတ်ကို အမြန်ဆုံးချိန်ပြီး ပစ်ဖို့ကြိုးစားတယ်။

75 ၇၅။ ကျွန်တော် တောင်ကုန်းပေါ် ပြေးတက်ပြီး ကျားသစ်ကိုလိုက်တယ်။ သူလှုပ်ရှားတဲ့ သစ်ရွက်တွေကို ကြည့်ပြီးလိုက် တယ်။ အသံကြားရတယ်။ သူကခြေလေးချောင်းရှိတယ်။ ခြေနှစ်ချောင်း မဟုတ်မှန်း ကျွန်တော်သိတယ်။သူကသမင်မ ဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ သမင်ကခုန်တယ်။ သူက လွယ်လွယ်နဲ့ခြေချော်နိုင်တယ်။ကြောင်လိုဘဲ ဝက်ဝံကတော့ လမ်းလျှောက်ရင် ခြေထောက်ကိုလိမ့်ပြီး လျှောက်တယ်။ ဒါကြောင့်ကျားသစ်မှန်းသိတယ်။ သူက သစ်တုံးနောက်မှာ ကွယ်နေတယ်။ သူ့ကို ကျွန်တော် မတွေ့ရဘူး။ တစ်ချက်ဘဲတွေ့လိုက်ရပြီး ပျောက်သွားတယ်။

သစ်ရွက်တွေကိုသူဘယ်လိုတိုးသလဲဆိုတာ ကျွန်တော် ကြည့်နေတယ်။ တောင်ထိပ်မှာ ဒီလိုအဆင်းပိုင်းမှာ တိမ်တွေကိုတစ်ချိန်လုံး ကျွန်တော် ဒီလိုကြည့်မနေနိုင်ဘူး။ နှင်းကျလာတယ်။ ကျွန်တော် အောက်ဆင်းလိုက်တယ်။ချိုင့်ဝှမ်းကျယ်ကြီး ထဲကို ဆင်းလိုက်တယ်။ ချိုင့်ထဲကို ရောက်သွားပြီး ကျားသစ်နောက်ကိုလိုက်နေမိတယ်။ စိတ်ထဲကလည်းခဏ နေရင်တော့ မိတော့မှာဘဲလို့လည်း တွေးနေမိတယ်။ နေရာကိုတွေ့ပြီးမြင့်မားတဲ့နေရာကို ပြေးတက်ခဲ့တယ်။ ပတ်ပတ်လည် ကြည့်လိုက် တယ်။ ချောင်းကြည့်လိုက်တယ်။ကျွန်တော် တွေ့ရပါတယ်။ အရမ်းနီးကပ်နေပါတယ်။ တစ်ခါပြန်ဆင်းလာခဲ့ပါတယ်။ တိုက်ခိုက်သံကိုကျွန်တော့်ရှေ့မှာ ကြားနေရတယ်။ အပြင်ထွက်သွားသလိုပါဘဲ၊ သူက သစ်ပင်တွေကို ဝင်တိုက်ပြီးကျွန်တော် နောက်ယောင်မခံနိုင်တော့ပါဘူး။ သူကတော်တယ်။ သစ်ပင်ပေါ်ကိုတက်ပြီး တစ်ပင်ကနေတစ်ပင်ကို ခုန်ကူးတယ်။ ကျွန်တော်မတိုက်နိုင်တော့မှန်းကို သူသိတယ်။ ကျွန်တော်က ဘာဘဲဖြစ်ဖြစ်လို့တွေးမိတယ်။

76 ၇၆။ ကျွန်တော် ပြန်တက်လာပြီး ဝက်ဝံအိုအထီးကြီးတစ်ကောင်ကိုအနံ့ရလိုက်တယ်။ ကျွန်တော့်အတွေးက "အခုဒီ ကောင့်ကို ပစ်မယ်၊ အဲဒါကောင်းတယ်။ ထပ်ပြီးအနံ့ခံကြည့် လိုက်တယ်။ ဆက်သွားတယ်။ အားလုံးကို ကြည့်နေမိတယ်။ ဘာမှ မတွေ့ရတော့ပါဘူး။ ပြန်လှည့်ဆင်းလာပြီး တောင်ရဲ့တစ်ဖက်ကနေ ပြန်လှည့်ဆင်းလာတယ်။ ကျွန်တော် သတိထားမိ တာကတော့နှင်းတွေ ကျလာတာဘဲဖြစ်တယ်။ တစ်ခါထပ်ပြီး အနံ့ခံကြည့်လိုက်တော့ သူတစ်နေရာရာမှာ ရှိနေတယ်။ကျွန်တော်က "မဟုတ်ဘူး၊ အခုဘာဖြစ်သ လဲဆိုရင်လေကဒီလမ်းကနေ လာနေတယ်။ ..ဝက်ဝံအနံ့က ဒီကိုအောက်ဖက်ကို ဆင်းလာတယ်။ ကျွန်တော် ယခုကျော်ဖြတ်ပြီးနောက်လေက တစ်နေရာကနေ တိုက်လာပါတယ်။ ဒါကြောင့် ဝက်ဝံအနက် ပထမဆုံးရတဲ့နေရာကို ပြန်သွားရပါတယ်။အဲဒီနေရာကနေ အနံ့ ပြန်ခံရပါတယ်။

77 ၇၇။ အပြန်လမ်းမှာ ကျွန်တော် တောတန်းကလေးကို ကျော်ကြည့်လိုက်တဲ့အခါမှာခြုံပုတ်တွေ လှုပ်ရှားသွားတာကို မြင်ရတယ်။ အမဲကြီးတစ်ခု လှုပ်သွားတော့ "အဲဒီမှာဘဲ"လို့ ကျွန်တော် တွေးမိတယ်။ သေနတ်ကျည်ဆံ လွတ်လိုက်ပြီး ရပ်တန့်နေမိတယ်။ အလွန်ကြီးမားတဲ့ သမင်ထီးကြီးတစ်ကောင် ဖြစ်နေပါတယ်။ကျွန်တော် လိုချင်နေတာ ဒါဘဲဖြစ်တယ်။ လို့ တွေးလိုက်မိတယ်။ သမင်ကို ထိသွားပါတယ်။

ကျွန်တော်တွေးမိတာကတော့ ဒီကောင်ကြီးကို ကိုင်တွယ်ဘို့အချိန်မရှိတော့ဘူး။ လက်တွေဆေးပြီး ခါးပြန်သိမ်းလိုက်ပြီးကျေးဇူးတော် ချီးမွမ်းလိုက်တယ်။ "ကိုယ်တော် ကျေးဇူးတင်တယ်။ ဆောင်းရာသီအတွက် အသားကိုကိုယ်တော်ပေးပြီ၊ သေနတ်လည်း ရှိတယ်။ ချိုင့်ဝှမ်းဖက် ပြန်လှည့်ပြီးသွားမယ်လို့စဉ်းစားမိတယ်။ကြည့်လိုက်ပါ။ မုန်တိုင်းကျလာပြီ။ ဒီကနေ ထွက်ရမယ်။ မီးဒါနဲ့သူတို့ အားလုံးဆီ

ပြန်ရမယ်။”

မြန်မြန်လုပ်ရမယ်လို့ကျွန်တော် ပြောလိုက်တယ်။

78 ၇၈။ ချိုင့်ဝှမ်းကိုကျော်၍ ကျွန်တော် တက်သွားပါသည်။ကျွန်တော်၏ ကြီးမားသော ကုတ်အင်္ကျီအနီကြီးကို ကျယ်သီး ဖြုတ်လိုက်ပြီး ချိုင့်ဝှမ်းတစ်လျှောက်မှာဤသို့ပြေးပတ်နေမိသည်။ ပထမဆုံး ကျွန်တော် စဉ်းစားမိသောအရာမှာ ဘယ်နေရာ မှာ ငါလှည့်လိုက်တာလဲ?“လေမှာ အောက်ဖက်သို့တိုက်ခတ်လာသည်။ သစ်ပင်များ ယိမ်းယိုင်နေသည်။ ကျွန်တော် စဉ်းစားမိသည်မှာ”ဘယ်နေရာမှာ ငါပြန်လှည့်ခဲ့တာလဲ?“ ကျွန်တော် ပတ်၍သွားသည်။ ကျွန်တော် ဟာရီကိန်းတောင်ပေါ်သို့တည့်တည့် တက်သွားကြောင်း သိနေပါသည်။ သို့သော်လည်း ကျွန်တော် ရပ်လိုက်ရသည်။ ကျွန်တော်ချွေးပြန်နေသည်။ စဉ်းစားမိသည်မှာ ”ဒီနေရာမှာ ဘာဖြစ်နေတာလဲ? ကျွန်တော် နာရီဝက်သွားခဲ့ပါသည်။သုံးပုံတစ်ပုံ လျှောက်သွားပြီး ကျွန်တော် လှည့်ခဲ့သောနေရာကို ရှာမတွေ့တော့ပါ။ ကျွန်တော်မော့ကြည့်လိုက်သောအခါ ကျွန်တော် ချိတ်ထားသောသမင် ကို တွေ့ရပါသည်။ ကျွန်တော် ထိုနေရာမှာပင်ရှိနေပါသည်။ ကျွန်တော် စဉ်းစားမိသည်မှာ ငါဘာလုပ်လိုက်တာလဲ?

79 ၇၉။ တစ်ခါထပ်ပြီး သွားဦးမည်။ ကျွန်တော် စဉ်းစားမိသည်။ဒီတစ်ခါတော့ အလုပ်ဖြစ်မှာဘဲ ငါသတိပြုမိတယ်။ ကျွန်တော် နေရာတိုင်းမှာ လှုပ်ရှားမှုကလေးများကိုကြည့်နေမိသည်။ ကျွန်တော် ရှာဖွေသည်၊ ရှာဖွေသည်၊ ရှာဖွေသည်။ တိပ်ပြားတက်လာပါသည်။ လမ်းပေါ်မှာနှင်းမုန်တိုင်း ကျတော့မည်ကို ကျွန်တော်သိသည်။ မြူများနိမ့်ပြီး ကျလာသည်။ ကျွန်တော်စတင်၍ သတိပြုမိလာသည်။ ကျွန်တော် တွေးမိသည်မှာ နဲနဲဝေးဝေး သွားလိုက်ဦးမည်။ ဆက်.ဆက်.ဆက်.ဆက်ပြီး သွားလိုက်သည်။ ကျွန်တော် စဉ်းစားမိသည်မှာ ဒါထူးဆန်းတယ်။ တစ်ခါက ဒီနေရာကို တွေ့ခဲ့ဘူးသလိုဘဲ။ကျွန်တော် ကြည့်နေမိသည်။ထိုနေရာမှာ ကျွန်တော်၏ သမင်ချိတ်ဆွဲ လျှက်ရှိသည်ကို တွေ့ရသည်။

ကျွန်တော်ဘာကိုလိုက်နေကြောင်း သင်သိပါသလား? အိန္ဒိယတို့က “မရဏာ လျှောက်လှမ်းခြင်း” ဟုခေါ်သည်။သင်သည် စက်ဝိုင်းပုံဝိုင်း၍ ဝိုင်း၍ လျှောက်လှမ်းနေသည်။ ကျွန်တော် တွေးမိသည်မှာ ကျွန်တော်ဟာသိပ်တော်တဲ့ လမ်းပြဖြစ်လို့လမ်းပျောက် စရာမရှိဘူး။ တောထဲမှာ ကျွန်တော့်ကို ဘာမှ ပြောစရာမလိုဘူး။ ကျွန်တော့်လမ်းကို ကျွန်တော် သိတယ်။

ကျွန်တော်ချိုင့်ဝှမ်းအပေါ်ဖက်ကို တက်သွားပြီး စတင်၍ နုတ်ဆက်လိုက်သည်။နေရာတိုင်းမှာ နှင်းကျနေပါသည်။မှောင်မိုက် ပါတော့မည်။

ကျွန်တော် တစ်ခါ ထပ်စကြည့်ပြန်ပါသည်။ ဒီအမှားမျိုးငါမလုပ်နိုင်ပါဘူး။ ဟုလည်း ပြောလိုက်မိသည်။ နောက်ပြီး ကျွန်တော် ပြန်လာသည်။

80 ၈၀။ ကျွန်တော် ချိုင့်ဝှမ်းနှင့်အပေါ်ဖက်ကို တက်သွားပြီးစတင်၍ မှုတ်လိုက်သည်။ နေရာတိုင်းမှာ နှင်းကျနေပါသည်။ မှောင်မိုက် ပါတော့မည်။ မီးဒါတော့တောထဲမှာ သေမှာဘဲ၊ သူဘာမှ မလုပ်တတ်ဘူး။ ဘီလီကလည်း အသက်သုံးလေးနှစ်ဘဲ ရှိသေးတယ်။ အရမ်းငယ်တယ်။ သူတို့ဘာလုပ်မှာလဲ? ကျွန်တော် စဉ်းစားမိပါတယ်။ ကျွန်တော် ထရပ်ပြီးရေညှိ ပေါ်ရောက်သွားတယ်။ မြေပြန့်တစ်နေရာမှာ ရောက်နေပြီး ဘာမှ မတွေ့ရဘူး။ အားလုံး မြူချေဆိုင်းနေတယ်။ကျွန်တော် ပတ်ပြီး လည်နေတယ်။

သာမန်အားဖြင့်ကျွန်တော် နေရာတစ်နေရာတွေ့ပြီး ဆွဲထားအမိပါတယ်။ ကျွန်တော်နဲ့တစ်စုံတစ်ဦးရှိပါက ကောင်းပါသည်။ကျွန်တော် ရပ်နေပြီး မုန်တိုင်းစဲသည်အထိ စောင့်နေမိသည်။ တစ်ရက်(သို့) နှစ်ရက်နှင့်ထွက်လာရပါသည်။ ကျွန်တော်၏ သမင်ကို ကိုင်တွယ်ဖြတ်တောက်ရပါသည်။ ကျွန်တော်၏ ပုခုံးပေါ်မှာရှိပါသည်။ ဝင်သွားလိုက်သည်။ စားသောက်ပြီး ထိုအကြောင်းအရာကို မေ့ပျောက်သွားပါသည်။ သို့သော်သင်ထိုသို့မပြုလုပ်နိုင်ပါ။ သင်၏ဇနီးနှင့် ကလေးငယ်မှာ တောထဲမှာ လဲလျောင်း ပျောက်ကွယ်သွားတော့မည် ဖြစ်ပါသည်။

81 ၈၁။ ကျွန်တော် စတင်၍ စဉ်းစားမိပါသည်။ ငါဘာလုပ်နိုင်မှာလဲ?ကျွန်တော် အနည်းငယ် ရှေ့တိုးသွားပါသည်။ ကျွန်တော် စဉ်းစားမိသည်။ အခုစောင့်ပါ။ ပထမဆုံးချိုင့်ဝှမ်းကို ကျော်သွားသည့်အခါ မျက်နှာကို လေတိုးပါသည်။ ကျွန်တော် ဒီလမ်းက လာရပါမည်။ ချိုင့်ကြီးများထဲတွင် ကျွန်တော်က လျှောက်သွားနေရပါသည်။ ကျွန်တော် ဘယ်ကို ရောက်နေမှန်းမသိပါ။ ကျွန်တော် ပြောသည်မှာ အိုး. ငါစိတ်လှုပ်ရှားစ ပြုလာပြီ။ ကျွန်တော်စဉ်းစားမိသည်မှာ(၁)မိနစ်လောက်စောင့်ပါ။ ဘီလ် မင်းလမ်းမပျောက်သေးပါ။ မိမိကိုယ်ကိုလှည့် ဖျားရန် ကြိုးစားသည်။သင်မလှည့်ဖျားနိုင်ပါ။ သင်ဖျားကြောင်း သင့်အတွင်း ဩတ္တပ္ပစိတ်က သင့်ကိုပြောနေပါမည်။

သင်ပြောဘို့ကြိုးစားပါသည်။ ကျွန်တော် ကယ်တင်ခြင်းရပြီ၊ ကျွန်တော် ဘုရားကျောင်းသွားသည်။ စိတ်မပူပါနှင့်။ထိုသေ ခြင်းတရား ကျရောက်လာသည်အထိ စောင့်ပါ။ ကွာခြားသည်ကို သင်သိလာပါမည်။ သင့်ဩတ္တပ္ပစိတ်ကသင့်ကို ပြောပြပါ သည်။ သင့်အထဲမှ တစ်စုံတစ်ခုက သင်မှားယွင်းကြောင်း သင့်ကို ပြောပြပါသည်။သင်သေဆုံးသွားပြီး နောက် သန့်ရှင်းသော ဘုရားကို မတွေ့ဆုံနိုင်ကြောင်း သင်သိပါသည်။ ယမန်နေ့ညကကျွန်တော်တို့တွေ့မြင်ရသည့်အတိုင်း သန့်ရှင်းသော ကောင်းကင်တမန်များကပင် ကိုယ်တော်ရှင်ရှေ့မှာရပ်သောအခါ သူတို့၏မျက်နှာများကို ဖုံးအုပ်ထားရပါသည်။ ယေရှုခရစ် တော်၏အသွေးတော်ပြင်ပတွင်သင်မည်ကဲ့သို့ ရပ်တည်၍ သင့်ကိုယ်သင် ဖုံးအုပ်ပါမည်နည်း?

82 ၈၂။ ကျွန်တော် စဉ်းစားမိသည်မှာ အို. ကျွန်တော် လုပ်လိုက်ပါမည်။ကျွန်တော် စတင် လိုက်ပါသည်။ ကျွန်တော် တွေ့ရသည်မှာ တစ်စုံတစ်ရာကို ကြားနေရပါသည်။ ကျွန်တော်စိတ်လှုပ်ရှားလာပါသည်။ ကျွန်တော် စဉ်းစားမိပါသည်။ ယခု ကျွန်တော် ထိုသို့ပြုလုပ်ပါကကျွန်တော် အစိတ်စိတ်အမွှာမွှာ ဖြစ်အောင်သွားပါမည်။ ပျောက်ဆုံးသောသူက ထိုသို့ရုံဖန် ရံခါပြုလုပ်တတ်ပါသည်။ တောထဲမှာ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားပါသည်။ ၎င်းနောက် သူကသေနတ်ယူ၍မိမိကိုယ်မိမိ ပြန်ပစ်ပါသည်။ သို့မဟုတ် တွင်းထဲကျ၍ခြေ

ထောက် ကျိုးသွားမည်။ ထိုနေရာမှာပင်လဲကျ၍ သေဆုံးပါမည်။ ကျွန်တော် စဉ်းစားမိသည်မှာ ကျွန်တော် ဘာလုပ်မည်နည်း? ကျွန်တော်စတင်၍လျှောက်လှမ်းလာပါမည်။

တစ်စုံတစ်ခုကပြောနေသည်ကို ကျွန်တော် ကြားနေရပါသည်။ အခက်အခဲ ရင်ဆိုင်နေရချိန်မှာ ကျွန်တော်သည် အလွန်လိုအပ်လျှက်ရှိသော အကူအညီပေးသူပင် ဖြစ်သည်။ ကျွန်တော်သည် ဆက်လက်၍ လျှောက်လှမ်းနေဆဲဖြစ်ပါသည်။

ကျွန်တော်တွေးမိသည်မှာ ကျွန်တော် နဲနဲတော့ အားနေပေပြီ။ အသံကိုလည်း ကြားရပါသည်။ ကျွန်တော် ဆက်သွားပါသည်။ ဗိုး၊ ဗိုး၊ ဗိုး လေချွန်နေသည်။ ကျွန်တော် စဉ်းစားမိသည်မှာ ယခု ကျွန်တော် မပျောက်ဆုံးသေးပါ။သင်ဘယ် နေရာရောက်ကြောင်း သင်သိပါသည်။ သင်နှင့်ပတ်သက်၍ ဘာဖြစ်ပါသလဲ? သင်မပျောက်ဆုံးနိုင်ပါ။သင်သည် မုဆိုး ကောင်း တစ်ဦးဖြစ်ပါသည်။ မပျောက်ဆုံးနိုင်ပါ။ မိမိကိုယ်ကို ဝါကြွားမည်။မိမိကိုယ်ကို မိမိဝါကြွားသွားရပါသည်။

သင်မလှည့်ဖျားနိုင်ပါ။ဤနေရာမှ ဆင်းလာပါက လည်နေသောဘီးကလေးကို တွေ့ရပါသည်။ ပြောနေသည့်အရာမှာ လူကလေး သင်ပျောက်ဆုံးနေပေပြီ။သင့်ကိုယ်သင် သိသည်။ သင်ပျောက်ဆုံးနေပေပြီ။

83 ၈၃။ ကျွန်တော် ဆက်လက်၍ လှုပ်ရှားနေပါသည်။ အို. ကျွန်တော်မပျောက်ဆုံးပါ။ ကျွန်တော် ကောင်းသွားပါမည်။ ကျွန်တော် လမ်းရှာ၍ ထွက်ပါမည်။ အရာတိုင်းကရယ်ဖွယ် ဖြစ်နေသည်။ လေများလည်း ပိတ်နေသည်။ နှင်းများ ပုံနေပါသည်။ နှင်းကလေး အနည်းငယ်ဖြစ်သည်။ တံတွေးထွေးချသည် ဟု ကျွန်တော်တို့က ခေါ်ဆိုပါသည်။ ကျွန်တော် စဉ်းစားမိသည်မှာ ဇနီးသည်နှင့်ကလေးငယ်၊ ကျွန်တော် စဉ်းစားပြီး စိတ်ပူမိပါသည်။

တိုက်ရိုက်ပင်ကျွန်တော် ထိုအရာကို ကြားရပြန်ပါသည်။ “ငါသည် ဒုက္ခရောက်စဉ်အခါ သင့်အားကူညီပါမည်။ ကျွန်တော်သည် ထိုစဉ်က ဧဝံဂေလိဆရာဖြစ်ပြီး တဲတော် ထဲမှာ ယခုပင် တရားဟောသူ ဖြစ်ပါသည်။

ကျွန်တော်စဉ်းစားမိသည်။ ကျွန်တော် ဘာလုပ်နိုင်ပါမည်နည်း? ကျွန်တော် ရပ်၍ နေရာတိုင်းကို ကြည့်လိုက်သည်။နှင်းကျ နေပါပြီ။ ဘာမှ မလုပ်နိုင်တော့ပါ။ ဘာလုပ်နိုင်ပါမည်နည်းဟု တွေးမိပါသည်။ ကျွန်တော်အသက်မရှင်သင့်တော့ပါ။ အရမ်းကို စိတ်ချမှု ရှိနေပါတယ်။ ကျွန်တော်က မုဆိုးလို့ကျွန်တော့်ကိုယ်ကျွန်တော် ထင်မြင်ယူဆမိပါသည်။ သို့သော်လည်း မဟုတ်ပါ။

84 ၈၄။ ညီအစ်ကို ကိုယ်တော်ကို အမြဲတမ်း ကျွန်တော် ယုံကြည်စိတ်ချခဲ့ပါသည်။သေနတ် ပစ်ခြင်းများ၊ ကျွန်တော့်မှာ အမြဲတမ်း မှတ်တမ်းများရှိပါသည်။ တံငါသည်ဖြစ်သည်။ဆင်းရဲသားဖြစ်သည်။ သို့သော်အမြဲတမ်း သူ့ကို ယုံကြည်ခဲ့ပါသည်။ ကျွန်တော် မပစ်နိုင်ပါ။ သို့သော် ကိုယ်တော်က ကျွန်တော့်ကို မှတ်တမ်းဝင်စေပါသည်။ သမင်ပစ်ပါ။ (၇၊ ၈)ကိုက် ပစ်နိုင်ပါ သည်။ သေနတ်ယူ၍ ပစ်မှတ် မလွဲဘဲ (၃၅)လောက်ပစ်နိုင်ပါသည်။ နေရာတိုင်းမှာ ဖတ်ကြည့်ပါ။ ဖတ်နိုင်ပါက ဖတ်ကြည့်ပါ။ ကျွန်တော် မဟုတ်ပါ။ကိုယ်တော်ဖြစ်သည်။ ကိုယ်တော်ကို ကျွန်ုပ် ယုံကြည်မိပါသည်။

ကျွန်တော် စဉ်းစားမိသည်မှာ “ကျွန်တော်ဘာလုပ်နိုင်ပါနည်းနည်း? ဘာလုပ်နိုင် ပါမည်နည်း?”

ပို၍ပို၍နီးကပ်လာပါသည်။ ကျွန်တော့်အား အကူအညီလိုနေစဉ် ကူညီသူ ဖြစ်ပါသည်။

ကျွန်တော်စဉ်းစားမိပါသည်။ ထိုဘုရားက ကျွန်တော့်ကို စကားပြောနေပါသလား? ကျွန်တော် ဦးထုပ်ကို ချွတ်လိုက်သည်။ကျွန်တော့်မှာ ကင်းလှည့်ဦးထုပ်ရှိသည်။ လက်ကိုင် ပုဝါအနီ စည်းထားပါသည်။ ချထားပါသည်။ကုတ်အင်္ကျီချွတ်လိုက်သော အခါ စိုနေပါသည်။ ကုတ်အင်္ကျီကို ချထားလိုက်ပြီး သစ်ပင်ကိုမှီ၍သေနတ်ကို ထောင်ထားလိုက်ပါသည်။ ကျွန်တော် ဆိုလိုသည်မှာ ကောင်းကင်ဘုံရှင်အဖ၊ ယခု ကျွန်တော့်ကိုယ်ကျွန်တော် မနိုင်တော့ပါ။ ကျွန်တော့်အား စကားပြောသော အသံကို ကြားနေရပါသည်။ ကိုယ်တော်ဟုတ်ပါသလား? ကျွန်တော် ပြောသည်မှာ “ကိုယ်တော် ကျွန်တော်က မုဆိုးမဟုတ် ကြောင်း ကိုယ်တော်ကိုဝန်ခံလိုပါသည်။ မတတ်နိုင်တော့ပါ။ လမ်းစရှာလို့ မရတော့ပါ။ ကိုယ်တော် ကျွန်တော့်ကို ကူညီရပါမည်။ အသက်ရှင်ရန် မသင့်တော်တော့ပါ။ လုပ်ခဲ့သမျှကိုလည်း မလုပ်သင့်တော့ပါ။ ဒီနေရာကိုဝင်လာပါ။ လမ်းပျောက်တော့ မည်ဟု သိပြီးစဉ်းစား မိပါသည်။ ကိုယ်တော်ကို လိုပါသည်။ ကျွန်တော်၏ဇနီးသည်မှာ မိန်းမကောင်း ဖြစ်ပါသည်။ ကျွန်တော့် သားကလေးမှာ မိခင် မရှိတော့ပါ။ သူမသာမိခင်အဖြစ် ကြည့်ရှုနေခြင်း ဖြစ်သည်။ သူမကို လက်ထပ်ထားသည်မှာလည်း မကြာသေးပါ။ သူမနှင့်ကလေးငယ်မှာ ယခုတောထဲမှာ ဒီည သေဆုံးရပါတော့မည်။ ဒီလေတိုက်ခတ်မှုကြောင့် (၁၀)အောက် သုံညသို့ရောက်ပြီး သူတို့မည်သို့အသက်ရှင်ရမည်ကို မသိကြတော့ပါ။ ယနေ့ည သေဆုံးကြရပါမည်။ သေဆုံးခွင့်မပြုပါနှင့်ဘုရား။ သူတို့ထံသို့ကျွန်တော့်ကို ပို့ဆောင်ပါ။ သို့မှသာ သူတို့မသေဆုံးအောင်ကျွန်တော်ကြည့်ရှုနိုင်ပါမည်။ ကျွန်တော် လမ်းပျောက်နေပါသည်။ ဘုရားရှင်၊ ကျွန်တော် လမ်းစရှာလို့မရတော့ပါ။ ကိုယ်တော် ကျေးဇူးပြု၍ ကျွန်တော့်ကို ကူညီပါ။ ကျွန်တော်၏ အတ္တဆန်သော နည်းလမ်းအတွက်ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကိုယ်တော်မပါဘဲ ကျွန်တော် ဘာမှမလုပ်နိုင်ပါ။ ကိုယ်တော်သည်ကျွန်တော်၏ လမ်းပြဖြစ်သည်။ ကျွန်တော့်ကို ကူညီပါ ကိုယ်တော်၊

85 ၈၅။ ကျွန်တော် ထရပ်၍ ပြောပါသည်။ အာမင်၊ ကျွန်တော်၏လက်ကိုင်ပုဝါကိုကောက် ယူ၍ ကုတ်အင်္ကျီ၊ ဦးထုပ်တို့ကို ကောက်ယူလိုက်သည်။ သေနတ်ကို ကောက်ယူလိုက်ပြီးပြောလိုက်သည်။ ယခု ကျွန်တော့်ကိုယ် ကျွန်တော် အကောင်း ဆုံးပြုပြင်ပြီး ဘယ်ကို သွားရမည်ကိုသိပါသည်။ ကျွန်တော် နားလည်သလောက် အကောင်းဆုံး ဖြစ်ပါသည်။ ကျွန်တော် တစ်လမ်းတည်း သွားပါမည်။အကြောင်းမှာ ကျွန်တော် စက်ဝိုင်းကဲ့သို့တစ်နေရာရာမှာ လည်ပတ်၍ လျှောက်နေပါသည်။ ဘယ်နေရာမှန်းမသိပါ။ သို့သော် ကိုယ်တော် ပြောသည့် လမ်းကို ကျွန်တော်သွားပါမည် ကိုယ်တော်၊ ကျွန်တော်၏လမ်းပြ၊

ကျွန်တော်ဤနည်းဖြင့် စတင်၍လျှောက်လှမ်းပါမည်။ ကျွန်တော် ပြောခဲ့ပါသည်။ ဤအရာဖြစ်ပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော် ထိုအရာကို ယုံကြည်ရပါမည်။ ကျွန်တော် ဤလမ်းကို သွားပါမည်။ ဒီလမ်းကိုတည့်တည့်သွားပါမည်။ကျွန်တော် လမ်းလွဲမသွားပါ။ ဒီလမ်းကိုဘဲသွားပါမည်။ ကျွန်တော်မှန်ကြောင်း ကျွန်တော်သိပါသည်။ဒီလမ်းကိုကျွန်တော် သွားပါမည်။ ကျွန်တော် ထိုလမ်းကိုသွားပါက ကနေဒါနိုင်ငံသို့ကျွန်တော်ဦးတည်သွားရပါမည်။

86 ၈၆။ ထိုစဉ် ကျွန်တော့်ပုခုံးကို တစ်စုံတစ်ဦးက ထိတွေ့မှုကို ကျွန်တော် ခံစားလိုက်ရပါသည်။ လက်ဖြစ်၍လူတစ်ဦး၏ လက်ပင် ဖြစ်သည်။ လျင်မြန်စွာ ကျွန်တော် လှည့်ကြည့်လိုက်ပါသည်။ ဘယ်သူမှ မတွေ့ရတော့ပါ။ကျွန်တော် စဉ်းစားမိ သည်မှာ အဲဒါဘာလဲ? ဒီမှာ ကျမ်းစာအုပ် ကျွန်တော့်ရှေ့မှာ ချထားပါသည်။ဘုရားသခင် ကျွန်ုပ်၏လမ်းပြ၊ ကျွန်ုပ်၏တ ရားသူကြီး ဒီနေရာမှာ ရပ်နေပါသည်။ ကျွန်တော်မော့ကြည့်လိုက်ပါသည်။ ဤနည်းလမ်းအတိုင်း လှည့်ကြည့်လိုက်သည်။ မြူများရှင်းသွား၍ ဟာရီကိန်းတောင်၏ထိပ်မှာမျှော်စင်ကို ကျွန်တော် တွေ့မြင်ရပါတော့သည်။ ထိုနေရာမှ ဖြောင့်ဖြောင့်တန်း တန်းသွားလျှင်ကျွန်တော်၏အမဲလိုက် အရည်အချင်း အကောင်းဆုံး အဖြစ်ပြောရလျှင် ကျွန်တော်က ထိုနေရာမှ ထွက်သွားရပြီ ဖြစ်ပါသည်။ ညနေခင်း နေစောင်းသွားပြီ ဖြစ်သည်။ ကျွန်တော် တစ်ကယ်ဘဲ လျင်မြန်စွာလှည့်သွားလိုက်သည်။ဤသို့ဦးတည်လိုက်သည်။ ကျွန်တော် ဦးထုပ်ကိုကိုင်၍ လက်များကို မြှောက်လိုက်သည်။ ကျွန်တော်ကပြောသည်။ဘုရားသခင် ကျွန်တော့်ကိုလမ်း ပြပါ။ ကိုယ်တော်သည် ကျွန်ုပ်၏ လမ်းပြဖြစ်သည်။

ကျွန်တော်စတင်ခဲ့ပါသည်။ ကျွန်တော် အပေါ်ကို တည့်တည့် တက်သွားရပါမည်။ တစ်ဖြည်းဖြည်းနှင့် အားလုံးရောက်သွားသောအချိန်သို့ ရောက်ပေမည်။ မှောင်သွားပါသည်။ သမင်များ ကျွန်တော့်ရှေ့မှာ ခုန်ပေါက်နေသည်။ကျွန်တော် ဘာမှ မစဉ်းစား နိုင်တော့ပါ။ ကျွန်တော့်ကိုယ်ကျွန်တော် တစ်လမ်းတည်းသာ ဤတောင်မှတက်သွားပါသည်။

87 ၈၇။ ကျွန်တော် မြော်စင်သို့ရောက်နိုင်ပါက ကျွန်တော်သိပါသည်။ မစ္စတာဒင်တန်နှင့် ကျွန်တော်တို့နွေဦးပေါက်က ထိုတန်းကို တင်ခဲ့ပါသည်။ ဟာရီကိန်းတောင်မှကျွန်တော်တို့တယ်လီဖုန်းကြိုးတပ်ခဲ့သည်။ သုံးမိုင်ခွဲ (သို့) လေးမိုင်ခန့် အောက်ဖက်သို့ဆင်းလာပြီး စခန်းသို့ရောက်ပါသည်။ လမ်းကလေးတစ်လျှောက် ဆင်းသွားပြီး နှင်းများလည်း အပေါ်မှာပုံနေသည်။ လမ်းကြောင်းကလေးနေရာကို ပြောမပြနိုင်ပါ။ လေတိုက်ပြီး အားလုံးမှာမှောင်မဲ၍နှင်းများလည်း သိပ်သည်းနေ သည်။ သင်ဘယ်နေရာ ရောက်နေကြောင်း သင်မပြောနိုင်ပါ။ ကျွန်တော်သိသည့်တစ်ခုတည်းသောအရာမှာ မှောင်သွားပြီး နောက် ကျွန်တော် မသိတော့ပါ။ ..... ကျွန်တော်တစ်လမ်းတည်းသာ သွားနေကြောင်း ကျွန်တော် သိပါသည်။ တောင်ပေါ်တက်သွားပါသည်။ တောင်ပေါ်တက်သွားရန်ရည်ရွယ်သောကြောင့်ဖြစ်သည်။ မြော်စင်မှာလည်း တောင်ထိပ်မှာ ရှိပါသည်။ ခြောက်မိုင်ခန့်ထိုနေရာသို့ရောက်ရန် လိုနေပါသည်။ ထိုမြူများ ရှင်းသွားသည်ကို စဉ်းစား၍ (၆)မိုင်ခန့်တွင်အပေါက်တစ်ပေါက်သာရှိ ပါသည်။ ကျွန်တော် တွေ့မြင်သည့်တိုင် ဖြစ်ပါသည်။

88 ၈၈။ ကျွန်တော် ဤလက်ထဲမှာ ရိုင်ဖယ်သေနတ်ကို ကိုင်ထားပါသည်။ဤလက်ကိုလည်း ထောင်ထားပါသည်။ အ ကြောင်းမှာ ကျွန်တော် ဝါယာကြိုးကို သစ်ပင်များပေါ်တွင်ဤသို့ချိတ်၍ ကောက်ဆင်းသွားပါသည်။ အိမ်ကလေးကို တယ်လီဖုန်းဝါယာများ ရောက်သွားပြီး သူ၏ဇနီးနှင့်စကားပြောနိုင်ပါသည်။ ထိုနေရာမှ အော်ခေါ်နိုင်သည်။ တောင်ပေါ်မှ ဖြစ် သည်။ ထိုနှစ်ကုန်ခန့်ကကျွန်တော် သူ့ကိုကူညီ၍ အောက်သို့ယူသွားပါမည်။ ကျွန်တော် လက်ကို ဤသို့ထားပါသည်။ “အိုဘုရားသခင်၊ထိုလိုင်းကို တို့ထိပါရစေ။” လမ်းလျှောက်၍ ကျွန်တော် လက်မောင်းမှာ နာကျဉ်မောပန်းပါသည်။အောက်ချရန် ကျွန်တော့်မှာ ရှိပါသည်။ ကျွန်တော် သေနတ်ကို ပြောင်းလိုက်ပြီး ထိုအထဲမှာထည့်လိုက်သည်။ ခြေလှမ်းအ နည်းငယ်နောက်ဆုတ်ပြီး လွဲမသွားစေရန် သေချာရပါမည်။ ၎င်းနောက်ကျွန်ုပ်၏လက်ကို မြှောက်ပြီးစတင်၍ လျှောက်လှမ်း ရပါမည်။ နောက်ကျပြီး မှောင်မိုက်နေပါသည်။လေတိုက်နေပါသည်။ ကျွန်တော် တစ်စုံတစ်ခုကို ကိုင်တွယ်မိပါသည်။ ကျွန်တော်က ပြောပါသည်။“ထိုအရာပင်ဖြစ်သည်။ ထိုအရာ မဟုတ်ပါ။” မသေချာတော့ အသံကို ပေးခွင့်မပြုပါနှင့်။

89 ၈၉။ ကျွန်တော် အရှုံးပေးရန် ဖြစ်နေပါသည်။ ကျွန်တော့်လက်ကတစ်စုံတစ်ခုကို ရိုက်မိပါသည်။ ကျွန်တော် ပျောက်ဆုံး သောအခါ ပြန်လည်တွေ့ရှိခွင့်ရပါသည်။ထိုဝါယာကြိုးကို ကျွန်တော် ကိုင်လိုက်ပါသည်။ ရိုင်ဖယ်သေနတ်ကို ကျွန်တော်ချ လိုက်ပါသည်။ဦးထုပ်ကို ခေါင်းပေါ်မှ ချွတ်လိုက်သည်။ ထိုနေရာမှာ ရပ်နေ၍ ပြောလိုက်သည်။ အိုဘုရားသခင်ဘာခံစား ချက် တွေ့ရပါသလဲ? သင်ပျောက်ဆုံးပါက မည်သို့ခံစားရပါသလဲ? ကျွန်တော်က ဤဝါယာကြိုးတစ်လျှောက်အဆုံးသို့ရောက်သောအခါ ကျွန်တော် ဘယ်တော့မှ လျှော့လိုက် မည်မဟုတ်ပါ။ ဤဝါယာကြိုးကို ကျွန်တော်ကိုင်ထားပါမည်။ တောက်လျှောက် ကျွန်တော့် ကိုလမ်းပြ၍ ပို့ဆောင်ပါမည်။ ကျွန်တော့်ဇနီးနှင့်ကလေးငယ်က ကျွန်တော် ဘယ်မှာရှိနေ ကြောင်း မသိကြပါ။ မီးလည်း မမွေးတတ်ကြပါ။ ဘာလုပ်ရမှန်းမသိကြပါ။ လေများတိုက်နေသည်။ သစ်ကိုင်းများလှုပ်၍ သစ်ပင်ပေါ်မှ ကြွေကျနေသည်။ ထိုဝါယာကြိုးကိုကျွန်တော် မလွတ်ဝံ့ပါ။ ထိုဝါယာကြိုးကိုကိုင်၍ ထိုကြိုးအားဖြင့် ကျွန်တော့် ချစ်သူများထံသွားရပါမည်။

90 ၉၀။ ကြောက်မက်ဖွယ် အတွေ့အကြုံဖြစ်သည်။ လမ်းပျောက်ရှာရန်ကြီးမားသော အတွေ့အကြုံ ဖြစ်ပါသည်။ လမ်းတစ် ဝက် မဟုတ်သေးပါ။ တစ်နေ့သောအခါမှာ ကျွန်တော်အပြစ်နှင့်ပျောက်ဆုံးနေရပါသည်။ ဘုရားကျောင်း တစ်ကျောင်းပြီး တစ်ကျောင်းသွားသည်။ တစ်စုံတစ်ခုရှာဖွေရန်ကြိုးစားသည်။ သတ္တမနေ့ဥပုဒ်အသင်းသားများထံ သွားသည်။ သူတို့ ကပြောသည်။ ဥပုဒ်နေ့ကိုစောင့်ထိန်းပါ။ အသားမစားပါနှင့်။ နှစ်ခြင်းဘုရားကျောင်းသို့ကျွန်တော် ရောက်သွားသည်။ပထမနှစ်ခြင်း ဘုရားကျောင်းဖြစ်သည်။ သူက ပြောသည်။ “သင်ထ၍ ယေရှုခရစ်ကို ယုံကြည်ကြောင်းပြောပါ။သင့်ကိုငါ ဗတ္တိဇံပေးမည်။” ထိုနေရာမှာ ဘာမှမရှိပါ။ တစ်နေ့သောအခါမှာ မီးသွေးထားသည့်စင်ကလေးအပြင်မှာကျွန်တော် လက်များကိုကိုင်၍ တစ်စုံတစ်ခုကို ဖမ်းဆုပ်မိပါသည်။ (သို့) ကျွန်တော်ပြောပါရစေ၊ တစ်စုံတစ်ခုက ကျွန်တော်ကို ဆွဲကိုင်မိ ပါသည်။ ဘ၀အသက်တာအတွက် ဖြစ်ပါသည်။ လမ်းပြဖြစ်သည်။ကိုယ်တော်က ကျွန်တော့်ကို လုံခြုံစွာ လမ်းပြပါသည်။ ထိုဝါယာကြိုးကို ကျွန်တော်မလွှတ်ပါ။ကျွန်တော်က ကိုယ်တော်ထံသို့လက်များကို တွဲထားပါသည်။ ယုံကြည်ချက်များ၊ ဂိုဏ်းဂဏများကသူတို့လုပ်ချင်ရာလုပ်ပါသည်။ ကျွန်တော် လမ်းပြကို ဆွဲကိုင်ထားပါသည်။ ကမ္ဘာပေါ်မှာ ရှိသမျှအားလုံးနှင့်ကောင်းကင်မှာ ရှိသမျှ အားလုံးအတွက် ကျွန်တော့်အတွက် အဓိပ္ပါယ်မှာ တန်ဖိုးရှိပါသည်။ဤလိုင်းကြောင်းအဆုံး

မှာဖြစ်သည်။ ကိုယ်တော်က လုံခြုံစွာ ကျွန်တော့်ကို ခေါ်ဆောင်ခဲ့ပါပြီ။ဤလမ်းအတွက် ကိုယ်တော်ကို ကျွန်တော် ယုံကြည်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် ကြွလာတော်မူပါကသူကသင့်ကို လမ်းပြ၍ဦးဆောင် သွားပါမည်။ ....

91 ၉၁။ မိတ်ဆွေတို့ကျွန်တော် ယနေ့ဘယ်နေရာကို ရောက်နေကြောင်းကျွန်တော့်ကိုခေါ် ဆောင်လာပြီဖြစ်ပါသည်။ ကျွန်တော် ဘာလဲဆိုတာ ဖြစ်လာပါပြီ။ သင့်အားဝမ်းမြောက်စွာဖြင့် မိတ်ဆက်ပေးနိုင်ပါသည်။ ကျွန်တော်သိသော တစ်ဦး တည်းသောလမ်းပြဖြစ်ပါသည်။ဤကမ္ဘာမြေကြီးပေါ် (သို့) အထက်မှာဖြစ်ပါသည်။ ကျွန်တော် အမဲလိုက်သွားစဉ် သူက ကျွန်ုပ်၏လမ်းပြဖြစ်ပါသည်။ ကျွန်တော် ငါးသွားမျှားစဉ် သူသည် ကျွန်တော်၏လမ်းပြ ဖြစ်ပါသည်။ တစ်စုံတစ်ဦးကိုကျွန်တော် စကားပြောသောအခါ သူသည် ကျွန်တော်၏လမ်းပြ ဖြစ်ပါသည်။ ကျွန်တော် တရားဟောသောအခါသူသည် ကျွန်တော်၏လမ်းပြ ဖြစ်ပါသည်။ ကျွန်တော် အိပ်သောအခါ သူသည် ကျွန်တော်၏လမ်းပြ ဖြစ်ပါသည်။

ကျွန်တော်သေရန်လာသောအခါ သူကမြစ်ကမ်းနားမှာ ရပ်နေမည် ဖြစ်ပါသည်။ သူက ကျွန်တော့်ကို လမ်းပြသွားပါမည်။ကျွန်တော် ဘာမကောင်းမှုကိုမှ မကြောက်ပါ။အကြောင်းမူကား ကိုယ်တော်သည် ကျွန်ုပ်နှင့်အတူရှိတော်မူသောကြောင့် ဖြစ်ပါသည်။ ကိုယ်တော်၏ လှံတံတော်နှင့် ကိုယ်တော်၏ တောင်ဝှေးတော်သည်ကျွန်ုပ်ကို လမ်းမှားသို့မရောက်စေရန် ပြင်ဆင်ပေးပြီး မြစ်ကိုကျော်သွားရန် လမ်းပြပါမည်။

ဆုတောင်းကြပါစို့။

92 ၉၂။ ကောင်းကင်ဘုံရှင် အဖခမည်းတော်၊ ကျွန်တော် လမ်းပြအတွက်အလွန်ပင် ကျေးဇူးတင်ပါသည်။ အိုအဖ၊ တစ်ခါ တစ်ရံမှာ ကိုယ်တော်ကို ကျွန်တော်၏ အနီးအနားမှာမကြားရပါ။ ကျွန်တော် ခြောက်ခြားမိပါသည်။ ကိုယ်တော်၊ ကျွန်တော် နှင့် နီးလိုပါသည်။ အဘယ်ကြောင့်ဆိုသော် မြစ်ပေါ်တွင် ဘယ်အချိန်မှာ ပြေးတက်သွားသည်ကို မသိသောကြောင့်ဖြစ် ပါသည်။ကိုယ်တော် ကျွန်တော့်အနီးအနားမှာ ကျွန်တော် ရှိစေလိုပါသည်။ ကျွန်တော့်ကို ပစ်မသွားပါနှင့်ကိုယ်တော် ကျွန်တော်စကားမပြောနိုင်ပါ။ ကျွန်တော် တရားမဟောနိုင်ပါ။ တောထဲမှာ အမဲမလိုက်နိုင်ပါ။ကမ်းနားမှာ ငါးမဖမ်းနိုင်ပါ။ ကားမမောင်းနိုင်ပါ။ ကိုယ် တော်မပါဘဲ ကျွန်တော် ဘာတစ်ခုမှမလုပ်နိုင်ပါ။ ကိုယ်တော်သည် ကျွန်ုပ်၏လမ်းပြဖြစ်သည်။ ယနေ့ည ဤပရိတ်သတ်ကို ဤသို့ ပြောရန်ကျွန်တော် မည်မျှဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါမည်နည်း?ဤအရာများအား လုံးမှာ ကိုယ်တော် ကျွန်ုပ်ကို မည်သို့လမ်းပြပါသ နည်း¿ ကိုယ်တော် ကျွန်ုပ်ကိုမည်သို့ဆောင်ယူခဲ့ပါသနည်း?

တစ်နေ့ကကျွန်တော် စဉ်းစားနေမိပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က လမ်းပေါ်မှာ မတ်တပ်ရပ်လျှက်ရှိပါသည်။ကျွန်တော်၏ မိသားစုက အမှားလုပ်မိသောကြောင့် ဘယ်သူမှ ကျွန်ုပ်ကို စကားမပြောတော့ပါ။ မိဿဟာယအတွက်ကျွန်တော့်မှာ အဖေါ်မဲ့လျှက် ရှိပါသည်။ ဘယ်သူမှ ကျွန်ုပ်နှင့် ဘာမှလုပ်လိုစိတ် မရှိကြပါ။သူတို့ပြောဆိုသည်မှာ သူ့ဖခင်က တော့ အရက်ပုန်းသမား ဖြစ်ပါတယ်။ ကိုယ်တော်က ကျွန်တော့်အားမည်သူမျှ စကားမပြောကြကြောင်း တွေ့မြင်သည်။ ကျွန်တော် လူများကို ချစ်ပါသည်။ သို့သော်လည်းတစ်နေ့သောအခါမှာ ထိုလိုင်းကို ကျွန်တော် ဖမ်းမိသောအခါ၊ ယခုကျွန်တော် စဉ်းစားမိပါသည်ကိုယ်တော်၊ ကျွန်တော်ထွက်ပြေး၍ တောထဲသို့သွားရမည်။ အနည်းငယ် နားရမည်။ ဘာလုပ်ခဲ့သလဲ? ပုဂ္ဂိုလ်ရေးမဟုတ်ပါ။ပညာရေး မဟုတ်ပါ။ ကျွန်တော့်မှာ ဘာမှ မရှိပါ။ သို့သော် ကိုယ်တော် ဖြစ်ပါသည်။ ကိုယ်တော်ပင်ဖြစ်ပါသည်။ ပစ်မှတ်ကို သုံ့ညဖြစ်ရန် ကိုယ်တော် ခွင့်ပြုခဲ့သည်။ ငါးကြီးဖမ်းမိရန် ကိုယ်တော်ကျွန်ုပ်ကို ခွင့်ပြုခဲ့ပါသည်။ အကြောင်းမှာ ကျွန်တော် ဘာလုပ်လိုကြောင်း သင်တို့သိသောကြောင့်ဖြစ်ပါသည်။ ကိုယ်တော် ကျွန်ုပ်အား ဖခင်များနှင့်မိခင်များ ပေးခဲ့ကြပါသည်။ ညီအစ်ကိုမောင်နှမများ ပေးခဲ့ကြပါသည်။ ကျွန်ုပ်အား ကျန်းမာရေးကို ပေးခဲ့ပါသည်။ ဇနီးသည်လည်း ပေးခဲ့သည်။မိသားစုလည်း ပေးပါသည်။ ကိုယ်တော်သည် ကျွန်ုပ်၏လမ်းပြဖြစ်ပါသည် ကိုယ်တော်၊ ကိုယ်တော်၏လက်ကို ကိုင်ပါရစေ။ လက်မလွတ်ပါနှင့် ကိုယ်တော်၊ လက်တစ်ဖက်က ညောင်းသွားပါက ကျွန်တော်လက်ပြောင်းပါမည်။ ကူညီမစတော်မူပါကိုယ်တော်၊

93 ၉၃။ ဤအထဲမှာ ရှိသူတစ်ဦးစီသည် ထိုအသက်တာတိုင်းကိုဆွဲကိုင်မိ၍ သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ကျွန်ုပ်တို့၏အသက်တာကို ရရှိပါစေ။ အသက်ပေးသောအရင်းအမြစ်ဖြစ်ပါသည်။ ထိုပျော်ရွှင်ဘွယ်ရာ နေရာသို့လမ်းပြတော်မူ၍ ဘဝ၏ ပင်ပန်းမှုများ ပြီးဆုံး၍လောကအလုပ်များပြီးဆုံးမည်ဖြစ်ပါသည်။ ထိုအခါ အသက်အရွယ် အိုမင်းမစွမ်း ဖြစ်ခြင်း မရှိတော့ပါ။ ဖျားနာသူများလည်းမရှိတော့ပါ။ ပင်ပန်းသောညများ မရှိတော့ပါ။ ငိုကြွေးခြင်းနှင့် ဆုတောင်းခြင်းများ မရှိတော့ပါ။ပလ္လင်နားမှာ ဆုတောင်းခံခြင်းလည်း မရှိတော့ပါ။ ထာဝရ ထိုနေရာမှာ နုပျိုနေကြပါမည်။ ဖျားနာခြင်းနှင့်ကြေကွဲဝမ်းနည်းခြင်းများလည်း မရှိတော့ပါ။ အပြစ်လည်း မရှိတော့ပါ။ ခေတ်အဆက်ဆက် ဘုရားသခင်၏ဖြောင့်မတ်ခြင်း၌ ကျွန်ုပ်တို့အသက်ရှင်ရပါမည်။ လာမည့်နှစ်များသာမက ဆုတ်ယုတ်မှုမရှိသောထာဝရကာလအထိ ဖြစ်ပါသည်။ ချပေးသနားတော်မူပါအဖ၊

ယခုအခါမှာအဖဘုရား၊ ယနေ့ည ဤအထဲမှာ တစ်ခါမှဘဝလမ်းကြောင်းကို မ ဆုတ်ကိုင်မိသူရှိပါက ယခုအခါမှာပင်သူကို တွေ့ရှိပါစေ။ လမ်းပြသော သန့်ရှင်းသောဝိညာဉ်တော်က ....ကျွန်ုပ်၏နှလုံးသားထဲမှကျွန်ုပ်ပြောနိုင်သည်မှာ ကိုယ်တော်၏ နှုတ်ကပတ်တော် ကျွန်ုပ်လက်ပေါ်မှာ အမြဲတမ်းမှန်ကန်လျှက်ရှိပါသည်။ ကြိမ်ဖန်များစွာ ကျွန်တော်မှား ယွင်းခဲ့ပါပြီ။ သို့သော်ကိုယ်တော်ရှင် မှန်ကန်ပါသည်။ ကျွန်ုပ်နှင့်အတူ ရှိတော်မူပါကိုယ်တော်၊ ကိုယ်တော်နှင့်အတူနေပါရစေ။ ဤအထဲမှာ ရှိသူများစွာတို့ယနေ့ည ကိုယ်တော်ကို မသိသူများ ကိုယ်တော်၏ မပြောင်းလဲနိုင်သောလက်တော်ကို ဆွဲကိုင်၍ လမ်းပြမှု ခံယူနိုင်ပါစေ။

94 ၉၄။ တစ်နေ့သောအခါမှာ ကျွန်ုပ်တို့မြစ်ထဲသို့ရောက်သွားကြပါသည်။ထိုမနက်မှာလည်း မြူချေဆိုင်းနေပါမည်။ ပင်လယ်အိုကြီး လှိုင်းခတ်သံမြည်၍ ယော်ဒန်မြစ်အိုကြီးလည်းဖြတ်သန်းသွားသူများဖြင့် ကျွန်ုပ်တို့အထဲမှ သေခြင်းတရား အသက်ကို နုတ်ယူသွားပါမည်။ သို့သော်လည်းဘုရားသခင်၊ ကျွန်ုပ်.ကျွန်ုပ် မကြောက်ရွံ့ပါ။ လွန်ခဲ့သော အချိန်ကြာ မြင့်စွာကပင် ကျွန်တော်ဖြေရှင်းခဲ့ပြီးဖြစ်ပါသည်။

ကျွန်တော်က ခေါင်းဆောင်ကိုဖြုတ်၍ စစ်သူကြီး အဖြစ် လှည့်ပတ်ပြီးလမ်းကို ပြန်လှည့်ကြည့်ပြီး ထိုလမ်းမှာလည်း ကျွန်ုပ်ကို လမ်းပြခဲ့ပြီး ဖြစ်ပါသည်။ တောများအားလုံးကိုကြည့်၍ကျွန်တော် ဖြတ်သွားသမျှ ထိုလမ်းကြိုလမ်းကြား မကျန် ကျောက်ပုံတိုင်းကိုလည်း ဖြတ်ကျော်ပြီးထိခိုက်မှုရှိသော်လည်း ဝါယာကြိုး ကိုကိုင်ထား ဆဲဖြစ်သည်။ ကိုယ်တော်ပြောခဲ့သည့်အတိုင်းကဗျာဆရာကလည်း ပြောခဲ့ပါသည်။ အချို့မှာ ရေကိုဖြတ်၍အချို့မှာ ရေလွှမ်းမိုးမှုများကို ဖြတ်ကျော်၍ အချို့မှာ နက်နဲသောအခက်အခဲများ ဖြစ်သည်။သို့သော် အားလုံးမှာ သွေးအား ဖြင့် ဖြစ်ပါသည်။ ကျွန်တော် ငါးအိုကြီးကို ယူဆောင်လိုပါသည်။လမ်းတစ်လျှောက် ကျွန်တော့်ကို ကာကွယ်ခဲ့သောငါး ဖြစ်သည်။ ငါးအိမ်ထဲပြန်ထည့်၍ ဟစ်အော်လိုပါသည်။“အဖ၊ ယနေ့မနက် လှေတစ်စီးလွှတ်ပေးပါ။ ကျွန်တော် အိမ်ပြန်လာ ပါမည်။” ကိုယ်တော် ထိုနေရာမှာရှိပါသည်။ ကိုယ်တော်ကို ဂတိပြုခဲ့ပါသည်။ ကိုယ်တော် မဆုံးရှုံးနိုင်ပါ။

ယခုဤနေရာတွင် ရှိသူတိုင်းကို ကိုယ်တော်ကောင်းချီးပေးပါ။ ဤလိုင်းကို သူတို့မကိုင်တတ်ပါကလုံးဝမထိပါစေနှင့်။ သန့်ရှင်းသောလက်များ ယခုမြှောက်ကြပါ။ လိုလားသောလက်များ၊ ဆန္ဒရှိသောလက်များ၊အသက်တာလိုင်းကို ထိပြီး သူတို့၏နှလုံးသား ဆန္ဒကို သူတို့အား ချီဆောင်၍ ပြည့်စုံသောငြိမ်သက်ခြင်းနှင့် ရောင့်ရဲခြင်း၊ ခရစ်တော်၌ နားနေခွင့်ကို ပေးပါစေ။

95 ၉၅။ ခေါင်းငုံ့လျှက် လက်များကိုမြှောက်ပြီး ကျွန်ုပ်လက်ကိုကိုင်တော်မူပါဟု ဆိုပါ။အို.ဘုရားကောင်းချီးပေးပါစေ။ လမ်းမှာ ပိုမိုဆိုးရွားလာပါက တန်ဘိုးရှိသောကိုယ်တော် အနီးအနားမှာ အလင်းပြတော်မူပါ။

ကျွန်ုပ်၏ အသက်ပျောက်လုနီးပါးတွင်

မြစ်နားမှာ ကျွန်တော် ရပ်နေသည်။ ကျွန်ုပ်ခြေကိုလမ်းပြပါ။ လက်ကိုဆွဲကိုင်ပါ။

လက်ကိုဆွဲကိုင်၍ တန်ဘိုးရှိသောကိုယ်တော်ကျွန်ုပ်ကို လမ်းပြပါ။

ကျန်လူများရှိပါကလက်ကိုမြှောက်၍ဆိုပါ။ “ကိုယ်တော်ရှင် ယနေ့ည ကျွန်တော့် ဘဝလမ်းကို တို့ထိလိုပါတယ်။ ခရစ်တော် ကျွန်တော့်အပြစ်များကိုခွင့်လွှတ်ကြောင်းခံစား လိုပါတယ်။ ဤအချိန်မှစ၍ အသစ်သောသတ္တဝါ ဖြစ်လိုပါတယ်။” ဘုရား ကောင်းချီးပေးပါစေ၊ နောက်ထပ်တစ်ဦးက ဆိုပါစေ။ “ကိုယ်တော်ကို တို့ထိပါရစေကိုယ်တော် မိမိကိုယ်ကိုဆုံးရှုံးပါစေ၊”ဘုရားကောင်းချီးပေးပါ စေညီမ၊ “ကျွန်တော်အသက်တာကိုဆုံးရှုံး၍ ကိုယ်တော်၌ တွေ့ရှိပါစေ ကိုယ်တော်” ဘုရားကောင်း ချီးပေးပါစေ၊ ဘုရားကောင်းချီးပေးပါစေ၊ မှန်ပါသည်။ “ကျွန်တော့်ကိုယ် ကျွန်တော်ဆုံးရှုံး၍ ကိုယ်တော် မေ့ပျောက်ပါရစေ၊” ဘုရားကောင်းချီးပေးပါစေ ညီအစ်ကို “ကျွန်ုပ် လုပ်ပါရစေ၊ ..ဘုရား ကောင်းချီးပေးပါစေညီမ၊ ကျွန်တော် အသိတရားများ အားလုံး ဆုံးရှုံးသွားပါစေ၊” ဘုရား ကောင်းချီးပေးပါစေ ညီမ၊ သူလုပ်သော အစီအစဉ်များကို မယုံကြည်ပါနှင့်။ လမ်းပြနောက်သို့လိုက်ပါ။ကိုယ်တော်က သမ္မာတရားထဲ သို့ သင့်ကိုပို့ဆောင်ပါမည်။ “လမ်းပြပါ။ သခင် ယေရှု၊ လမ်းပြပါ၊”ဘုရားကောင်းချီးပေးပါစေ၊ လက်ထောင်တာတွေ အများကြီးပါ။ ကယ်တင်ခြင်း လိုလားကြပါတယ်။ ယခုကျွန်တော်တို့၊

ပလ္လင်ဒီနေရာမှာရှိပါသည်။ ပလ္လင်လို့ခေါ်မရတော့ပါ။ အကြောင်းမှာ လူများအား လုံးအပေါ်မှာ ထိုင်နေသောကြောင့်ဖြစ်တယ်။ သို့သော် ထိုနေရာမှာ ကိုယ်တော်ရှိပါသည်။သင်လက်မြှောက်လိုက်သောအခါမှာ ကောင်းသည့်အရာကိုသင်သိပါ သည်။ သင့်နှလုံးသားထဲမှာ တစ်စုံတစ်ခု ဖြစ်လာပါပြီ။ ယေရှုမိန့်တော်မူသည်မှာကျွန်ုပ်၏စကားများကို ကိုယ်တော်ကြားပါက စေလွှတ်တော် မူသောသူကိုလည်း ယုံကြည်လျှင် ထာဝရအသက်ကိုရပါမည်။သင်တစ်ကယ်ပြောတာလား? ဒီနေရာမှာ ရေပြည့်နေသော ရေကန်ရှိပါ သည်။ ဗတ္တိဇံခံ ရန် အချိန်များစွာရှိပါသည်။ ဆုတောင်းကြပါစို့။

96 ၉၆။ ကောင်းကင်ဘုံရှင်အဖ၊ ယနေ့ည ဤကျိုးပဲ့သော သတင်းစကားလေးမှာကျယ်လောင်ကြမ်းတမ်းသော အသံမှတစ် ဆင့် သန့်ရှင်းသောဝိညာဉ်တော်က တစ်နေရာရာသို့ရောက်ရှိသွားစေရန်ပြုလုပ်ပေးပါသည်။ ရည်ရွယ်ချက်ရှိသော နေရာသို့ရောက်၍ ယနေ့ည လူပေါင်းများစွာရှိပါသည် ကိုယ်တော်၊ လူ (၁၅၂၀)ခန့် လက်မြှောက်ကြပါသည်။ လမ်းပြလို ကြောင်း ဖေါ်ပြသည်။ သူတို့ကိုယ်သူတို့ အရှုံးလုပ်နေကြောင်းသူတို့သိပါသည်။ ငါတို့ဘာမှ မဖြစ်ပါဘူး။ ဟုပြောရန် ကြိုးစားနေကြသည်။ သို့သော် နက်ရှိုင်းသောနေရာက မဟုတ်ကြောင်း ပြောနေပါသည်။ ကိုယ်တော်ကို သူတို့ခံစားလိုကြ ပါသည် ကိုယ်တော်၊လမ်းပြကို လိုလားကြပါသည်။ လက် မှတ်ထိုးလိုကြသည်။ သင်ဘယ်တော့မှ ပို၍ မသွားပါ။ ဤခရီးစဉ်အတွက် လက်မှတ်ထိုးကြပါသည်။ ဘယ်ကိုသွားရမှန်း မသိကြပါ။ ဘယ်သူမှလည်း ခေါ်မသွားတတ်ပါ။ကိုယ်တော် တစ်ပါး တည်းသာရှိသည်။ သူတို့သည် ဘုရားပွဲ့ပိုးပေးသောလမ်းပြ၊ သန့်ရှင်းသောဝိညာဉ်တော်ကို လိုအပ်သည်။ သူတို့လက်မြှောက်ကြသည်။

97 ၉၇။ အို သန့်ရှင်းသောဝိညာဉ်တော်နှင့်လမ်းပြ၊ သူတို့အပေါ်ဆင်းသက်တော်မူပါ။အပြစ်များကို ခွင့်လွှတ်ပါ။ အပြစ်တစ်ခုစီကို မေ့ပျောက်ပစ်ပါ။ ယနေ့ည ခရစ်တော်၏ ခန္ဓာကိုယ်ထဲသို့ယူဆောင်သွားပါ။ ထိုနေရာမှာ ဘုရားရှင်၏ စီးကြောင်း ထိုလိုင်းမှစီး၍ ယော်ဒန်မြစ်သို့သူတို့အား ပို့ဆောင်ပေမည်။ ယော်ဒန်ကိုဖြတ်၍ ဂတိတော်ပြည်သို့ရောက်ပါမည်။ နှုတ်ကပတ်တော်နောက်မှသူတို့ ဖြောင့်တန်းစွာ လိုက်ပါပါစေ၊ နှုတ်ကပတ်တော်က “နောင်တရ၍ ယေရှုခရစ်တော်၏ နာမတော်မြတ်၌ဗတ္တိဇံကို ခံယူပါ။” သူတို့ အခြားလမ်းဖြင့် မကြိုးစားပါစေနှင့်။ နှုတ်ကပတ်တော်နောက်တည့်တည့်လိုက်ပါ စေ၊ ကိုယ်တော်က လမ်းပြမည့် တစ်ပါးတည်းသော ဘုရား ဖြစ်ပါသည်။ လမ်းပြကို ကိုင်ဆွဲမိရန်ထိုအဆင့်ဆင့်ကို တက်သွား ရပါမည်။ ချပေးတော်မူပါကိုယ်တော်၊ သူတို့ကို ကိုယ်တော်ရှင်ပိုင်တော်မူပါစေ၊ ကိုယ်တော်၏ လက်တော်ထဲမှာ သူတို့ရှိနေပါသည်။ ပြိုင်ပွဲနိုင်သူများကဲ့သို့မည်သူမှ သူတို့ကို လုမယူနိုင်တော့ပါ။ သူတို့ကို ကိုယ်တော် ဆောင်ယူမည်ဖြစ်ကြောင်း ကျွန်တော်ယုံကြည်ပါသည်။ ကယ်တင်ခြင်းရသူများကဲ့သို့ဖြစ်ပါသည်။ သူတို့လက်များကိုမြှောက်မည်ဟုကျွန်တော် ယုံကြည်ပါသည်။ တစ်စုံတစ်ဦးက သူတို့ကို စကားမပြောဘဲ သူတို့ဖာသာ သူတို့မပြုလုပ်နိုင်ပါ။ ထိုသူမှာ ကိုယ်တော် ပင်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့် လမ်းဖြစ်ပါသည်။

အချိန်နီးကပ်လာပြီကိုသူတို့တွေမြင်ရပါသည်။ မြေကြီးပေါ်သို့မြူမှုန်များ ကျလာပါသည်။ ကြီးမားလှသော ယုံကြည်ချက်များနှင့် အရာများက အတူတကွ ပေါင်းစည်းညီညွတ် လျှက်ရှိပါသည်။ အသင်းတော်များ အတူတကွပေါင်းစည်း ဖွဲ့စည်း ကြသည်။ အို.ဘုရားသခင် သူတို့မည်သို့ကြိုးစား၍ ပြောဆိုနေပါသနည်း?"ဒီမှာနေသမျှ အထူးလူတွေအားလုံး အလာစကာ ကို သွားကြရမယ်" ခြောက်လှန့်နေသော ဤအရာများအားလုံးကျွန်တော်တို့အတွက် အသစ်အဆန်း မဟုတ်တော့ပါ။ ကြီးမြတ်လှသော လမ်းပြကြီးက နှုတ်ကပတ်တော်၏လမ်းကိုကျွန်ုပ်တို့အား ပြညွှန်နေပါသည်။ ကျွန်တော်တို့မှာ ထိုနှုတ်ကပတ်တော်၏ အစိတ်အပိုင်းကိုဖြတ်ကျော် သွားရခြင်း ဖြစ်ပါသည်။

ခမည်းတော်ဘုရား၊ယနေ့ည ကိုယ်တော်ရှင် သူတို့ကို စကားပြောတော်မူပါ။ နှုတ်ကပတ်တော်၏ ဆုများအဖြစ် ကိုယ်တော်အား ကျွန်တော် ဆက်သပါသည်။ ယေရှုနာမ၌

98 ၉၈။ ယခု စားပွဲပေါ်တွင် ချထားသည်မှာ လက်ကိုင်ပုဝါဖြစ်ပါသည်အဖ၊ဖျားနာသူများအတွက် ဖြစ်ပါသည်။ ကလေးငယ် အချို့ မိခင်အချို့ ညီအစ်မအချို့ ညီအစ်ကိုအချို့ကဆံတိုးကလေးများဖြင့် ထိုးထားပါသည်။ ယခု ကျွန်တော်နှင့် နီးကပ်လာရန် မြောက်ကိုင်ထားပါသည်။သမ္မာကျမ်းစာတွင် ပေါလု၏လက်ကိုင်ပုဝါ၊ ခါးပန်း စသည်တို့ကို ယူပြီးအနာရောဂါ ခံစားနေရသူများကိုဆုတောင်းပေးသောအခါ ညစ်ညူးသောဝိညာဉ်များ လူတို့အထဲမှထွက် သွားသည်။ ယခု ကျွန်တော်တို့သိရပါသည်။ ကိုယ်တော် ပေါလုမှာ လူသားဖြစ်သည်။သာမန်လူသားသာ ဖြစ်သည်။ သို့သော် သူ့အပေါ်သက်ရောက်သော သန့်ရှင်းသောဝိညာဉ်တော်က လက်ကိုင်ပုဝါများအား ကောင်းချီးပေးခြင်း ဖြစ်သည်။သူတို့ယုံကြည်ကြခြင်းမှာလည်း သူသည် သင်တို့၏တမန်တော် ဖြစ်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ယခု ပေါလုမှာကျွန်ုပ် တို့ထံမှ ဆောင်ယူသွားခြင်း ခံရပါပြီ။သူသည် လမ်းပြမဟုတ်ပါ။ လမ်းပြက ကျွန်ုပ်တို့နှင့်အတူ ရှိနေဆဲဖြစ်သည်။ အဖဘုရားသခင် ဤလက်ကိုင်ပုဝါများကိုကောင်းချီးပေးပါဟု ကျွန်တော် ဆုတောင်းပါသည်။ လမ်းပြက သူတို့အားလက်နက်ချသောနေရာသို့ပို့ဆောင်ပါစေ။

99 ၉၉။ ဣသရေလလူတို့၏ လမ်းပြနောက်ကိုလိုက်သောအခါ ယော်ဒန်မြစ်သို့ရောက်လာပါသည်။ သို့မဟုတ် ပင်လယ်နီအ ထိ ရောက်လာသည်။ တစ်ဖန် အခု သူ တို့ ရပ်နားရသည်။ လမ်းပြကသူတို့ကို ပင်လယ်ထဲ ဆင်းခေါ်သွားပါသည်။ ဘာလဲ? သူ၏ဘုန်းတော်ကို ဖေါ်ပြရန်လား? မြော်လင့်ချက်များအားလုံးကုန်ဆုံးသွားသောအခါ ဘုရားသခင်က မီးတိုင်အားဖြင့် အောက်သို့ငုံ့ကြည့်သည်။ ပင်လယ်သေကြီးကပင်ကြောက်လှန့်၍ နောက်ပြန်ဆုတ်သွားသည်။ နှစ်ခြမ်းလိုမ့်သွား၍ လမ်းပေါ်လာပြီး ထိုလမ်းမှလျှောက်၍ဂတိတော်ပြည်သို့ရောက်သွားပါသည်။

ကိုယ်တော်အမှန်တစ်ကယ်ပင် ပြောင်းလဲခြင်းမရှိသော ကိုယ်တော်ပင် ဖြစ်ပါသည်။ ဤလူများ ခရစ်ယာန်ဖြစ်ကောင်းဖြစ်ပေမည်။ သူတို့သည် တစ်ဖန် လမ်းပေါ်ရောက် ကောင်းရောက်နေပေမည်။ သို့သော်လည်းသူတို့သည်ဒေါင့်ကပ်သော နေရာသို့ဆောင်ယူ ခြင်းခံရ၍ အနာရောဂါကသူတို့ကို ဒေါင့်ကပ်စေပါသည်။ ယနေ့ညသခင်ယေရှု၏အသွေး တော်အားဖြင့် ထိုနတ်ဆိုးမှာ ကြောက်လန့်သွားပေမည်။ သူနောက်ဆုတ်သွားပါမည်။သင်၏သားသမီးများ ကျန်းမာရေးကောင်းမွန်သွားမည့် ဂတိတော်ကို ဖြတ်ကျော်သွားရပေမည်။မစတော်မူပါအဖ၊ ကျွန်ုပ်၏ ခန္ဓာကိုယ်မှ သူတို့ကို စေလွှတ်ပါသည်။ ယေရှုနာမ၌ ဆုတောင်းပါသည်။

100 ၁၀၀။ ဤပရိတ်သတ်ကို ကိုယ်တော်ရှေ့သို့တင်မြှောက်ပါသည်။ယုံကြည်ခြင်းဖြင့် ကောင်းကင်ဘုံရှိ ကိုယ်တော်၏ ဘုန်းကြီးလှသော ပလ္လင်ပေါ်သို့တင်မြှောက်ပါသည်။ဖျားနာခြင်း ဆန္ဒတစ်ခုစီအတွက် ဘာဘဲမှားယွင်းခဲ့ပါစေ၊ ဘယ်နေရာ မှာဘဲဖြစ်ဖြစ်၊ သူတို့ဘဝများတွင်ဘာဘဲမှားမှား ဘုရားသခင် သန့်ရှင်းစေပါ။ ကိုယ်တော်အတွက် ဖြစ်စေပါ။ အနာရောဂါငြိမ်း စေပါအဖ၊ သခင်ယေရှုကို သေခြင်းမှ ထမြောက်စေသော တန်ခိုးတော်ကသူတို့ကိုအနာရောဂါ ငြိမ်းစေပါအဖ၊ သင်္ချိုင်းတွင်းမှ သခင်ယေရှုကို ထမြောက်စေသော တန်ခိုးကသူတို့၏ ပျက်စီးတတ်သော ခန္ဓာကိုယ်ကို ပြောင်းလဲစေပြီး ခရစ်တော်၌ အသစ်တစ်ဖန်ပြန်လည်ပြုပြင်စေတော်မူပါ။ သူတို့အား ကျန်းမာရေးကောင်းမွန်စေ၍ ကိုယ်တော်ကို အစေခံလိုသော ခွန်အားကိုပေးတော်မူပါ။

အိုသခင်ကျွန်ုပ်ကို သတိရတော်မူပါ။ ကျွန်ုပ်သည် ကိုယ်တော်၏ အစေခံဖြစ်ပါသည်။ ကျွန်ုပ်ကို ကူညီပါ။ဆုတောင်းရန် လိုအပ်သော နေရာမှာ ရပ်တည်နေစေပါ။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အားလမ်းပြ၍ ကျွန်ုပ်တို့အား အသုံးပြုစေ တော်မူပါ။ သခင်ယေရှုနှင့်မျက်နှာချင်းဆိုင် တွေ့ရသည်အထိကျွန်ုပ်တို့အား လမ်းပြတော်မူပါ။ ကိုယ်တော်ရှင် ကြွလာ တော်မူ၍ လေထဲမှာ တွေ့ဆုံရချိန်တိုင်အောင်ဖြစ်ပါသည်။ ယေရှုခရစ်တော်၏ နာမတော်မြတ်၌ ဆုတောင်းပါသည်။ အာမင်။

101 ၁၀၁။ ကိုယ်တော်ကို ကျွန်တော် ချစ်ပါသည်။ ကျွန်တော်....(သင်ကော?)

ကိုယ်တော်က ပထမ စ၍ချစ်သောကြောင့် ဖြစ်သည်။

ငါ၏ကယ်တင်ခြင်းကို ဝယ်ယူသည်။ ကားတိုင်ပေါ်မှာဖြစ်သည်။

သင်ကတစ်ဦးကိုတစ်ဦးမြင်နေရလျှက် မချစ်နိုင်လျှင် သင်မတွေ့မမြင်နိုင်သော ဘုရားသခင်ကို မည်သို့ချစ်နိုင်မည်နည်း? ယခု ကျွန်ုပ်တို့ "ကျွန်ုပ် ကိုယ်တော်ကို ချစ်သည်" ဟုသီချင်းဆိုပါကဘေးနားမှလူကို စိတ်နှလုံးပါလျှက် မေတ္တာနှင့် လက်ဆွဲ နှုတ်ဆက် ကြပါစို့။

ကိုယ်တော်ကို ကျွန်ုပ်ချစ်သည်။....

(ဘရာသာဗရမ်ဟမ်က သူ့နားမှလူများကို လက်ဆွဲနှုတ်ဆက်သည်။- အယ်ဒီတာ) ဘုရားကောင်းချီးပေးပါစေ၊ ဘရာသာနက်ဗီးလ်၊ (ပရိတ်သတ်က ဆက်လက်၍သီချင်းဆိုသည်။) ကရာနီကုန်းပေါ်မှာ

ယခု သင့်လက်များကို ကိုယ်တော်ထံသို့မြှောက်လိုက်ကြပါစို့

ကိုယ်တော်ကို ကျွန်ုပ်ချစ်သည်။ ကျွန်ုပ်ချစ်သည်.

ကိုယ်တော်က ပထမစ၍ချစ်သောကြောင့် ဖြစ်သည်။

ငါ၏ကယ်တင်ခြင်းကို ဝယ်ယူသည်။ ကားတိုင်ပေါ်မှာဖြစ်သည်။

102 ၁၀၂။ သီချင်းကောင်းတစ်ပုဒ်ကို သင်နားထောင်လိုပါသလား?အင်ဒီယားနပိုးလစ်မှ ဇဝံဂေလိသီချင်း ဦးဆောင်သူရှိ ကြောင်း ကျွန်တော် နားလည်ပါသည်။ သူကဲဒယ်လ်တဲတော်မှာသီချင်းဆိုကြောင်း ကျွန်တော် ယုံကြည်ပါသည်။ ဟုတ်ပါ သလား? ကောင်းပြီ ဆရာ၊ ထိုနေရာမှာကဲဒယ်လ်တဲတော်ဖြစ်ပြီး သူ၏နေရာဖြစ်ပါသည်။ အီးဟားဝပ်ဒ်ကဲဒယ်လ်ကို ဘယ် နှစ်ယောက် မှတ်မိပါသလဲ? အို. ဘုရားသခင်က သူ၏တန်ဖိုးရှိသောဝိညာဉ်ကို နားနေစေပါသည်။ လေထု၏ သာယာသော ငှက်သံမှာ ကျွန်တော် နားထောင် ကောင်းသောသူမ၏အသံဖြစ်သည်။ ကျွန်တော့်ဘဝတွင် သီချင်းဆိုသူများ အားလုံးထက် သာသောအသံရှင် မစ္စစ်ကဲလ်ဒယ်လ်ပင်ဖြစ်သည်။ သူမဆိုသောသီချင်းမှာ "ယနေ့မနက် သင်အခန်းထဲမှထွက်လျှင် ခရစ်တော်၏ နာမ၌ဆုတောင်းပါ။ ခရစ်တော်မှာကျွန်ုပ်တို့၏ ကယ်တင်ရှင်နှင့် ယနေ့ဒိုင်းလွှားကဲ့သို့ပင် ဖြစ်ပါသလား?"

103 ၁၀၃။ တစ်မနက်မှာ လမ်းတစ်ဖက်တွင် ဟောင်းနွမ်းသော နှစ်ခန်းသာရှိသည့်အိမ်က လေးတွင် ကျွန်တော် အိပ်ယာမှထ၍ မီးဖိုရန် အထဲဝင်သွားပါသည်။ မီးဖိုက မီးမွှေးလို့မရပါဘူး။စတင်ပြီး တစ်ဖန်မီးမွှေးပါသည်။ လေတိုက်လာသည်။ လေတိုက်သဖြင့် တစ်ဖန်မီး ငြိမ်းသွားပါသည်။ကျွန်တော် အေး၍ခဲမတတ်ဖြစ်နေပါသည်။ ကြမ်းပေါ်မှာ နှင်းများခဲနေ သည်။ ကျွန်တော်က ခြေဗလာဖြစ်နေသည်။ သတ္တုမီးဖိုကလေးကို မီးမွှေးရန် ကြိုးစား လျှက်နေပါသည်။ ထိုမီးဖိုကလေးပေါ်မှာ မီးဖိုပိုက်ရှိပါသည်။ကျွန်တော်က .... မီးဒါနှင့် ကျွန်တော်မှာ လက်ထပ်ပြီးခါစဖြစ်သည်။ ကျွန်တော် ကြိုးစား၍ထင်းချောင်းများ စိုနေပါသည်။ မီးမွှေး၍မရပါ။ကျွန်တော် ထိုင်ပြီးစဉ်းစားမိပါသည်။ "အို. ငါထပ်ပြီး လုပ်ကြည့် ဦးမယ်။" အလုပ်သွားပြီးအဲဒီ မီးဖိုဟောင်းကြီးကို ယပ်ခတ်ရမယ်။ ကျွန်တော် လှမ်း၍ရေဒီ ယိုကို ဖွင့်လိုက်သည်။သူမ၏ သီချင်းသံကို ကြားရသည်။ "ယနေ့မနက် သင်အခန်းထဲမှထွက်လျှင် ခရစ်တော်၏နာမ၌ ဆုတောင်းပါသလား?"ကျွန်တော် ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်သည်။" ကျွန်ုပ်တို့၏ ကယ်တင်ရှင် ခရစ်တော်၏နာမ၌ယနေ့ဒိုင်းလွှားကဲ့သို့ကာထား၍ ဆုတောင်းပါသ လား?" ထိုအမျိုးသမီး၏အသံကို ကြားရသည်မှာကောင်းမြတ်လှပါသည်။

104 ၁၀၄။ ကျွန်တော် မြစ်ကို ဖြတ်ကျော်သွားစဉ် မစ္စစ်ကဲလ်ဒယ်တစ်ဖက်ကမ်းမှာ ထိုင်နေမည်ဟု ယုံကြည်ပါသည်။ ကျွန်တော် အမြဲတမ်းချိန်းဆိုမှု ပြုလုပ်ပါတယ်။မြစ်၏ ဤတစ်ဖက်ကမ်းမှာ ထာဝရစိမ်းလန်းသော သစ်ပင်ရှိသည်။ အသက်ပင်ဖြစ်သည်။ မြစ် တစ်ဖက်ကမ်းတွင်နေ့ရောညပါ ကောင်းကင်တမန် သံစုံသီချင်းသံ ကြားရပါသည်။ ထိုနေရာမှာ ညမရှိပါ။ တစ်နေကုန်သီချင်းဆို နေမည်။ နေရာရှာ၍ နောက်ဖက်မှာထိုင်နေပြီး နားထောင်ပါ။ မစ္စစ်ကဲလ်ဒယ် သီချင်းဆိုနေသည်ကိုကြားရမည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ကျွန်ုပ်တို့၏ညီအစ်ကိုကို ဘုရားကောင်းချီးပေးပါစေ၊ သူ့နာမည်ကို ကျွန်တော်မေ့ သွားပါပြီ။ နာမည်ဘယ်လိုလဲ?(ညီအစ်ကိုက "နက်ဗူးလ်မင်း" ဟုဆိုပါသည်။ -အယ်ဒီတာ) ဘရာသာနက်ဗူးလ်မင်းက ယခု သင့်အတွက်သီချင်းဆိုပေးပါ မည်။ ဘရာသာ နက်ဗူးလ်မင်း ယနေ့ည ခင်ဗျားဒီမှာရှိနေလို့ဝမ်းသာပါတယ်။(ဘရာသာဗူးလ်မင်း သီချင်းဆိုသည်။ ငါ့စိတ်နှလုံး၏ ဝတ်ပြုရာအဆောင်)

MESSAGE hub online
www.messagehub.info

ဒေသနာ ဝေငှသူ

ဝီလီယမ် မာရီယမ် ဗရမ်ဟမ်

"... နေ့ရက်များ၏ ကြွေးကြော်သံ ... " (ဗျာဒိတ် ၁၀:၇)